

www.burmeseclassic.com
အလှမ်းဝေး
ပန်းကလေး
ဖွေးဖြူလွ
မွှေးကြူမရ
တမ်းတရင်း
တမ်းတရင်းနဲ့
BURMESE CLASSIC
အိပ်မက်ထဲထိလိုက်မွှေးတဲ့
ပန်းမှုံလေး
www.burmeseclassic.com



အိပ်မက်ထဲထိလိုက်မွေးတဲ့

# ပန်းပွင့်လေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၃၈၁၁၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၆၁၄၅၉၁၂၀၇

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် ချိုတေးသံစာပေ၊
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့၊ ဥ၊ မင်္ဂလာဒုံ။

အတွင်းနှင့်အဖုံးပုံနှိပ်
ဒေါ်စင်သီတာ(၀၀၂၈၆)
ကောင်းဒီပုံနှိပ်တိုက်၊၄၂၃လမ်း
ပန်းဘဲတန်း၊ရန်ကုန်။
ပထမအကြိမ်
၂၀၀၀ခုနှစ်၊ဖေဖော်ဝါရီလ၊
အုပ်ရေ – ၅၀၀
တန်ဖိုး – ၅၀၀ကျပ်

## သဇင်တမ်းချင်း

❀ ကိုမြတ်တောင့်လှမ်းမမီနိုင်တဲ့
ဟိုအမြင့်ဆုံးအရပ်က
မြတ်ပန်းသဇင်...

❀ အားမတန်လို့
ဇာန်လျှော့မယ်တွေးတော့လည်း
ကိုမြတ်ထဲအထိ
လှပမွှေးမြ...
တမြတ်မြတ်တိတိ
နှိုးဆွပြန်ရ. ...

❀ နှလုံးသားကို ဆုံးမ မရလို့
မရအရ လှမ်းချူပြန်တော့လည်း
လက်တံရှည်ရှည်လူများ
အင်အားချင်းမမျှမှန်းသိတော့
တမ်းတရင်း...
တမ်းတရင်း...။

သူရဲကောင်းစာဆ

www.burmeseclassic.com

## ... အခန်း (၁) ...

မော့ကြည့်လိုက်စဉ်အခိုက် ဝိတောက်ပင်ကြီး၏ ကိုင်းမြင့်ထက်ဆီမှ တီတီတာတာ အော်မြည်နေသော ငှက်ကလေးတစ်ကောင်ကို 'ထက်ခေါင်' တွေ့မြင်လိုက်ရသည်။ ငှက်ကလေးက ဘယ်သူ့ကိုမှ ရှုခိုက်ခြင်းမရှိ။ စိုးရွံ့ခြင်းမရှိ။ ပူပင်ခြင်းမရှိ။ ချုပ်နှောင်ခြင်းကင်းသော လွတ်လပ်ခြင်းမျိုးဖြင့် အတောင်ကလေးတစ်ဖျပ်ဖျပ် အမြီးကလေးတန့်န့်နှင့် အော်မြည်နေလေသည်။

ထက်ခေါင် ငှက်ကလေးကို မော့ကြည့်နေရင်း သူလေးဘဝကို အားကျချင်သလို ဖြစ်လာသည်။

နံနက်စောစောဖြစ်နေခြင်းကြောင့်လည်း သူ့မျက်နှာကို တော ရောက်ထိတွေ့နေသော လေပြေက လတ်ဆတ်စိုစွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကလေးက အော်မြည်ရင်း ကိုင်းဖျားတစ်ခုမှ တစ်ခုဆီသို့ ခုန်ဆွခုန်ဆွဖြင့် ကူးနေပြန်သည်။

ထက်ခေါင် ငှက်ကလေးကို လိုက်ကြည့်နေမိသည်။

ဘာရယ်မဟုတ် ငှက်ကလေးကို လိုက်ကြည့်နေရင်းမှ အလိုလို နေရင်း ရင်ထဲကို ဝေဒနာတစ်ခုက တိုးဝင်လာသည်။

"အော်... ငါ့ဘဝက ဒီငှက်ကလေးတစ်ကောင်ရဲ့ ဘဝမျိုး တောင် ပိုင်ဆိုင်ခွင့်မရပါလား" ဟူသော အတွေးကလည်း ချက်ချင်း ဝင်ရောက်လာပြန်သည်။

အေးမြမြ လေပြေကြားမှ ထက်ခေါင် အပူသက်ပြင်းတစ်ချက် ကို ရှိုက်လိုက်မိသည်။

ထိုအခိုက်တွင်ပင်-

"ထက်ခေါင် ဟဲ့.. ထက်ခေါင် အံမယ်လေး ခေါ်မကြား အော်မကြားနဲ့ ဟဲ့... ခေါ်နေတာကြားလား၊ မနက်စောစောစီးစီး ငါ မပြောလိုက်ချင်ဘူး"

တိုက်အိမ်ကြီးအပေါက်ဝဆီမှ စူးစူးဝါးဝါးထွက်ပေါ်လာသော ဒေါ်မေသက်၏ အသံကြောင့် ထက်ခေါင်ပုံပင် ပီပြင်မှုမရှိသေးသည့် အတွေးစများ တစ်စစီ လွင့်ပျောက်ပျက်သွားလျက်...။





"ခင်... ခင်ဗျား လာပါပြီ မေမေကြီး" ဟု ယူးကာ တိုက် ပေါက်ဝဆီသို့ အပြေးသွားရောက်လိုက်ရတော့သည်။

အနီးရောက်တော့ ဒေါ်မေသက်က သူ့ကို ခါးထောက်က အလိုမကျသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။ သူကလည်း ဒေါ်မေသက်၏ ရှေ့သို့ ရောက်သည်နှင့် နှစ်ပေါင်းများစွာ အသားကျ လာခဲ့သော ပုံစံအတိုင်း ခြေစုံရပ်ကာ ဦးခေါင်းကို ငုံ့ထားလိုက်မိသည်။

"နင် အဲဒီအပင်အောက်သွားပြီး ဘာသွားလုပ်နေတာလဲဟင်၊ တကတည်း မနက်လင်းလို့ မျက်စိနှစ်လုံးမပွင့်လိုက်နဲ့ ပြောစရာနဲ့ ဆိုစရာချည်းပဲ၊ ဒါကြောင့်မို့ပြောတာပေါ့ မရှိတာထက် မသိတာခက် တယ်ဆိုတာ"

"ဟို... ကျွန်...ကျွန်တော် ပန်းပင်တွေ အကုန်လုံးရေလောင်း ပြီးပါပြီ မေမေကြီး" ထက်ခေါင် မဝံ့မရဲဖြင့် ပြောလိုက်မိသည်။

"ပြောလိုက်ရင်တော့ ဆင်ခြေဆင်လက်နဲ့ ပန်းပင်တွေ ရေ လောင်းပြီးတော့ရော နောက်လုပ်စရာအလုပ်တွေ မရှိတော့ဘူးလား၊ နင့်ကို ထမင်းကျွေးထားတာ ဒီလိုဟိုယောင်ယောင် ဒီယောင်ယောင် အလကားနေဖို့ မဟုတ်ဘူးဟဲ့ နားလည်ရဲ့လား"

ဘာမှပြောခွင့်မရှိသောဘဝမို့ ထက်ခေါင် နှုတ်ဆိတ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကာ နေလိုက်ရတော့သည်။ တကယ်ဆို ဒီအိမ်ကြီးမှာ ဘယ်သူမှ မနိုးခင် မနက်အစောကြီး (၅) နာရီလောက်ကတည်းက သူ အိပ်ယာမှသကာ ခြံထဲရှိ ဗာရီယအလုပ်များကို လုပ်ကိုင်ပြီးနှင့်နေပြီဖြစ်၏။ အခုမှ သူတို့က အိပ်ရာထခြင်းဖြစ်၍ ထထခြင်းပင် သူ့အပေါ်၌ အခုလို အပြစ်ရှာဆူပူနေခြင်းပဲ ဖြစ်သည်။

"ဟဲ့… ငါပြောတာကို ကြားရဲ့လား"

"ဟုတ်…ဟုတ်ကဲ့ ကြားပါတယ်"

"အေး… အခုကတည်းက ပြောထားလိုက်မယ် ဒီမှာ…"

"မေသက် ဘာဖြစ်နေကြတာလဲကွာ၊ မနက်စောစောစီးစီး"

နောက်ဘက်မှ ရောက်လာသည့် ခင်ပွန်းသည် ဦးကျော်ဇေယျ အသံကြောင့် ဒေါ်မေသက် ပြောလက်စ စကားတန့်သွားရသည်။ ဦးကျော်ဇေယျက တိုက်နောက်ဖေးအပေါက်၏ လှေကားခုံရင်းအပြင်ဘက်တွင် ခေါင်းငုံ့ကာရပ်နေသည့် ထက်ခေါင်ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ ဒေါ်မေသက်ကို ကြည့်ကာ စိတ်မသက်မသာဖြစ်သွားသော ဟန်မျိုးဖြင့်…

"မင်းမလည်း တစ်နေ့ တစ်နေ့ ထက်ခေါင်ကိုပဲ မာန်မဲဖို့ စဉ်းစားနေတော့တာပဲ၊ ကဲ…ကဲ…မောင်ထက်ခေါင်လုပ်စရာရှိတာ





သာ သွားပြီးလုပ်တော့ကွာ"

သူ ဟုတ်ကဲ့ဆိုသော စကားကိုပင် မပြောနိုင်တော့ဘဲ ရင်ထဲတွင် နင့်နင့်နင့် သူတို့ရှေ့မှ ထွက်လာခဲ့မိတော့သည်။

နောက်ပါတွင်မူ ဒေါ်မေသက်၏ ဦးကျော်ဇေယျအပေါ် မကျေနပ်ပြောဆိုနေသံများ လွင့်ပါးကာ ကျန်ရစ်ခဲ့လေတော့၏။

သူ့ခြေသံကြောင့် ကားကို ရေဆေးနေသည့် ဦးညိုကြီးက လှည့်ကြည့်သည်။ ရေစိုနေခြင်းကြောင့် စီးထားသောဆင်ကြယ်ဖိနပ်က လမ်းလျှောက်တိုင်း တကျွိကျွိမြည်နေလေသည်။ ဦးညိုကြီးက သူ့ကို မြင်သည်နှင့် ကွမ်းချိုးများဖြင့် မည်းချိတ်နေသည့် သွားအလုံးများကို ဖြီးကာ ပြုံးပြရင်း …

'ဘယ်နှယ့်လဲဟေ့ ထက်ခေါင်' ဟု လှမ်းမေးသည်။ ထက်ခေါင်မျက်နှာကို ရှုံ့မဲ့ရင်း ဦးခေါင်းကို ခါပြလိုက်သည်။ သဘောပေါက်သွားသော ဦးညိုကြီးက…

"ဟား…ဟား… မင်းနဲ့ ဒေါ်မေသက်တို့ကတော့ကွာ အရင်ဘဝက ဘယ်လိုရန်ဘက်တွေများ ဖြစ်လာခဲ့ကြသလဲ မသိပါဘူးကွာ။ မင်းဆို သူက အမြဲတမ်း အပြစ်ရှာပြီး မာန်မဲနေတော့တာပဲ"

ဦးညိုကြီးစကားကြောင့် ထက်ခေါင်ရင်ထဲတွင် နင့်ခနဲခံစား



www.burmeseclassic.com

www.burmeseclassic.com



သွားရလေသည်။

"အေးဗျာ… မမကြီးက ကျွန်တော့်ဆို အမြဲတမ်း အပြစ်ရှာတယ်။ ပြောလိုက်ရင်လည်း အမြဲတမ်း ရင့်ရင့်သီးသီးပဲ။ တစ်ခါတစ်ခါ ကျွန်တော် အရမ်းဝမ်းနည်းရတယ်"

ဦးညိုကြီး ထက်ခေါင်မျက်နှာကို ရယ်မောကာကြည့်နေရင်းမှ တည်သွားသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ရည်မွန်ခန့်သန့်နေသော ဒီကောင်လေးရုပ်ရည်က အမြင်ကပ်ချင်စဖွယ် ကြွပ်ဆတ်ဆတ် ထောင့်မကျိုးသော အမူအရာမျိုးလည်း တစ်စက်ကလေးမျှ မရှိ။

လူတိုင်းကို ခင်မင်ဖွယ်အပြုံးချိုချိုလေးနဲ့ အမြဲတမ်း ဆက်ဆံတတ်ပြီး လူတိုင်းမှလည်း နှစ်လိုခင်မင်ဖွယ်ဖြစ်သွားကြရလောက်အောင် ဘဝပေးရုပ်ချောချောလေးကို ပိုင်ဆိုင်ထားသည့် ဒီကောင်လေးကို ဘယ်လိုအကြောင်းနဲ့ ဒေါ်မေသက် မျက်မုန်းကျိုးနေသည်ကိုလည်း ဦးညိုကြီး စဉ်းစားမရ။

ထို့ထက် ထက်ခေါင်ဆိုသော ဒီကောင်လေးက 'ချမ်းမြေ့အိမ်' ရှိ အလုပ်သမားများအနက် အခုမှရောက်လာခဲ့သည့် လူအစ် တစ်ယောက်လည်းမဟုတ်။





ထက်ခေါင် 'ချမ်းမြေ့အိမ်' သို့ စတင်ရောက်ရှိခဲ့စဉ်က (၇) နှစ်သားကျော်ကျော်မျှသာ ရှိသေးမည်ထင်သည်။ အဲဒီအချိန်တုန်းက ဦးညိုကြီးကိုယ်တိုင်ပင် ဦးကျော်ဇေယျ၊ ဒေါ်မေသက်တို့ပိုင်ဆိုင်သည့် ဤ 'ချမ်းမြေ့အိမ်'ကြီးဆီသို့ ရောက်ခါစ ယခုလုပ်နေသည် ဒရိုင်ဘာအလုပ်ပင် မလုပ်ရသေး။ အဲဒီတုန်းက 'ချမ်းမြေ့အိမ်'၏ ဒရိုင်ဘာက ထက်ခေါင်လေးကို ခေါ်လာခဲ့သော အဘထွန်းပါပေ။ အဘထွန်းက တောတွင် မိဘနှစ်ပါးစလုံး ကွယ်လွန်သွား၍ ဒုက္ခရောက်နေသော မြေးဖြစ်သူ ထက်ခေါင်လေးအား သူနှင့်အတူ ခေါ်လာခဲ့ကာ ဦးကျော်ဇေယျ၊ ဒေါ်မေသက်တို့ထံတွင် ကလေးအား လက်ခံပေးရန် ခွင့်တောင်းခဲ့သည်။ ထိုအချိန် ဦးကျော်ဇေယျ၊ ဒေါ်မေသက်တို့မှလည်း သူတို့တွင်ရှိနေသော သမီးကလေး 'မိုးမြင့်သဇင်'နှင့် မတိမ်းမယိမ်း အရွယ်ဖြစ်သော ထက်ခေါင်လေးအား သားသမီးချင်း စာနာဂရုဏာဖြစ်၍ ဒရိုင်ဘာ အဘထွန်းနှင့်အတူ နေထိုင်ရန် ခွင့်ပြုခဲ့ကြသည့်အပြင် ကျောင်းစရိတ်ကိုပင် တာဝန်ယူခဲ့ကြသည်။ ဒီလိုနဲ့ ထက်ခေါင် (၈)တန်းအောင်သည့်နှစ်တွင် အဘထွန်း ဆုံးသွားခဲ့တော့သည်။ အဘထွန်းဆုံးသွားမှ လစ်လပ်နေသော ဒရိုင်ဘာနေရာကို ဦးညိုကြီး ရခဲ့ရသည်။ အဲဒီအချိန် ထက်ခေါင်လေးကလည်း ကြီးကောင်ဝင်ကာ



www.burmeseclassic.com

www.burmeseclassic.com



လွှားလာခဲ့ပြီ ဖြစ်သည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသချောမောသော ရုပ်သွင်လေးက တဖြည်းဖြည်းထင်ရှားလာခဲ့သည်။ ဦးညိုကြီး မှတ်မိသလောက်တော့ ထိုအချိန်မှစပြီး ထက်ခေါင်လေးအပေါ် ဒေါ်မေသက်မှ ဆက်ဆံရေးတွေ ပြောင်းလဲလာခဲ့ခြင်းပဲ ဖြစ်သည်။ ယခင် အရမ်းကြီး ရင်းနှီးဖော်ရွေခြင်း မဟုတ်တောင် ချိုချိုသာသာ ပြောဆိုဆက်ဆံတတ်သော ဒေါ်မေသက်သည် ထက်ခေါင်အား မျက်ခုံးကြီးတွန့်ကာ မုန်းတီးသောအကြည့်များဖြင့် ကြည့်လာတတ်သည်။ အနိုင်ထက်စီးနိုင်လွန်းလှသော စကားများဖြင့် အမြဲတမ်းစကားပြောရာတွင် ခက်ထန်မာကျောလာခဲ့သည်။ နောက် ထက်ခေါင် (၃၀) တန်းနှစ်နှင့် (၁၀) တန်းအောင်ပြီးသွားသောအချိန်၌မူ ထက်ခေါင်အပေါ် ဒေါ်မေသက်၏ ဆက်ဆံရေးက အဆိုးဝါးဆုံးဖြစ်လာခဲ့တော့သည်။ ထက်ခေါင်ကို ကျောင်းလည်း ဆက်ထားမပေးတော့ နေ့ရှိသရွေ့ အကြောင်းတစ်ခုမဟုတ်တစ်ခုရှာကာ အပြစ်ရှာ မာန်မဲ၍ ရန်သူတစ်ယောက်လို ဆက်ဆံလာခဲ့သည်မှာ ယနေ့အချိန်အထိပင် ဖြစ်တော့သည်။ အခုဆို ထက်ခေါင်ထက် တစ်တန်းငယ်သော မိုးမြင့်သစ်ပင် နောက်ဆုံးနှစ်တက္ကသိုလ်ကျောင်းသူကြီးဖြစ်နေပြီဆိုတော့ ထက်ခေါင်၏အသက်ကလည်း (၂၃) နှစ်ပင် ရှိရော့မည်။ ဒီကောင်မလေး





နဲ့ ဦးကျော်ဇေယျတို့ကတော့ ထက်ခေါင်အပေါ် မဆိုးရှာကြပေ။ ဒါပေမဲ့လို့လည်း သူတို့နှစ်ဦးလည်း အမိက ဒေါ်မေသက်ကို မလွန်ဆန်ဝံ့ကြသူများဆိုတော့လည်း…

"ဟင်း"

ဦးညိုကြီး တစ်ဒင်္ဂအတွင်း ပြန့်ကျဲသွားသော အတွေးများနှင့်အတူ သက်ပြင်းရှည်ကြီးကို မသိမသာချလိုက်မိတော့သည်။

ထိုအချိန် ထက်ခေါင်တစ်ယောက်ကတော့ ဦးညိုကြီး ဘာတွေတွေးနေသည်ကိုမသိ။ ထုံးစံအတိုင်း ကားရေဆေးသည့်အလုပ်ကို ဖင်ပေါ့ပါ့နှင့် ဝိုင်းကူလုပ်ပေးရင်း…

'ဒါပေမဲ့ မေမေကြီး ကျွန်တော့အပေါ်ကို ဘယ်လောက်ဆူဆူ ကျွန်တော် မေမေကြီးအပေါ်မှာ မေတ္တာမပျက်ပါဘူး။ သူတို့က ကျွန်တော့်ရဲ့ ကျေးဇူးရှင်တွေပဲ ဦးညိုကြီးရဲ့' ဟု ပြောရှာသည်။

ရုပ်ရည်သာမက စိတ်ဓာတ်ပါ မွန်ရည်ဖြူစင်လှပလွန်းသော ထက်ခေါင်ကို ကြည့်ကာ ဦးညိုကြီး ဒီကောင်လေးကို အတော်ပင် ဂရုဏာသက်သွားမိသည်။

"အေးကွာ… ကျေးဇူးသိတတ်ပြီး ဖြူစင်တဲ့စေတနာဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ မင်းကို ပြန်အကျိုးပေးမှာပါကောင်လေးရာ။ ဒါနဲ့ မင်း အခု ဘာမှမစားရသေးဘူး မဟုတ်လား"

"ဘယ်စားရသေးမှာလည်း ဦးညိုကြီးရာ၊ မနက်အစောကြီး ကတည်းက ကျွန်တော်ထပြီး ပန်းပင်တွေရေလောင်း၊ မြက်ပင်တွေ ရှင်းလုပ်နေတာ ဦးညိုကြီးရ"

"အေး… ဒါဆိုရင် ငါ့တဲထဲမှာ ပဲပြုတ်နဲ့ထမင်းကြော်ထား တာတွေ ရှိသေးတယ်ကွ သွားစားလိုက်ဦး၊ သွား…သွား ထက်ခေါင် ဒီအလုပ်ထားခဲ့ ငါ့ဟာငါ ဆက်လုပ်ထားလိုက်မယ်"

ထက်ခေါင် ရေပိုက်ခေါင်းကို ကိုင်ထားရင်း ငြင်းမယ်လုပ်ပြီးမှ ဦးညိုကြီးက လက်ထဲမှ ရေပိုက်ခေါင်းကို ဆွဲလုကာ အတင်းသွား နိုင်းနေသဖြင့် ဦးညိုကြီးကို တစ်ချက်ပြုံးပြကာ ရေစိုနေသော ပုဆိုး ကို ပြင်ဝတ်လိုက်သည်။ ပြီးမှ ခြေလှမ်းကျဲကြီးများဖြင့် ဦးညိုကြီး၏ ဒရိုင်ဘာတဲတန်းလျားလေးဘက်သို့ ထွက်ခွာလာခဲ့မိသည်။

ဦးညိုကြီး၏ ဝါးကပ်မိုးထရံကာ တဲတန်းလျားလေးဆီ ရောက် တော့ ထက်ခေါင်ရင်ထဲတွင် ဘာဘကို သွားအမှတ်ရမိသည်။ ယခင် က သူတို့မြေးအဖိုး ဒီတဲတန်းလျားလေးမှာ နေခဲ့ကြဖူးသည် မဟုတ်





ပါလား။

"သြော်… ဘာဘရယ် အခုတော့ ကျွန်တော့်ကို တစ်ယောက် တည်း လူ့လောကကြီးထဲမှာ စိတ်ချလက်ချ ထားပစ်ခဲ့ပြီး ဘာဘက တော့ အခုချိန် ဘယ်ဘဝ ဘယ်နေရာဆီများ ရောက်နေပြီလဲဗျာ"

သူ့စိတ်ထဲမှ ဘာဘကို တမ်းတမိလိုက်ရင်းမှ တစ်ဆက်တည်း ဘာဘမသေခင် မှာသွားခဲ့သော စကားများကိုလည်း သွားအမှတ်ရ မိလိုက်သည်။

"ကျော်ဇေယျနဲ့ မေသက်တို့အပေါ်မှာ လူလေး ဘယ်တော့မှ ကျေးဇူးမကန်းနဲ့ သူတစ်ထူးရဲ့ ကျေးဇူးကို သိတတ်ခြင်းဟာ မင်္ဂလာ တစ်ပါးပဲ လူလေး၊ တစ်ချိန်မှာ သူတို့ဟာ လူလေးအတွက် အထောက် အကူတွေ ပေးလာကြလိမ့်မယ်။ ဘာဘ မရှိတော့တဲ့အချိန်ကျရင်လည်း လူလေးအနေနဲ့ သူတို့ကိုပဲ မိဘအရာ သဘောထားပြီး ပြန်ပြီးကျေးဇူး ဆပ်နိုင်အောင်ကြိုးစား ကြားလား လူလေး"

ထက်ခေါင် ဘာဘရဲ့ ရုပ်သွင်ကို တမ်းတမြင်ယောင်မိလိုက် ရင်း နှုတ်မှ တီးတိုးရေရွတ်မိလိုက်လေတော့သည်။

"စိတ်ချပါ ဘာဘရယ်၊ သူတို့ဆီက အခုလောက်အထိ အထောက်အကူရတာနဲ့တင် ဘာဘမှာခဲ့သလို တစ်နေ့မှာ သူတို့ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကို ဆပ်ခွင့်ရအောင် ကျွန်တော်ကြိုးစားပါ့မယ် ဘာဘရယ်”

သူ ဆာလောင်နေသော ဝမ်းဗိုက်အတွက် ပဲပြုတ်နှင့် ထမင်းကြော်ကိုပင် စားချင်စိတ်မရှိတော့ပြီမို့ ခြေလှမ်းတို့ကို ပြန်လှည့်မိလိုက်တော့သည်။

## … အခန်း (၂) …

ဦးကျော်ဇေယျ၏ ကားခြံဝန်းအတွင်းမှ ထွက်သွားသံကြားမှ ဒေါ်မေသက် သူမ၏ အခန်းတွင်းသို့ ပြန်ဝင်လာရတော့သည်။ မှန်တင်ခုံရှေ့ရှိ ထိုင်ခုံတွင် ထိုင်မိတော့ မှန်ထဲမှ မိမိအရိပ်ကို မိမိပြန်ကြည့်မိသည်။ အသက် (၅၀) စွန်းစအရွယ်ဖြစ်သော်ငြား ချမ်းချမ်းသာသာ စည်းစိမ်ဖြင့် နေထိုင်ခဲ့ရသူဖြစ်၍ အရွယ်ထင် နုပျိုလျက် သူမ၏ရုပ်ရည်က (၄၀) ဝန်းကျင်ခန့်ဟုသာ လူတိုင်းမှ ထင်မြင်ကြမည်ပင်။ ဒေါ်မေသက် မှန်ထဲမှ မိမိရုပ်သွင်ကို ကျေနပ်စွာ ပြန်ကြည့်သည်။ ဓရာအရိပ်တို့အား အကောင်းစား မျက်နှာလိမ်းဆီ မိတ်ကပ်တို့ဖြင့် အစဉ်ဖုံးဖိနိုင်ခဲ့သဖြင့် ငယ်စဉ်က ရှင်းသန့်ကာလှပခဲ့သော မျက်နှာက ယခုထက်တိုင် ပုံစံမပျက်ဘဲ တည်ကြည်ခန့်ထည်သော အသွင်

www.burmeseclassic.com

www.burmeseclassic.com



များအဖြစ် နေရာယူဆဲ။ အနီးကပ် သေသေချာချာကြည့်ပါမှ မျက်ဝန်းအောက်ဘက်ဆီမှ အရေးကြောင်းငယ်များကို ခပ်ရေးရေး တွေ့မြင်ရမည်သာ။ ကိစ္စမရှိ ဒါလည်းပဲ အကောင်းဆုံး အပြင်အဆင် အခြယ်အသများဖြင့် ဖုံးဖိလိုက်လျှင် မသိသာနိုင်တော့။ ပြီးတော့ ယခုအရွယ်အထိ သန်မာနက်မှောင်နေဆဲရှိသေးသော ဆံပင်ရှည်အုံ့တွေးကြီးများကလည်း ဒေါ်မေသက်၏ ဇရာအရိပ်များကို အကောင်းဆုံးဖုံးဖိထားသည့် အရာတစ်ခုပါပေ။ ဒေါ်မေသက် မိမိ၏ ဆံပင်ရှည်ကြီးများကို ဖြေချကာ ကျေနပ်မှုအပြည့်နှင့် ယုယစွာ ဖြီးသင်လိုက်သည်။ ထိုအခိုက် ဒေါ်မေသက်၏ အတွေးထဲ၌ နက်မှောင်လွန်းသော ဆံပင်အုံများနှင့် အသားဖြူဖြူ ထက်ခေါင်၏ မျက်နှာကို ရုတ်တရက် မြင်ယောင်မိလိုက်လေတော့သည်။ ဒီကောင်လေးကို ဘယ်ဘဝက ရေးရေစက်ကြောင့်မသိ တစ်စက်ကလေးမှ ကြည့်လို့မရအောင် မုန်းတီးနေမိသည်။ တကယ်တမ်း စဉ်းစားကြည့်ပြန်တော့လည်း ဒီကောင်လေးမှာ ဘာအပြစ်မှ မရှိပြန်။ မိမိတို့အပေါ်၌လည်း လွန်စွာမှ အလိုက်တသိ ရှိလွန်းလှသည်။ ပြီးတော့ ထက်ခေါင်ဆိုတဲ့ ဒီကောင်လေးရုပ်ရည်ကလည်း မုန်းလောက်စရာကောင်းအောင် သွင်ပြင်မျိုးမရှိ။ ဒါပေမဲ့ သူမအနေနှင့် ဒီကောင်လေးကို အလိုလိုနေ





ရင်း မျက်မုန်းကျိုးနေမိသည်။ အဲဒီ့ထဲမှာ သူမကြည့်မရဆုံးကသူ့ရဲ့ အုံ့ထူထူ ဆံပင်နက်နက်များနှင့် မျက်ခုံးထူထူမည်းမည်းတွေပဲ ဖြစ်မည်ထင်သည်။ ပြီးတော့ မျက်လုံးရွှဲရွှဲများနဲ့ အနည်းငယ်ပေါ်လွင်နေသော နှာတံ အစဉ်သဖြင့် ကွေးညွှတ်လျက် ပြုံးယောင်သန်းနေဟန်ရှိသည့် နှုတ်ခမ်းရဲရဲ ဒါတွေကရော…

ပြီးတော့ အသားဖြူဖြူ၊ အရပ်မြင့်မြင့်ကြီးနဲ့ သွက်လက်ချက်ချာလွန်းသော ပုံစံများကရော…

ဟုတ်တယ် ဒါတွေအားလုံးဟာလည်းပဲ သူမအတွက် မုန်းစရာတွေချည်းပါပဲလေ။ တကယ်ဆို ထက်ခေါင်သာ အသားမည်းမည်း ရုပ်ဆိုးဆိုးကောင်လေးတစ်ယောက်ဆိုလျှင် သူမအနေနှင့် မုန်းချင်မှမုန်းမိပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် သူမအနေနှင့် ထက်ခေါင်အပေါ်၌ မတရားမှုးဆိုတာကိုလည်း သိနေမိသည်။ ဒါပေမယ်လို့ သူ့ရဲ့သွင်ပြင်ရုပ်ရည်ဆိုက…

ဒေါ်မေသက် မေ့ထားခဲ့သော အကြောင်းအရာများကို ပြန်လှန်ပြီး မတွေးတောချင်တော့ ထက်ခေါင်ကို မုန်းမိသည့် အကြောင်းများထဲတွင် သည်တစ်ချက်လည်း အဓိကနေရာက ပါနေသည်။ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးမျက်နှာကို မြင်လိုက်ရတာနဲ့ သူမစိတ်များက အလိုလိုနေရင်း အတိတ်က အပြီးတိုင် မြေမြှုပ်သင်္ဂြိုဟ်ပြီးခဲ့သော မတွေးချင်ဆုံးသော အကြောင်းအရာများကို သွား၍ သတိရအောင် တွေးမိရအောင် ဖြစ်ဖြစ်နေခြင်းပဲ ဖြစ်သည်။ စဉ်းစားနေရင်းမှပင် ဒေါ်မေသက် ထက်ခေါင်အပေါ် ဒေါသဖြစ်လာရပြန်သည်။

"တောက်… တော်တော်ကို စိတ်အနှောင့်အယှက်ပေးတဲ့ကောင်လေး"

ဒေါ်မေသက်ခေါင်းထဲမှ အတွေးများကို အတင်းမောင်းထုတ်ပစ်လိုက်ရသည်။ ဟုတ်တယ်လေ သူ့မှာက လုပ်စရာအလုပ်တွေအများကြီး။ ဒါတွေချည့် ထိုင်တွေးဒေါသဖြစ်နေလို့ မဖြစ်။

ဒေါ်မေသက် မှန်တင်ခုံထက်မှ ရွှေအိုရောင်နာရီလေးကို တစ်ချက်လှမ်းကြည့်မိလိုက်သည်။ အခုပဲ (၉) နာရီထိုးပေတော့မည်။ ခုထက်ထိ သူမမှာ မြို့ထဲရှိ ရွှေဆိုင်သို့ သွားရောက်ရန် ဘာမှမပြင်ဆင်ရသေး။

ပြီးတော့ ဒီနေ့မှချိန်းထားသည့် ပဲွစည်းလာပြမည့် ဒေါ်ခင်ရီတို့ကိုလည်း သွားအမှတ်ရမိလိုက်ပြန်သည်။

ခဏချင်းတွင်ပင် ဒေါ်မေသက်တစ်ယောက် ရေချိုးခန်းဝင်





ပြင်ဆင်စရာရှိသည်များ ပြင်ဆင်နှင့် အလုပ်ရှုပ်သွားတော့သည်။

"အလုံးရေ… ဟဲ့…မလုံး"

"ရှင်… မေမေကြီး၊ လာပါပြီ မေမေကြီး"

"ဟိုအကောင့်ကို သွားပြောလိုက်စမ်း ကားအဆင့်သင့်ထုတ်ထားလို့ ငါ အခုချက်ချင်းထွက်လာခဲ့မယ်လို့"

"ဟုတ်ကဲ့ မေမေကြီး"

မတတ်နိုင် မကြည့်ချင် မမြင်ချင်ဘူးဆိုသော်လည်း အိမ်တွင်ဒရိုင်ဘာကိုညိုကြီးအပြင် ကားမောင်းတတ်သူ ဟူ၍ ဒီကောင်လေးတစ်ယောက်သာ ရှိသဖြင့် ခိုင်းလိုက်ရပြန်သည်။

ဒါပေမယ်လို့ ဒေါ်မေသက် အလုံးစုံပြင်ဆင်ပြီး တိုက်ရှေ့ကိုထွက်လာတော့ ကားနဲ့အတူ ထက်ခေါင်က တိုက်ရှေ့ ပေါ်တီကိုအောက်တွင် အဆင့်သင့်ပင် ရောက်ရှိနေလေပြီ။

ထက်ခေါင်ကလည်း သူမကို မြင်သည်နှင့် အပြေးလာရောက်ကြိုကာ နောက်ခန်းတံခါးကို အဆင်သင့်ဖွင့်ပေးသည်။

ဒေါ်မေသက် အလိုက်သင့်ပင် ကားထဲသို့ ဝင်ထိုင်လိုက်သော်လည်း မျက်နှာကမူ တစ်စက်ကလေးမှ လျော့မသွား။

"ဈေးကဆိုင်ကို မောင်းမယ်၊ ပြီးရင် ချက်ချင်းမပြန်နဲ့ဦး

www.burmeseclassic.com

www.burmeseclassic.com



ငါ အပြင်ကိုထွက်ဖို့ ကိစ္စတစ်ခု ဒီနေ့ချိန်းထားတာရှိတယ်''

''ဟုတ်...ဟုတ်ကဲ့ မေမေကြီး''

ထက်ခေါင် တရိုတသေ ဦးခေါင်းကို ညိတ်ရင်း ကားရှေ့ခန်းဆီသို့ သွက်လက်စွာ ဝင်ထိုင်၍ ကားကို အညင်သာဆုံးမောင်းထွက်လိုက်တော့သည်။

ဒီမြို့ကလေးရှိ ချမ်းမြေ့ ရတနာရွှေဆိုင်ကြီးမှာ ဒေါ်မေသက်ပိုင်ဆိုင်သော ဆိုင်တစ်ဆိုင်ဖြစ်လေသည်။ မြို့နယ်ဦးစီးမှူး တစ်ယောက်တည်းဖြစ်သော ဦးကျော်ဇေယျမှာ သူ့ရုံးလုပ်ငန်းများနှင့် ပြင်ပစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ချိန်မရှိ။ ချမ်းမြေ့အိမ်၏ အဓိကစီးပွားရေးလုပ်ငန်းများစွာကို ဦးဆောင်လုပ်ကိုင်နေသူမှာ ဒေါ်မေသက်ပင်ဖြစ်လေ၏။ တကယ်တမ်းပြောကြစတမ်းဆိုရင်လည်း သူမတို့ ယခုလက်ရှိ ထည်ဝါခန့်ညားစွာ နေထိုင်လျက်ရှိသော 'ချမ်းမြေ့အိမ်'ကြီးပင်လျှင် ဒေါ်မေသက်၏ စိတ်ကူးဖြင့် ပုံဖော်တုဆစ်ခဲ့ခြင်းဖြစ်သည်။

ဒီလိုဆိုတော့ ဒေါ်မေသက်ဟူသော မိန်းမတစ်ယောက်သည် သာမန်အိမ်ထောင်ရှင်မ မိန်းမတစ်ဦးမျိုးတော့မဟုတ်။

တော်သော၊ တတ်သော အစွမ်းအစရှိသော မိန်းမတစ်ဦးမျိုးပါပေ။ သို့အတွက်လည်း ဒေါ်မေသက်သည် စီးပွားဥစ္စာ ပြည့်စုံချမ်း



သာကြွယ်ဝကာ မာနသည့်လည်း ခေါင်ခိုက်လျက် ရှိနေခြင်းပါပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၃) ...

'မိုးမြင့်သဇင်' ရန်ကုန်က ပြန်ရောက်လာတော့မည်ဟူသော သတင်းက ထက်ခေါင်ကို သိမ့်ခနဲတုန်လှုပ်သွားစေသည်။

"ဟုတ်ရဲ့လား ဦးညိုကြီးရာ"

သူ မဝံ့မရဲ မေးလိုက်တော့ ဦးညိုကြီးက...

"ဟ... အဟုတ်ပေါ့ကွ၊ ထက်ခေါင်ရ ဟိုတစ်လောကတင် သူတို့နောက်ဆုံးနှစ်စာမေးပွဲတွေ ပြီးကုန်ပြီလေကွာ၊ ဒီနှစ်တော့ ကျောင်းပိတ်တုန်း ရန်ကုန်မှာ ဆက်မနေဘဲ ဒီကို ပြန်လာဖို့ ဒီကောင်မလေး စိတ်ကူးရတယ်နဲ့ တူတယ်။ မနက်ဖြန်မနက်ကို ငါကိုယ်တိုင် ဘူတာဆင်းပြီး ကြိုရလိမ့်မယ်ကွ"



ဒါဆိုရင်တော့ သေချာပြီဟူသောအသိနှင့် ထက်ခေါင်ရှင်ထဲ၌ အပျော်တလေးများ မသိမသာ စီးဝင်သွားရလေတော့သည်။ အတွေးတို့ကလည်း ဟိုယယ်စဉ်ဘဝက အသားဖြူဖြူဝင်းဝင်းလေးနှင့် မျက်လုံးပြူးပြူး၊ ပါးဖောင်းဖောင်း ချစ်စဖွယ် မိုးမြင့်သဇင့်၏ ရုပ်သွင်ကို ပြန်အမှတ်ရမိလိုက်၏။

တကယ်တော့ သူနှင့် မိုးမြင့်သဇင်တို့မှာ ထက်ခေါင် (၅) တန်းအထိသာ အတူတကွ ကျောင်းတက်ခဲ့ကြရပြီး မိုးမြင့်သဇင် အစိုးရစစ် (၄) တန်းအောင်မြင်သည့်နှစ်မှစ၍ ဒေါ်မေသက်မှ ရန်ကုန်သို့ ပို့လိုက်ခြင်းပင် ဖြစ်သည်။ ရန်ကုန်မှာက ဦးကျော်ဇေယျ၏ အစ်မကြီးတစ်ယောက်ရှိသည်။ နာမည်က ဒေါ်တင်မေတဲ့။ အပျိုကြီးတစ်ယောက်ဖြစ်၍ ရန်ကုန်တွင် တစ်ယောက်တည်းနေထိုင်ကာ ရွှေဆိုင်လုပ်ငန်းကို လုပ်ကိုင်နေသူပင်။ ယခုလက်ရှိ ဒေါ်မေသက်လုပ်ကိုင်နေသော ချမ်းမြေ့ရတနာရွှေဆိုင်လုပ်ငန်းများမှာလည်း ဒေါ်တင်မေ၏အကြံပေးချက်နှင့် လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။ ဒေါ်တင်မေမှလည်း ရန်ကုန်အထည်ဒီဇိုင်းကတ်တလောက်များကို မပြတ်ပို့ပေးလျက် နယ်ရှိကျွမ်းကျင်ပန်းတိမ်ဆရာများ၏ လက်ရာဖြင့် ချမ်းမြေ့ရတနာရွှေဆိုင်ကြီးမှာ နယ်မြို့ကလေးတွင် ခေတ်မီပစ္စည်းမှန် ဈေးမှန် အောင်မြင်သော



www.burmeseclassic.com

www.burmeseclassic.com



ရတနာရွှေဆိုင်ကြီးတစ်ဆိုင် ဖြစ်လာခဲ့ခြင်းပါပေ။

ထက်ခေါင်၏ အတွေးတို့က လွန်ခဲ့သော အတိတ်ကာလ တစ်ခုဆီသို့ မှုန်ဝါးဝါးဖြင့် ဖြတ်သန်းရောက်ရှိသွားရလေတော့သည်။

*

ဘဘကို လက်ခွဲရင်း ကြီးမားခန့်ထည်လွန်းလှသော အိမ်ကြီးဆီ ထက်ခေါင်လိုက်ခဲ့ပြီး မြင်မြင်သမျှ အရာအားလုံးတို့သည် သူ့အတွက် အသစ်အဆန်းများသာဖြစ်နေလေတော့သည်။

ထိုစဉ်က ဘဘနှင့် အိမ်ရှင်ကြီးများဖြစ်ဟန်တူသည့် ဖြူဖြူသန့်သန့်လူကြီးလင်မယားတို့ ဘာတွေပြောနေကြသည် သူမသိ။ ထိုအချိန် သူ စိတ်ဝင်တစားဖြင့် လိုက်ကြည့်နေမိသော အရာများကား…

လိုက်ကာမှန်ပြတင်းပေါက်ကြီးများ မီးဆိုင်းပွင့်ကြီးများနှင့် ကြီးမားခန့်ထည်လွန်းလှသည့် အိမ်သစ်ကြီးနှင့် လှပလွန်းသော ရောင်စုံပန်းခင်းများ၊ မြက်ခင်းနုနုစိမ်းစိမ်းများသာ ပြီးတော့ အိမ်ကြီးရှေ့တွင်ရပ်ထားသော ပြောင်လက်လှပလွန်းသည့် ကားအသစ်ကြီး တစ်စီးကလည်း ထက်ခေါင် အာရုံကို ဖမ်းစားထားလေသည်။





ထိုအချိန် ဘဘနှင့် အိမ်ရှင်ကြီးလင်မယားက တိုက်အိမ်ကြီးရှေ့ရှိ မြက်ခင်းစားပွဲဝိုင်း၌ စကားပြောဆိုနေကြခြင်းလည်း ဖြစ်၏။ ထက်ခေါင်အိမ်ကြီးနှင့် ပတ်ဝန်းကျင်အရာများကို အံ့သြငေးမောစွာနဲ့ ကြည့်ရှုနေစဉ် ဘဘက …

'လူလေး ဒီကို ခဏလာဦးကွဲ့' ဟု ဆိုလိုက်မှ သူ မဝံ့မရဲဖြင့် ဘဘတို့အနားကပ်သွားမိသည်။ လူကြီးလင်မယားကလည်း သူ့ကို ဂရုဏာသက်သောမျက်ဝန်းများနှင့် ကြည့်ရှုနေကြလေ၏။ သူ ဘဘအနားရောက်သွားတော့ အိမ်ရှင်လူကြီးက ဖော်ရွေစွာ ပြုံးပြလျှင်…

''မင်းနာမည် ဘယ်လိုခေါ်လဲကွ'' ဟု မေးလာသည်။

'ထက်ခေါင်လို့ ခေါ်ပါတယ်ခင်ဗျ' လို့ သူဖြေလိုက်တော့ ဖြူဖြူသန့်သန့် မိန်းမကြီးက ပြုံး၍ လူကြီးအား …

''ကောင်လေးက အသွက်ကလေးပဲကိုရဲ'' လို့ ဆိုသည်။ ပြီးမှ မိန်းမကြီးက ဘဘဘက်ကို လှည့်၍…

'ဒါဆို ဦးလေးထွန်းမြေးက ဒီနှစ် (၂) တန်းတက်မှာပေါ့' လို့ ဆိုတော့ ဘဘက…

''ဟုတ်တယ် မေသက်၊ အခုချိန် သူလေးဘဝမှာ ငါကလွဲပြီး ဘယ်သူမှ အားကိုးစရာမရှိကြတော့ဘူးလေ။ ဒါကြောင့်မို့ ငါခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာပေါ့။ ဒါပေမဲ့လို့လည်း ငါကလည်း အသက်ကြီးလာပြီဆိုတော့ ငါမသေခင် သူ့ဘဝလေးကို သူခြေထောက်ပေါ်သူရပ်တည်သွားနိုင်ရုံလောက်ပဲ တတ်နိုင်တော့မယ်။ အဲဒါကြောင့်မို့ နင်တို့နားလည်ပေးပြီး ခွင့်ပြုပေးပါဦးမှ"

"အို… ကျွန်မတို့က ဘာလို့ခွင့်မပြုရမှာလဲ၊ ဦးလေးထွန်းဆိုတာ ကျွန်မတို့နဲ့ ပြောရမယ့်ပုံမှ မဟုတ်ဘဲ"

"ဒါတော့ ဒါပေါ့ မေသက်ရယ်။ ဒါပေမဲ့ ကလေးတစ်ယောက်ရဲ့ ရှေ့ရေးဆိုတာက…"

"ကဲ… အဲဒါတွေကိုလည်း တွေးပြီး ပူမနေတော့နဲ့ ဦးလေးထွန်း ဒီကလေး ကျောင်းစရိတ်ကိုလည်း ကျွန်မတို့က တာဝန်ယူမယ်။ ဦးလေးထွန်းတို့ မြေးအဖိုးနှစ်ယောက် ဒီမှာပဲ နေကြတော့ ဟုတ်ပြီလား"

"ဝမ်း…ဝမ်းသာလိုက်တာ မေသက်ရယ်၊ ငါ… ငါ နင်တို့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

ဒေါ်မေသက်စကားကြောင့် ဝမ်းသာသွားသော ဦးထွန်း၏ မျက်နှာက ကြည်နူးမျက်ရည်တို့ပင် ဝေလျက်ရှိလေသည်။ ဦးထွန်း၏ ဝမ်းသာနေသော မျက်နှာကို ကြည့်ရှု၍ ဒေါ်မေသက် ခင်ပွန်းဦးကျော်





မေယျကလည်း …

"မလိုပါဘူး ဦးလေးထွန်းရယ်၊ ဒီကလေးတစ်ယောက်အတွက်နဲ့ ကျွန်တော်တို့အဖို့ ဘာမှအပန်းကြီးမသွားပါဘူး။ နောက်ပြီး လာမယ့်နှစ်ဆို သမီးလေးကလည်း (၁) တန်းတက်ရတော့မှာ ဆိုတော့ မောင်နှမနှစ်ယောက် အဖော်တောင်ရသွားတာပေါ့"ဟု ပြောဆိုအားပေးခဲ့ရှာသည်။

ဒီလိုနဲ့ ထက်ခေါင်တစ်ယောက် 'ချမ်းမြေ့အိမ်' ဆိုသည့် အိမ်ကြီးသို့ စတင်ရောက်ရှိခဲ့ရလေတော့သည်။ ထိုအခါ တိုက်အိမ်ကြီး နောက်ဖေးရှိ ဝါးကပ်မိုးထရံကာ သပ်သပ်ရပ်ရပ် အိမ်ငယ်လေးတစ်လုံး၌ သူတို့မြေးအဘိုးနေထိုင်ခဲ့ကြရလေ၏။

ထိုအချိန် ဘဘက သူ့အား…

"လူလေးကို ဘဘ အခုကတည်းက အရေးကြီးဆုံးစကားတစ်ခုကို မှာထားမယ်။ ဘဘက ဒီအိမ်ကအိမ်ရှင်ကြီးတွေကို လူလေးရဲ့မိဘတွေ ဆုံးကုန်ပြီလို့ပြောထားရတယ်။ ဒီတော့ လူလေးအနေနဲ့ ဘယ်သူကမေးမေး မိဘတွေဆုံးကုန်ပြီလို့ပဲပြောရမယ်၊ အထူးသဖြင့် လူလေးအဖေအကြောင်းကို ဒီအိမ်ကြီးမှာလုံးဝမပြောမိစေနဲ့"

ထက်ခေါင် ဘဘကို အံ့သြနားမလည်နိုင်စွာ ကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘဘက ဘာလို့ ဒီလိုပြောထားရတာလဲ ဆိုတာကို သူစဉ်းစား၍မရ။ တကယ်ဆို သူ့ဖေဖေတစ်ယောက်လုံးက ရွာတွင်ရှိနေဆဲ မဟုတ်ပါလား။ ပြီးတော့ သူ တစ်ခါမှ မြင်ဖူးခြင်းမရှိခဲ့သော မေမေဆိုတာကလည်း သူ သိရသလောက်တော့ မသေသေး။ ဤလောကကြီးအတွင်း၌ အသက်ရှင်ကာ ရပ်တည်နေဆဲ ရှိသေးသည်ဟု သူ သိထားသည်။ တစ်ခုတော့ရှိသည် သူ မေမေနှင့် ကွဲနေသည်ဟူသော ဖေဖေသည် နေ့မလင်း ညမလင်း အရက်သောက်နေသည့် အရက်သမားကြီးတစ်ယောက်တော့ ဖြစ်နေသည်။ ဒါကြောင့်များ ဘဘက အခုလို ပြောနိုင်းခြင်းဖြစ်သည်လားတော့မသိ။ ဘာပဲပြောပြော သူ ဘဘစကားကို နားထောင်ရမည် ဟူသော အသိနဲ့ ခေါင်းကို သွက်လက်စွာ ညိတ်လိုက်မိသည်။

ဘဘက သူ့ခေါင်းက ဆံပင်ထူထူကို သပ်တင်ပေးရင်းမှ…

'နောက်ဆို လူလေး ဒီမှာ ဘဘနဲ့ပဲ နေရတော့မယ်။ သူတို့က လူလေးကို ကျောင်းလည်း ထားပေးကြမယ်တဲ့သိလား။ လူလေး ကျောင်းတက်ချင်တယ် မဟုတ်လား' လို့ မေးလာတော့ သူ ဝမ်းသာအားရဖြင့်…

'ဟုတ်ကဲ့ ဘဘ၊ ရွာမှာ ဖေဖေနဲ့ နေရင် ကျွန်တော် ကျောင်း





တက်ရမှာ မဟုတ်တော့ဘူးနော်' ဟု ဘဘကိုပြန်ပြောလိုက်မိသည်။ ဘဘက ပြုံးကာ ဦးခေါင်းကို ညိတ်ပြသည်။

"ဒါပေါ့ လူလေးရယ် မင်းအဖေက အရက်ကလွဲပြီး ဘာမှ မသိတော့တဲ့ လူတစ်ယောက်ဖြစ်နေမှပဲ။ ကဲ… မင်းအဖေကြောင်း ပြောတာ ဒီတစ်ခါ နောက်ဆုံးပဲ ဖြစ်ပါစေတော့ နောက်ဆို ဘဘ ပြောထားတဲ့အတိုင်း ဒီအိမ်ကြီးမှာ နေသရွေ့ ဒီအကြောင်းတွေကို လေသံတောင်မဟမိစေတော့နဲ့ ကြားလား လူလေး"

"ဟုတ်ကဲ့ ဘဘ၊ ဘယ်သူကမေးမေး ဘဘ ပြောထားသလိုပဲ ကျွန်တော်ပြောမယ်"

"အေး…အေး…ငါ့မြေးက သိပ်လိမ္မာတာပဲ"

ထက်ခေါင် ဘဘနဲ့ ချမ်းမြေ့အိမ်ဆိုသည့် တိုက်အိမ်ကြီးကို လိုက်လာခဲ့သည်မှာ နွေရာသီကျောင်းပိတ်ရက်တွင်ဖြစ်၍ သူ့အတွက် အတော်ပင် ဖျင်းစရာကောင်းလှသည်ဟု ထင်မိသည်။ ရွာမှာဆို အခုချိန် အပေါင်းအဖော်များနှင့် အပျော်ဆုံးအချိန်။

လေးဝကိုယ်စီနဲ့ တောထဲငှက်ပစ်ထွက်လျှင် ထွက်နေကြမည်။ ဒါမှမဟုတ် လယ်ကွင်းရေကျအိုင်များထဲ တွင်းအောင်းငါးပုစွန်တွေ နှိုက်လျှင် နှိုက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရွာထိပ်ရှိ တမာပင်ကြီးများပေါ်တက်၍ တမာသီးများကိုချကာ တမာသီးချင်း စစ်တိုက်ရသည်ကို ထက်ခေါင်အပျော်ဆုံး။

ရွာအပြင် ကွင်းထဲ၌ ဦးလေးသာမောင်၏ ကျွဲများကို ကူကျောင်းပေးရင်း ကျွဲစီးရသည့် အရသာကိုလည်း သူမမေ့။

ဒါပေမဲ့ ဘာပဲပြောပြော သူ ဒီကိုရောက်လာခဲ့တော့ ညစဉ်ခံစားရသော ဝဋ်တစ်ခုမှတော့ လွတ်သွားခဲ့ရသည်မှာ အမှန်။

ညစဉ် သူ့အဖေအား အရက်ဝယ်ပေးရခြင်းနှင့် မူးသည်နှင့် မအိပ်အချင်း ဖေဖေ့စကားများကို အိပ်ငိုက်ကျသည်အထိ နားထောင်ရသော ဝဋ်ပင်။

တစ်ခါတစ်ရံတော့လည်း သူ ဖေဖေ့ကိုအမှတ်ရမိသည်။

သို့သော် ဖေဖေနှင့် ပြန်နေရမည်ကိုလည်း ကြောက်၍ ဒီမှာ ဘဘသည် သူ့အပေါ်တွင် အလွန်အင်မတန်ကောင်းလွန်းလှသည်။ သူ့အပေါ်တွင် ယုယ၍ ချစ်လည်း အလွန်ချစ်သည်။ သူ ဘဘနှင့် နေရသည်ကို စိတ်ချမ်းသာမိ၏။

နောက်ပြီး အနေကြာလာမှ ဘဘသည် ဒီအိမ်ကြီးပိုင်ရှင် ဦးကျော်ဇေယျ ဟူသော လူကြီး၏ ကားကို မောင်းပေးရသော လူတစ်ယောက်ဖြစ်မှန်း သိလာခဲ့ရသည်။ ဘဘအလုပ်က ကားသန့်ရှင်





ရေးနှင့် ကားမောင်းပို့ရသော အလုပ်မှလွဲ၍ ဘာမှမရှိ။ ကျန်အချိန်များတွင် ဘဘသည် သူ့ကို အဖော်ပြုလျက် အမြဲနေပေးတတ်သည်။ ကားမောင်းပို့၍ အပြင်မှ ပြန်လာတိုင်းလည်း သူ့အတွက် မုန့်တစ်ခုခု အမြဲပါလာတတ်သည်။ ပြီးတော့ ဒီအိမ်ကြီးကိုရောက်မှ ဘဘသည် သူကြိုက်သောဟင်းများကို ဂရုတစိုက်ချက်ကျွေးခဲ့သည်။

'ငါ့မြေး ဘဘနဲ့နေရတာ ပျော်ရဲ့လား' ဟူသော စကားကိုလည်း အမြဲမေးတတ်၏။ ပြီးတော့ သူ့အတွက် အင်္ကျီ၊ ဘောင်းဘီ အသစ်တစ်စုံကိုလည်း ဝယ်ပေးလေတော့ ထက်ခေါင် မပျော်ဘဲ ဘယ်ရှိလေမည်နည်း။

တစ်နေ့ သူတို့မြေးအဘိုး စကားပြောနေကြရင်းမှ သူ ဒီအိမ်ကြီးသို့ စရောက်ကတည်းက ကြားခဲ့ရသော စကားတစ်ခွန်းကို ဘဘကို မေးမိသည်။

"ဘဘ သူတို့မှာ ကျွန်တော်နဲ့ ရွယ်တူလောက် သမီးလေး တစ်ယောက်ရှိတယ်ဆို သူက ဘယ်မှာလဲ"

ဘဘက သူ့ကို ပြုံးကြည့်သည်။

'မိုးမြင့်သဇင်က ငါ့မြေးထက် တစ်နှစ်လောက်ငယ်မယ်ထင်ရဲ့။ အခု သူက သူ့အဒေါ်ကြီးရှိတဲ့ ရန်ကုန်ကို အလည်သွားနေတယ်



www.burmeseclassic.com

www.burmeseclassic.com



လူလေးရဲ့ မကြာခင် ပြန်ရောက်လာတော့မယ်။ အဲဒီအခါတော့ လူလေး
တွေ့ရမှာပေါ့''

သူ မမြင်ရသေးသော ကောင်မလေးပုံကို စိတ်ကူးဖြင့် ပုံဖော်
ကြည့်မိသည်။ ဘာပဲပြောပြော သူ့မွေးသမီးဆိုတော့ လှမှာတော့
အမှန်ပဲလို့လည်း တွေးလိုက်မိသည်။ ဘဘကတော့ မိုးမြင့်သဇင်ဆို
သော ဒီကောင်မလေးပြန်လာရင် သူနဲ့အတူ ကျောင်းတက်ရမယ့်
အကြောင်း၊ ကိုယ့်ညီမလေးကို သဘောထားပြီး ကျောင်းသွားကျောင်း
ပြန် စောင့်ရှောက်ရမယ့်အကြောင်းတွေကို ဆက်ပြောပြနေသည်။ သူ
က ဘဘစကားများကို နားထောင်နေရင်းမှ…

'အဲဒီကောင်မလေးက သဘောကောင်းရဲ့လား ဘဘ'လို့ မေး
မိတော့ ဘဘက သဘောကျစွာ ရယ်သည်။ ပြီးမှ…

'သဇင်လေးကလည်း လိမ္မာပါတယ်။ ငါ့မြေးလူလေးနဲ့ တည့်
မှာပါ' ဟု ဆိုသည်။

ဘာပဲပြောပြော တစ်ယောက်တည်း ပျင်းနေရသော သူ့အတွက်
ကောင်မလေးကို မြန်မြန်ပြန်ရောက်ပါစေလို့ ဆုတောင်းနေမိသည်။

ဒီလိုနဲ့ ကျောင်းတွေ ပြန်ဖွင့်ဖို့ နီးလာခဲ့လေတော့သည်။

အဲ့ဒီနေ့က မှတ်မှတ်ရရ သင်္ကြန်အတွင်းက မပွင့်ခဲ့သော





ပိတောက်ပန်းတို့သည် ခြံဝန်းကြီးနောက်ဖေးဘက်ရှိ ပိတောက်ပင်ကြီး
တွင် ဝင်းထိန်စွာ ပွင့်လျက်ရှိနေကြသည်။

ထက်ခေါင်တစ်ယောက်တည်း ပျင်းပျင်းရှိတိုင်း ဒီပိတောက်
ပင်ကြီးအောက်တွင် သွားရောက်ဆော့နေမြဲမို့ ပိတောက်ပန်းတွေနဲ့
ဝေဆာနေသော အပင်ကြီးအောက်တွင် ထုံးစံအတိုင်း ရောက်ရှိနေသည်။
သူ အပင်အောက်၌ ထိုင်ကာ ပွင့်နေသော ပိတောက်ပန်းများကို
မော့ကြည့်နေဆဲ…

''ဟိတ်''

မိမိနောက်ဘက်မှ ကပ်ကာ စူးစူးရှရှအော်လိုက်သောအသံတစ်ခု
ကြောင့် ထက်ခေါင် ရုတ်တရက် လန့်ဖျန့်ကာ ထခုန်မိလေသည်။
ပြီးမှ သူ့ကိုကြည့်ကာ တခစ်ခစ်ရယ်မောနေသော ကောင်မလေးတစ်
ယောက်ကို သူ အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။ ကောင်မလေး
က ရင်ဘတ်နေရာတွင် အရုပ်ပုံကြီးပါသော အကောင်စားအင်္ကျီအဖြူ
ရောင်းဘီအဖြူဝမ်းဆက်ကလေးကို ဝတ်ဆင်ထားလေသည်။ ပြီးတော့
အဖြူရောင် ဇာခြေအိတ်ကလေးနဲ့ နီနီရဲရဲ ဖိနပ်တစ်စုံကိုလည်း စီးထား
သည်။ သူ အသားဖြူဖြူဝင်းဝင်းနှင့် မျက်လုံးပြူးပြူး၊ ပါးဖောင်းဖောင်း
ကောင်မလေးကို ကြည့်ကာ မိုးမြင့်သဇင်ပဲ ဖြစ်မည်ဟု တွေးလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နင်…နင်… မိုးမြင့်သဇင်ဆိုတာလား"

ကောင်မလေး သူ့အမေးကြောင့် မျက်လုံးပြူးသွားလေသည်။

"ဟင်… နင်က ငါ့ကို သိနေတယ်"

သူ့ကိုယ်သူ လက်ညှိုးလေးထောက်ကာ ပြောနေသော ကောင်မလေးပုံစံက သူတွေ့ခဲ့ဖူးသော ရွာက ကောင်မလေးများပုံစံနှင့် အရှင်းကို ကွာခြားနေသည်။ သူ ကောင်မလေးကို ပြုံးပြလိုက်သည်။

"ငါ့နာမည် ထက်ခေါင်တဲ့၊ ငါ နင်တို့အဖေဆီမှာ ကားမောင်းတဲ့ ငါ့ဘဘနဲ့ ရွာကလိုက်လာခဲ့တာ"

မိုးမြင့်သဇင်ဆိုသော ကောင်မလေးကလည်း သူ့ကို ပြုံးစဖြင့် ပြန်ကြည့်နေသည်။ ပြီးမှ…

"သိသားပဲ၊ ဒါကြောင့်မို့ လာကြည့်တာ။ ဒါနဲ့ နင်ကကျောင်းဖွင့်ရင် (၂) တန်းတက်ရမှာဆို အဲဒါ ဟုတ်လား"

"ဟုတ်သားပဲ၊ ဟို… နင်လည်း (၁) တန်းတက်ရမယ် မဟုတ်လား"

ကောင်မလေးက နှာခေါင်းလေးကို ရှုံ့သည်။

"ဟွန်း… ဒါဆို နင်က ငါ့ထက် တစ်တန်းကြီးတာပဲ။ နင်





အသက် ဘယ်နှစ်နှစ်လဲ"

"ခုနစ်နှစ်"

"ငါက ခြောက်နှစ်၊ ဒါဆို တို့တွေ နင်နဲ့ငါနဲ့ ပြောလို့မဖြစ်တော့ဘူး။ သဇင်တို့ဆရာမက ပြောတယ်။

ကိုယ့်ထက်ကြီးတဲ့လူကို နင်နဲ့ငါနဲ့ မပြောရဘူးတဲ့"

ချက်ချင်းပုံစံပြောင်းသွားသော ကောင်မလေးကို ထက်ခေါင် ငေးကြည့်နေမိသည်။ ထိုအခိုက် တိုက်အိမ်ကြီးဘက်ဆီမှ မိုးမြင့်သဇင် အမည်ကို ခေါ်သံသဲ့သဲ့ကြားလိုက်ရလေရာ ကောင်မလေး တိုက်အိမ်ကြီးဘက်ဆီသို့ တစ်ချက်လှည့်ကြည့်ပြီး…

"သွားဦးမယ် နောက်မှ ပြန်တွေ့ကြမယ်"

ပြောပြီး အနီးမှ လှစ်ခနဲ ပြေးထွက်သွားတော့သည်။

ထက်ခေါင် ပြေးထွက်သွားသော မိုးမြင့်သဇင်ဟူသည့် ကောင်မလေးကို ငေးကြည့်ရင်း ကျန်ရစ်နေခဲ့ရသည်။

ပြီးမှ သူ ဝမ်းသာရွှင်မြူးစိတ်နဲ့ ဝေနေအောင် ပွင့်နေသော စံကားပင်ကြီးကို မော့ကြည့်ကာ ပေးခနဲ အော်လိုက်မိတော့သည်။

သူ တဲဆီကို ပြန်ရောက်မှ မနေ့ညက ညရထားနှင့် မိုးမြင့်သဇင်တို့ ရန်ကုန်မှ ပြန်ရောက်လာကြကြောင်းကို ဘဘဆီက ထက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



သိရသည်။ ညနေဘက်ရောက်တော့ ဦးကျော်ဇေယျ၊ ဒေါ်မေသက်တို့နှင့်အတူ မိုးမြင့်သဇင်ပါ သူတို့မြေးအဘိုး တဲရှေ့ကို ရောက်လာကြသည်။ ကျောင်းအပ်ဖို့အတွက် ဘဘနှင့် စကားတွေပြောကြသည်။

"အခုက မွေးစာရင်းနဲ့ ကျောင်းထွက်လက်မှတ်ပါခဲ့ရင် ဘာမှ မလိုတော့ပါဘူး ဦးလေးထွန်းရဲ့"

"ဒါတွေတော့ အပြည့်အစုံပါခဲ့ပါတယ် မောင်ကျော်ဇေယျ"

"ဒါဆို ပြီးပြီပဲ။ ဩော်... မေသက် ကလေးအတွက် ကျောင်းဝတစုံနှစ်စုံသုံးစုံတော့ လိုမယ်ထင်တယ်"

"လိုတာပေါ့ကိုယ်ရဲ့ ကိစ္စမရှိပါဘူး။ ဆိုင်အပြန် ဈေးထဲက မေသက် တစ်ခါတည်း ဝယ်ခဲ့ပါမယ်"

ပြီးမှ ဦးကျော်ဇေယျက သူနှင့် မိုးမြင့်သဇင်တို့ကို ရင်းနှီးအောင် မိတ်ဆက်ပေးသည်။

"သမီးလေး ဟောဒါက မောင်ထက်ခေါင်တဲ့။ ဟောဒီက ဘဘဦးထွန်းရဲ့မြေး၊ ဒီနှစ် သမီးလေး သူနဲ့ အတူတူကျောင်းတက်ရမယ်။ မောင်ထက်ခေါင်က သမီးထက် တစ်တန်းကြီးတော့ ကိုယ့်အစ်ကိုတစ်ယောက်လို သဘောထား ဆက်ဆံရမယ်နော် ကြားလား"

"ဟုတ်ကဲ့ပါဖေဖေ"





"မောင်ထက်ခေါင်ကလည်း ညီမလေးကို ကိုယ့်ညီမလေးအရင်းလို သဘောထားရမယ်နော်"

"ဟုတ်ကဲ့ပါ ဦးကြီး"

"ဟာ... မင်းဥစ္စာကလည်း ဦးကြီးလို့ပဲကွာ ဟား... ဟား..."

ဦးကျော်ဇေယျက သူ့ခေါင်းကို လက်ဖြင့် ဖွကာ သဘောကျစွာ ရယ်သည်။

"ဟား...ဟား... နောက်ဆိုရင် ဦးကို အန်ကယ်ကြီးလို့ခေါ်၊ ဟောဒီက မင်းအန်တီကိုကျတော့ မေမေကြီးလို့ပဲ ခေါ်ပေါ့ကွာ ကြားလား"

"ဟုတ်...ဟုတ်ကဲ့"

"ကဲ...ကဲ... မောင်နှမနှစ်ယောက် ဆော့ချင်ဆော့ကြ အရမ်းကြီးတော့ မပြေးမလွှားရဘူးနော်"

သူနှင့် မိုးမြင့်သဇင်တို့ လှူကြီးတွေရှေ့မှ ပိတောက်ပင်ကြီး ဆီသို့ ပြေးထွက်ခဲ့ကြတော့သည်။

❁



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကျောင်းတွေဖွင့်ကြတော့ ထက်ခေါင်နှင့် မိုးမြင့်သဇင်တို့ အတူတူကျောင်းတက်ခဲ့ကြရတော့သည်။ သူတို့တက်ရသော အစိုးရအလယ်တန်းကျောင်းလေးက 'ချမ်းမြေ့အိမ်' နှင့် သိပ်အဝေးကြီး မဟုတ်။ ဘုန်းကြီးကျောင်းဝန်းတစ်ခု ဖြတ်ရုံဖြင့် ရောက်သည်။ နှစ်ယောက်သားကျောင်းကို ခြေလျင်ပဲ တက်ကြသည်။ ခြံစောင့် ဦးညိုကြီးနှင့် ထမင်းချက် ဒေါ်လုံးတို့မှလည်း တစ်ယောက်မဟုတ် တစ်ယောက် အမြဲတမ်းလိုက်ပို့ကြသည်။ ကျောင်းပိတ်ရက်တွေမျိုးမှာတော့ သူတို့နှစ်ဦး ခြံနောက်ဖေးဘက်ရှိ ပိတောက်ပင်ကြီးအောက်တွင် ကစားကြမြဲ။ ထိုရက်မျိုးများသည် သူတို့နှစ်ယောက်အတွက် အပျော်ရွှင်ဆုံးရက်များဖြစ်ခဲ့ကြသည်။

တစ်နေ့ စနေနေ့ကျောင်းပိတ်ရက်ဖြစ်၍ သူတို့နှစ်ဦးစလုံး ပိတောက်ပင်ကြီးအောက်တွင် ဆော့ကစားနေကြသည်။

"အရင်တုန်းက ကိုထက် မရောက်ခင်တုန်းကဆို သဇင်တစ်ယောက်တည်း ကျောင်းတက်ရတာ သိပ်ပျင်းစရာကောင်းတာပဲ သိလား"

"အေး... ငါလည်း နင် ရန်ကုန်ကို သွားနေတုန်းကဆိုရင် အရမ်းပျင်းတာပဲ။ အမြဲတမ်း ရွာကိုပဲ အမှတ်ရရနေမိတယ်"





"ကိုထက်တို့ရွာက ပျော်စရာကောင်းလားဟင်"

"ဟာ... ကောင်းတာပေါ့၊ သဇင်ရောက်ဖူးရင် အရမ်းပျော်သွားမယ်"

"ကိုထက်တို့ရွာမှာ ဘာတွေရှိလဲ"

"နင်ကြိုက်တဲ့ မာလကာသီးပင်တွေ၊ သရက်ပင်တွေ၊ ဇီးသီးတွေ အများကြီးပဲ ရှိတာပေါ့ဟ။ မရမ်းသီး အချိုပင်တွေတောင် ရှိသေး။ နင် မရမ်းသီးအချိုသီး စားဖူးလား"

မိုးမြင့်သဇင် အံ့သြဟန်ဖြင့် မျက်လုံးလေးဝိုင်းကာ ခေါင်းလေးယမ်းပြသည်။

"ဟင့်အင်း မရမ်းသီးက အချိုသီးဆိုတာရော ရှိလို့လား ကိုထက်ရဲ့"

"အာ... ရှိတာပေါ့ သဇင်ရ၊ နင်မစားဘူးသေးလို့ နောက်မှ ရွာပြန်ဖြစ်ရင် ငါ နင့်အတွက် ခူးလာခဲ့ပေးဦးမယ်၊ မိုးမြင့်သဇင်မျက်နှာလေး ဝင်းပသွားသည်။

"ကိုထက် တကယ်ပြောတာနော်၊ မရမ်းသီးအချိုသီးဆိုတော့ အရမ်းစားလို့ကောင်းမှာပဲ"

"ဒါပေါ့ သဇင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထက်ခေါင်က ဆရာကြီးပုံစံမျိုးဖြင့် ရင်ကော့ခေါင်းမော့ကာ ပြောလိုက်တော့ မိုးမြင့်သဇင် မရမ်းသီးအချိုသီး ဆိုတာကို ချက်ချင်းပင် စားချင်စိတ် ဖြစ်သွားမိသည်။

"ကိုထက် ဒီမှာရော အဲ့ဒီ မရမ်းအချိုသီးဆိုတာ ဝယ်လို့မရဘူးလား"

မိုးမြင့်သဇင်အမေးကြောင့် ထက်ခေါင် စဉ်းစားသလိုပြုသည်။

"အင်း... ဈေးထဲမှာတော့ ရှိမလားပဲ။ ဒါပေမဲ့ ဒီကနေဈေးက အဝေးကြီးဟ"

မိုးမြင့်သဇင် မျက်လုံးလေးတွေ ဝင်းလက်သွားသည်။

"ဟာ... ကိုထက်ကလည်း မဝေးပါဘူး။ သဇင်နဲ့ ကိုထက်ဈေးကိုသွားကြည့်ကြမယ်လေ"

"မလုပ်ပါနဲ့ သဇင်ရာ၊ လူကြီးတွေသိရင် အရိုက်ခံရမယ်ဟ၊ နောက်ပြီး ငါလည်း ဈေးကို တစ်ခေါက်မှ မရောက်ဖူးဘူး"

"အဲ့ဒီအတွက် မပူပါနဲ့ သဇင်၊ ဒေါ်ကြီးလုံးနဲ့ ဈေးကို ခဏခဏလိုက်သွားဖူးတာပဲ။ သဇင်တို့ ဘယ်သူမှမသိအောင် သွားကြည့်ကြမယ်လေ"

မိုးမြင့်သဇင်က ထက်ခေါင်မျက်နှာကို မျှော်လင့်တကြီးဖြင့်





ကြည့်ကာ ပြောသည်။ သူတို့အတွက် ဥယျာဉ်ခြံကြီးထဲမှာ တိတ်တဆိတ်ထွက်ကာ ဈေးကို သွားကြရမည့်အရေးမှာ တကယ်ကို ရောမွှန်စရာ ခန်းကြီးတစ်ခုပင်။

ထက်ခေါင် တိုက်အိမ်ကြီးနှင့် ဘဘရှိရာ တဲဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ အခုချိန်လောက်ဆို သဇင်တို့အဖေအမေရော သူ့အဘပါ နေ့လည်နေ့ခင်း တရေးတမော အိပ်နေလောက်ပြီဟုလည်း သူတွက်လိုက်မိသည်။ အဓိက သူတို့နှစ်ဦး ခြံထဲက ထွက်ဖို့ ထက်ခေါင် စဉ်းစားမိလိုက်သည်။

ထက်ခေါက် မိုးမြင့်သဇင်ကို တစ်ချက်ပြန်ကြည့်သည်။

"ဒါနဲ့ နင့်ဆီမှာ မရမ်းချိုသီးဝယ်ဖို့ ပိုက်ဆံရော ရှိလို့လား"

"ရှိတာပေါ့၊ သဇင့်ဆီမှာ မုန့်ဖိုးတစ်ရာတောင်ရှိတယ်။ မရမ်းချိုသီးတာ ဈေးကြီးလား"

"ဟာ အဲဒီလောက်ကြီး မလိုပါဘူး။ ငါးကျပ်ဖိုး တစ်ဆယ်လောက်ဝယ်ရင်ပဲ အများကြီးဟ"

"ဒါဆို သဇင်တို့ ဈေးကိုသွားဝယ်ကြမယ်ပေါ့"

"နေဦး အဲဒါကို ငါစဉ်းစားနေတာ အခုချိန် အန်ကယ်ကြီးနဲ့ အန်တီကြီးတို့လည်း အိပ်နေလောက်ပြီ။ ငါ့ဘဘလည်း အိပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခိက ဦးညိုကြီးမသိအောင် သွားဖို့ အရေးကြီးတယ်ဟ"

မိုးမြင့်သဇင် ခြံဘက်သို့ တစ်ချက်လှမ်းကြည့်သည်။ ဦးညိုကြီးတစ်ယောက်က နှင်းဆီပင်များကြားတွင် တကုတ်ကုတ်နှင့် ဘာတွေလုပ်နေသည်မသိ။ သဇင်၊ ထက်ခေါင်အား ဦးညိုကြီးကို မေးကလေးငေါ့ကာ ပြသည်။

ထက်ခေါင်ကလည်း စဉ်းစားဟန်ဖြင့်…

"ငါတစ်ယောက်တည်းဆိုရင် ခြံစည်းရိုးက ကျော်ပြီး အသာလေးလစ်ထွက်လို့ ရတယ်ဟ။ နင်ကပါနေတော့ ခက်တယ်"

ဒီနေ့မှ ဂါဝန်ကြီးဖားဖားဝတ်လာခဲ့မိသော သဇင် သူ့ကိုယ်သူ ပြန်ကြည့်မိသည်။ ဒီပုံစံနဲ့တော့ ခြံစည်းရိုးကို ကျော်ဖို့ရာ မလွယ်။ ပြီးတော့လည်း ခြံစည်းရိုးက အမြင့်ကြီး။

ထိုအခိုက် နှင်းဆီပင်များကြားတွင် အလုပ်ရှုပ်နေသော ဦးညိုကြီးကားဂိုဒေါင်ဘက်သို့ ဝင်ရောက်သွားသည်ကို သဇင်လှမ်းတွေ့လိုက်ရသည်။ သူမ ကတိုက်ကရိုက်ဖြင့် ထက်ခေါင်လက်ကို လှမ်းဆွဲလျက်…

"ကိုထက် ဟိုမှာ ဦးညိုကြီး ဂားဂိုဒေါင်ဘက် ဝင်သွားပြီ အခုနေ သဇင်တို့ထွက်ရင်ရမယ်"





"အေး… ဟုတ်တယ်"

ထက်ခေါင်ကလည်း နေရာမှ သုတ်ခနဲ ထရပ်ကာ သဇင်နှင့်အတူ ရွက်လှပန်းပင်တန်းများကို အကာအကွယ်ယူ၍ ခြံပေါက်ဘက်ဆီသို့ ပြေးခဲ့ကြတော့သည်။ နှစ်ယောက်စလုံး ရင်တထိတ်ထိတ်ဖြင့် ခြံတံခါးဆီသို့ ရောက်တော့ ခြံတံခါးကို အတွင်းဘက်မှ သော့ခလောက်ကြီးခတ်ထားတာကို စိတ်ပျက်ဖွယ် သူတို့တွေ့လိုက်ကြရတော့သည်။ ဘယ်လိုလုပ်ကြမလဲ ဟူသော အကြည့်နှင့် သဇင်က ထက်ခေါင်ကို လှမ်းကြည့်သည်။ ထက်ခေါင်က ပခုံးကို တွန့်ပြ၍ ခြံတံခါးဘေးရှိ ရွက်လှပင်အုံတန်းတစ်ခုဘေးတွင် နှစ်ယောက်သားထိုင်ချလိုက်ကြသည်။ ပြီးမှ ထက်ခေါင်က လေသံတိုးတိုးဖြင့်…

"အပြင်ထွက်ဖို့ကတော့ မလွယ်ဘူးဟ၊ ဒီလိုလုပ် နောက်နေ့ကျောင်းဖွင့်တဲ့အချိန်ကျမှ ကျောင်းဆင်းတဲ့အချိန် တို့နှစ်ယောက် ဈေးတိုသွားကြမယ် မကောင်းဘူးလား"

ကိုထက်အကြံပေးတာ ကောင်းပေမဲ့ လောလောဆယ်ကို မရမ်းအချိုသီးစားချင်နေသောဆန္ဒက မိုးမြင့်သဇင်တွင် ကြီးမားနေသည်က ခက်နေသည်။ မိုးမြင့်သဇင်၊ ထက်ခေါင်ကို မျက်လုံးလေးဝေ့ကာ တစ်ချက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား ကိုထက်"

"ဘယ်လိုလုပ်ရမှာလဲ"

"ဟို ခုနက ကိုထက်ပြောတယ်လေ၊ ကိုထက်တစ်ယောက်တည်းဆို ခြံစည်းရိုးကိုကျော်ပြီး အသာလစ်ထွက်လို့ ရတယ်ဆို အဲဒါ..."

ထက်ခေါင်မျက်လုံးလေး ကလယ်ကလယ်နဲ့ စဉ်းစားသွားသည်။ ဒီကောင်မလေး မရမ်းချိုသီး အရမ်းစားချင်နေပြီဟုလည်း တွေးလိုက်မိသည်။ သူ့အနေနှင့်ကလည်း မိုးမြင့်သဇင်ကို မရမ်းချိုသီး စားဖူးစေချင်နေသည်။ နောက်ဆုံး ထက်ခေါင် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်မိတော့သည်။

"ဒါဖြင့်ပေး ပိုက်ဆံ"

မိုးမြင့်သဇင်က ဝမ်းသာအားရဖြင့် သူမ၏ အိတ်ထဲမှ ရာတန်လေးတစ်ရွက်ကို ထုတ်ပေးသည်။

"နင်ကလည်း အကြွေမရှိဘူးလားဟ"

"မရှိဘူး ကိုထက်ရ၊ ဟိုရောက်တော့ သူတို့ပြန်အမ်းမှာပေါ့"

ထက်ခေါင် ဘာမှမပြောတော့ဘဲ မိုးမြင့်သဇင်လက်ထဲမှ ပိုက်ဆံကို လှမ်းယူ၍ အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ ပြီးမှ...





"ဒီနဲ့ဈေးက နည်းနည်းဝေးတော့ နည်းနည်းတော့ ကြာမယ်။ နင် ဒီကပဲစောင့်နေ ငါ မြန်မြန်ပြေးပြီး မြန်မြန်ပြန်လာခဲ့မယ်"

နှစ်ဦးသား ပိတောက်ပင်ကြီးအောက်သို့ ပုန်းလျှိုးကွယ်လျှိုးနဲ့ ပြန်လာခဲ့ကြသည်။ ပြီးမှ ထက်ခေါင် ပိတောက်ပင်ကြီးနဲ့ ကွယ်နေသည်။ အုတ်ရိုးခြံစည်းရိုးမှ အပြင်ကို ကျော်တက်ရန် ကြိုးစားတော့သည်။

"ကိုထက် သတိထားတက်နော်"

အောက်မှ မိုးမြင့်သဇင်က သူ့ကို စိုးရိမ်စွာကြည့်ကာ သတိပေးသည်။ ထက်ခေါင် အုတ်ရိုးပေါ်သို့ ရောက်သွားတော့ ဒီလောက်ဆိုတော့ ငါ့အတွက် မှိုင်နာပါ ဟူသော အကြည့်ဖြင့် မိုးမြင့်သဇင်ကို ငုံ့ကြည့်ကာ လက်မတစ်ချောင်းကို ထောင်ပြလိုက်သည်။ အဲဒီမှာ အုတ်ရိုးကို ထိန်းကိုင်ထားတဲ့ ကျန်လက်တစ်ဖက်က တက်နေသော ရေညှိများကြောင့် ရုတ်တရက် ချော်ထွက်သွားပြီး...

"ဝုန်း"

"အမလေး"

ထက်ခေါင်တစ်ကိုယ်လုံး အားလွန်ကာ ခြံစည်းရိုးပေါ်မှ ပြုတ်ကျသွားတော့သည်။ ဝုန်းခနဲ ပြုတ်ကျသံ မိုးမြင့်သဇင်၏ ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



တကြား အော်ဟစ်သံများကြောင့် ကားဂိုဒေါင်ထဲမှ ထွက်လာသည့် ဦးညိုကြီး ပိတောက်ပင်ကြီးအောက်သို့ စိုးရိမ်တကြီး ပြေးလာသည်ကို ထက်ခေါင် နောက်ဆုံး ဝိုးတဝါးမြင်လိုက်ရပြီး နောက်မှာတော့ သူ ဘာမှမသိတော့ဘဲ ဖြစ်သွားရတော့သည်။

အဲဒီနေ့က နောက်ဆုံး စာရင်းချုပ်လိုက်တော့ ထက်ခေါင်တစ်ယောက် ခြံစည်းရိုးတံတိုင်းပေါ်မှ ပြုတ်ကျသောဒဏ်နှင့် လက်ကျိုးကာ ဆေးခန်းတွင် ကျောက်ပတ်တီးစည်းလိုက်ရသည်။ မိုးမြင့်သဇင်က အရိုက်ခံရသည်။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး မရမ်းချိုသီးကိစ္စကို လူကြီးတွေအား အသိမပေးရဲ။ ထက်ခေါင်ကိုယ်တိုင်က ပိတောက်ပင်ပေါ်က ငှက်သိုက်ကို တက်ထိုးရင်း ပြုတ်ကျတာပါဟု လူကြီးတွေကို ဝန်ခံခဲ့လိုက်သည်။ အဲဒီတုန်းက မိုးမြင့်သဇင်ကတော့ သ့အမေရိုက်လို့ နာတာထက် သူ့အရမ်းချိုသီးကိစ္စနှင့် လက်ကျိုးသွားခဲ့သော ထက်ခေါင်အတွက် မျက်ရည်ကျလို့မဆုံး။

ဩော်… ဒီအဖြစ်အပျက်တွေက ကြာပြီဖြစ်ပေမဲ့ ထက်ခေါင် ရင်ထဲမှာ အခုထက်တိုင် မှတ်မိနေဆဲပါလေ။

နောက်ထပ်လည်း သူ့ရင်ထဲ၌ မိုးမြင့်သဇင်နှင့် ပတ်သက်သည့် အမှတ်တရဖြစ်စေမည့် အဖြစ်အပျက်ကလေးများ များစွာကို အမှတ်ရမိနေဆဲ။





အဲဒီထဲက သူနှင့် မိုးမြင့်သဇင်တို့ ခွဲခဲ့ကြရသော (၅) တန်းနှစ်က အဖြစ်အပျက်ကလေးဆိုလျှင် သူပြန်တွေးလိုက်တိုင်း နာကြင်ကြေကွဲစွာ ခံစားခဲ့ရလေသည်။

အမိမဲ့ အဖမဲ့ ညီကိုမောင်နှမသံယောဇဉ်မဲ့ခဲ့ရသော သူသည် မိုးမြင့်သဇင်ပေါ်၌ ခိုင်မာလွန်းသော သံယောဇဉ်နှင့် ဖြူစင်စွာ ခင်တွယ်ခဲ့လေသည်။ ဒါပေမဲ့ အချစ်မေတ္တာ သံယောဇဉ်နှင့် ပတ်သက်၍ အမြဲတမ်းကံဆိုးခဲ့သော သူ့အတွက် သူ မေတ္တာထားချစ်ခင်ခဲ့ရသူ လူအားလုံးတို့သည် သူ့အား အမြဲလိုလိုပင် ခွဲသွားခဲ့ကြသည်ချည်းသာ။

တကယ်တော့ သူ့ဘဝသည် မေတ္တာငတ်သည့် ရေဝေးကြာတစ်ပွင့်သို့သာလျှင် ရှိနေချေတော့သည်တကား။



www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၄) ...

စာမေးပွဲများ ပြီးဆုံး၍ ချမ်းမြေ့အိမ်သို့ ပြန်ရတော့မည်ဟူသော စကားကို ကြီးကြီးမေထံမှ ကြားလိုက်ရကတည်းက မိုးမြင့်သဇင် ထဲတွင် အပျော်တို့ဖြင့် စီးဝင်ရွှင်မြူးခဲ့ရလေသည်။ တကယ်တော သူမအနေနှင့် မေမေ၏အမိန့်ကို မလွန်ဆန်ဝံ့၍သာ ရန်ကုန်၌ကျော တက်နေရသော်လည်း မွေးရပ်ဌာန နယ်မြို့ကလေးနှင့် ချမ်းမြေ့အိမ် ကို တစ်ရက်မှမေ့လို့မရခဲ့။ သဇင့်ဘဝတစ်သက်လုံးမှာ ဘယ်တော့ မေ့ပျောက်လို့မရအောင် ရင်ထဲ၌ စွဲဝင်ခင်တွယ်နေမိသူတစ်ဦးကတော့ ဒီချမ်းမြေ့အိမ်ဆိုတဲ့ သူမတို့အိမ်ကြီးမှာ ကျန်ရစ်နေခဲ့သည ပဲလေ။ ကလေးဘဝအရွယ်ကတည်းက ခင်မင်တွယ်တာခဲ့ရသော





သူသည် ယနေ့ထက်တိုင် သူမနှလုံးသား၌ ခိုင်မြဲစွာ နေရာယူနေဆဲ။

အခုချိန်အထိ ပြန်တွေးလိုက်တိုင်း သူ၏ ရုပ်သွင်သည် သူမ နှလုံးသားထက်၌ ထင်ရှားပြတ်သားစွာ ပေါ်လွင်နေဆဲ။

မှတ်မိသေးသည်။ သူနှင့် သဇင်တို့ သူမ (၄) တန်းနှစ်တွင် ခွဲခဲ့ကြပြီး (၁၀) တန်းနှစ် စာမေးပွဲပြီးဆုံးလို့ အိမ်ကို တစ်ခေါက် ပြန်ခွင့်ရသည့်အချိန် အံ့ဩလောက်ဖွယ် (၉) နှစ်ကြီးလုံးလုံးများတောင် တစ်ယောက်နဲ့တစ်ယောက် ကွဲကွာနေခဲ့ကြပြီး သံယောဇဉ်ကြီးစွာနဲ့ တစ်ယောက်နဲ့တစ်ယောက် မှတ်မိနေကြသည့် အဖြစ်အပျက်။

တကယ်ဆို လေးတန်းကျောင်းသူ အသားဖြူဖြူ မျက်လုံးပြူးပြူး ပါးဖောင်းဖောင်းလေး မိုးမြင့်သဇင်နဲ့ (၁၀) တန်းကျောင်းသူ မိန်းမ ပျိုလေး မိုးမြင့်သဇင်နဲ့က အကွာခြားကြီး ကွာခြားနေခဲ့ပြီ မဟုတ် လား။ မည်းနက်ဖြောင့်စင်းနေပြီး နူးညံ့စွာ အိကျနေသော ဆံပင် ရှည်ကြီးများနဲ့ လိုက်ဖက်လွန်းလှသည့် မျက်နှာကျလှလှ ထူထဲသော မျက်ခုံးတန်းလေးများအောက်မှာ ရွှန်းစိုတောက်ပနေသော မျက်ဝန်း ကြီးများ ချစ်စဖွယ်လုံးလုံးချွန်ချွန် နှာတံလေးနဲ့ နှုတ်ခမ်းဖူးဖူး လေးများ အစရှိသည်တို့က မိုးမြင့်သဇင်အား နူးညံ့လှပလွန်းသည့် မိန်းမချောလေးတစ်ယောက်အဖြစ်ကို ထင်ရှားနေစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကြီးကြီးမေနဲ့အတူ မိုးမြင့်သဇင် ချမ်းမြေ့အိမ်ကို ပြန်ရောက်ခဲ့ကြတော့ သူမအား ဖေဖေ မေမေတို့ကပင် ရုတ်တရက် မမှတ်မိကြ။ ပြီးမှ သူတို့၏ သမီးချောကို ဝိုင်းဝန်းပွေ့ဖက် နမ်းရှုံ့၍ ချီးမွမ်းပြောဆို၍မဆုံး ဝမ်းသာဂုဏ်ယူ၍မဆုံး။

အဲဒီ့အချိန် ကြီးကြီးမေကလည်း…

“တွေ့လား ငါ့တူမကို ညည်းတို့ဆီထားရင် တောပုံတော ဂိုက်ပျောက်မှာ မဟုတ်ဘူး။ အခုကြည့်စမ်း ရန်ကုန်ရေမြေနဲ့တွေ့တော့ ကိုယ့်သမီးကိုယ်တောင် မမှတ်မိကြတော့ဘူး မဟုတ်လား” လို့ ပြောပြီး ဂုဏ်ယူဝံ့ကြွား၍မဆုံး။

ဘာပဲပြောပြော အဲဒီ့အချိန်တုန်းက မိုးမြင့်သဇင်ကတော့ ကိုယ့် သမီးကိုယ် စီးပွားရေးအလုပ်တွေလောက် ဂရုမစိုက်ဘဲ အဒေါ်တစ် ယောက်လက်ထဲကို နှစ်အကြာကြီးပို့ထားခဲ့သော ဖေဖေ မေမေတို့ ကို သိပ်ပြီး အစာမကြေချင်။ ပြီးတော့လည်း အနေဝေးလို့လားမသိ ကလေးဘဝတုန်းကလိုလည်း ဟက်ဟက်ပက်ပက် သံယောဇဉ်မရှိ တော့။ မိဘဟူသော သံယောဇဉ်အားလုံးတို့သည် (၄) တန်းကျောင်း သူကလေးဘဝအရွယ် အဒေါ်တစ်ယောက်၏ အိပ်ခန်းထဲတွင် ည ပေါင်းများစွာ ငိုကြွေးခဲ့ရသော မျက်ရည်တို့နှင့်အတူ ခြောက်ခမ်းသွား





ခဲ့ရသည်ထင်၏။

ဒါပေမယ်လို့ အဲဒီတုန်းကတည်းက ကျခဲ့ရတဲ့ မျက်ရည်တစ် စက်ကတော့ဖြင့် အခုချိန်ထိ ခြောက်ခမ်းသွားခြင်းမရှိဘဲ စိုစွတ်နေ ဆဲရှိနေတာကတော့ အရမ်းကို အံ့သြစရာပေါ့လေ။

အဲဒီ့မျက်ရည်တစ်စက်ဆိုတာက ကိုထက် ဆိုတဲ့ကောင်လေး တစ်ယောက်အတွက် ကျခဲ့ရတဲ့ မျက်ရည်တစ်စက်ဆိုရင် လွန်မလား ပဲ။

ဟုတ်တယ် သူ့ကိုတော့ဖြင့် ယခုထက်တိုင် သူမနှလုံးသားထဲ မှာ စွဲမြဲစွာ ခင်တွယ်နေမိဆဲ။ ဒါကြောင့်လည်း ခရီးရောက်မဆိုက် မေမေ့ကို…

‘ဟို… ကိုထက်နဲ့ ဘာဘာထွန်းတို့ရော ရှိကြသေးရဲ့လား မေမေ’ လို့ မေးမိတော့ မေမေက အကြည့်တစ်မျိုးနဲ့ သူမကို ကြည့် ပြီး ချက်ချင်းမဖြေ။ ပြီးမှ ဖေဖေက ကြားက ဝင်ရောက်ပြီး…

“တစ်နှစ်ကမှ ဦးလေးထွန်းဆုံးသွားခဲ့ပြီ သမီးရဲ့။ ဖေဖေတို့ လည်း အလုပ်တွေရှုပ်နေတာနဲ့ သမီးတို့ဆီတောင် အကြောင်းမကြား နိုင်ဘူး။ မောင်ထက်ခေါင်ကတော့ အခုထက်ထိ ဒီမှာ ရှိနေလေရဲ့။ သမီးသွားပြီး နှုတ်ဆက်ချင် နှုတ်ဆက်ချေလေ” ဆိုတော့ မေမေက



www.burmeseclassic.com

www.burmeseclassic.com



"အို… ကိုကလည်း သမီးက အခုမှ ခရီးရောက်မဆိုက် ခရီးပန်းလာတာနဲ့ နောက်မှ နှုတ်ဆက်လည်းရတဲ့ဥစ္စာ"

မေမေ့လေသံက တစ်မျိုးဖြစ်နေသည်ကို သူမ အကဲခတ်မိလိုက်သည်။ ပြီးတော့ ဖေဖေ့ကိုပြောရင်း ကြည့်လိုက်သော မျက်ဝန်းတွေကိုလည်း သူမ မကြိုက်။ (၉) နှစ်ဟူသော အတိုင်းအတာတစ်ခုအတွင်း ကိုထက်တို့ မြေးအဘိုးပေါ်ထားခဲ့သော မေမေ့စေတနာတွေက ဘယ်လိုများ ဖြစ်ကုန်ပြီလဲလို့ သူမ အံ့သြစွာ တွေးနေမိသည်။ ပြီးတော့လည်း ငယ်ငယ်က ဆံပင်ထူထူ အသားဖြူဖြူနဲ့ ပိန်ပိန်ရှည်ရှည် ကိုထက်ရဲ့ ရုပ်သွင်က ဘယ်လိုတွေများ ပြောင်းလဲနေပြီလဲဆိုတာကိုလည်း သူမ အရမ်းတွေ့ချင်မြင်ချင်နေမိသည်။ အဲဒီအချိန်မှာပဲ သူမအပေါ် အမြဲတမ်း အလိုက်တသိနိုင်လွန်းလှသော ကြီးကြီးမေကပါ မေမေကို…

"အိုအေ ညည်းကလည်း ငါတို့ တူဝရီ အိပ်ခန်းတွဲနဲ့ မိန်းနဲ့လိုက်လာကြတာပါအေ။ ညည်းသမီးဆို ရထားဘူတာဆိုက်တာတောင် မနည်းနိုးယူရတယ်။ ဘာပင်ပန်းတာလိုက်လို့ သွား…သွား သမီး မောင်ထက်ခေါင်ကို သွားနှုတ်ဆက်လိုက် သူ့ခမျာလည်း ငယ်တုန်းက အတူနေခဲ့ရတော့ တွေ့ချင်ရှာမပေါ့" လို့ ဆိုလိုက်တော့





မေမေ ဘာမှမပြောသာတော့ ဒီတော့မှ သူမလည်း မေမေ့ကို ပြုံးပြုံး …

"ဟုတ်တယ် မေမေရဲ၊ သမီး မပင်ပန်းပါဘူး ကိုထက်ကို သွားနှုတ်ဆက်လိုက်ဦးမယ်နော်" လို့ ပြောပြီး လှေကားကြီးတွေရှေ့ လှစ်ခနဲ ပြေးထွက်ခဲ့တော့…

"ကဲ…ဒါဆိုလည်း ကြွ…ကြွ သခင်မ တအားကြီးလည်း ကြာမနေနဲ့ဦးနော်။ အရင်တုန်းက အချိန်နဲ့ အခုက တူတော့တာ မဟုတ်ဘူး"ဆိုတဲ့ မေမေရဲ့ မကျေနပ်သံတစ်ဝက်နှောနေတဲ့ အသံက နောက်ပါးမှာ လွင့်ကျန်နေလေရဲ…

အဲဒီအချိန် မိုးမြင့်သဇင်ဆိုတဲ့ သူမကတော့ တိုက်နောက်ဖေးပေါက်ကနေ ပြေးဆင်းကာ ယခင် ကိုထက်တို့ တဲတန်းလျားလေးရှိရာဆီသို့ အပြေးကလေးသွားရောက်လိုက်တော့သည်။

ဒါပေမဲ့လို့ သူမခြေလှမ်း ဆယ်လှမ်းမပြည့်မီမှာပဲ သူမရှေ့ တည့်တည့် လမ်းမှာ ပိတ်ရပ်နေတဲ့ လူတစ်ယောက်ကြောင့် ခြေလှမ်းတွေ တုန့်သွားရလေတော့သည်။ ပြီးတော့ သူက သူမကို စူးရဲတဲ့ မျက်လုံးကြီးတွေနဲ့ စိုက်ကြည့်နေတယ်လေ။

အသားဖြူဖြူ အရပ်မြင့်မြင့်ကြီးနဲ့ တကယ်ကို ချောမော



www.burmeseclassic.com

www.burmeseclassic.com



ခန့်သန့်တဲ့ လူတစ်ယောက်ရယ်ပါ။ ဆံပင်ထူအုပ်အုပ်တွေကလည်း သူ့နဖူးပေါ်မှာ ဝဲကျနေပြီး သူ့မျက်ဝန်းနက်နက်တွေနဲ့ ဖျတ်ခနဲ အကြည့်ချင်းဆုံလိုက်မိတော့ သူမရင်တစ်ခုလုံး သိမ့်ခနဲ တုန်ခါသွားပြီး နှလုံးသားကနေ ကိုထက်ဟူသော အသိကို ရလိုက်တော့သည်။

အဲဒီအချိန်မှာပဲ သူ့ဆီက အကြည့်နွေးနွေးတစ်ခုနှင့်အတူ …

“သဇင်တို့ ဒီမနက်ရထားနဲ့ ပါလာကြတာလား ကိုယ်ထက်ခေါင်လေ…”

တကယ်တမ်း သူမရင်ထဲတွင် နှစ်ပေါင်းများစွာ ခိုဝင်နေခဲ့သော ‘ကိုထက်’

ဆိုသည့် ကောင်လေးတစ်ယောက်အစား အခုလို ချောမော၍ ရည်မွန်ခန့်သန့်လွန်းသော လူတစ်ယောက်ပုံစံမျိုးနှင့် နဖူးတွေ့ ဒူးတွေ့ စကားပြောရတော့မည်ဆိုတော့ မိုးမြင့်သဇင် ဘာပြန်ပြောမည်ပင် မသိတော့။ အယောင်ယောင် အမှားမှားနှင့်ပင်။

“ဟုတ်…ဟုတ်ကဲ့ ဟို…ဟို… သဇင် ကိုထက်ကို လာနှုတ်ဆက်တာ”

သူမ မပွံ့မရဲ အမူအရာမျိုးနဲ့ ကိုထက်မျက်နှာကို မရဲတရဲကြည့်ပြီး ပြောလိုက်တော့ သူ့မျက်နှာက ခင်မင်ဖွယ် အပြုံးချိုချိုတစ်ခုနဲ့





ပြုံးနေလေသည်။ ပြီးတော့မှ အခုထက်တိုင် နွေးနွေးထွေးထွေးရှိနေဆဲဖြစ်သောအသံနဲ့…

“သဇင် အခုလို ကိုယ့်ကို သတိတရရှိနေတာ သိရတာ ကိုယ် အရမ်းဝမ်းသာတာပဲ၊ လာလေ သဇင် ကိုယ်တို့ ငယ်ငယ်တုန်းက ဆော့ခဲ့ကြတဲ့ ပိတောက်ပင်ကြီးအောက်ကို သွားကြည့်ရင်း စကားပြောကြရအောင်”

သူမ ငြင်းဆန်ရန် အင်အားမဲ့စွာနဲ့ပဲ ကိုထက်နဲ့အတူ ပိတောက်ပင်ကြီးအောက်ကို လိုက်ပါခဲ့မိတော့သည်။

ပိတောက်ပင်ကြီးအရိပ်က ငယ်ငယ်တုန်းကအတိုင်းပင် အေးမြငြိမ်းချမ်းနေဆဲ။ ကလေးဘဝက အငွေ့အသက်လေးတွေကို ခံစားမိပြန်တော့လည်း အလိုလိုနေရင်း မိုးမြင့်သဇင် ကိုထက်ခေါင်အပေါ် ရှိနေစိတ်တွေ ပျောက်သွားသလို ဖြစ်သွားရသည်။

“ဘာဘာထွန်းဆုံးပြီဆို သဇင်စိတ်မကောင်းလိုက်တာ မေမေတို့ကလည်း ဘာမှအကြောင်းမကြားတော့ ဘယ်သိမလဲ”

“ကိစ္စမရှိတော့ပါဘူး၊ သဇင်ရယ် ဘာဘာဆုံးတာလည်း ကြာခဲ့ပြီပဲ။ ကိုယ် ရှစ်တန်းအောင်တဲ့နှစ်ကလေ”

“ဟင်… ဒါများ မေမေတို့က ပြောတော့ တနှစ်ကတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကိုထက်ရော အခုလောက်ဆို (၁၀)တန်းအောင်ပြီးပြီပေါ့နော်၊ အခု ကျောင်းရောဆက်တက်နေလား''

ကိုထက်က ချက်ချင်းမဖြေ။ ခပ်တွေတွေ စဉ်းစားနေပြီးမှ...

ကိုယ် (၁၀) တန်းကျပြီး ကျောင်းထွက်လိုက်ရတယ် သဇင်ရဲ့''

''ဟင်... နှမြောစရာကြီး ငယ်ငယ်တုန်းက ကိုထက်က စာအရမ်းတော်တာပဲ။ ဘယ်လိုဖြစ်တာလဲ''

ကိုထက် ဘာမှ ပြန်မဖြေပါ။ ပြုံး၍သာနေသည်။ ပြီးမှ...

''သဇင်ရော ဒီနှစ် (၁၀) တန်းဖြေနိုင်ရဲ့လား'' ဟု မေးသည်။ သူမက ခေါင်းညိတ်ပြလိုက်တော့...

''ဆယ်တန်းအောင်ရင်တော့ သဇင် တက္ကသိုလ်ကျောင်းကြီးကို ဆက်တက်ရမှာပေါ့'' ဟု ဆိုကာ တက္ကသိုလ်ကျောင်းတော်ကြီး၏ ပျော်စရာကောင်းပုံများကို ကိုထက်က ပြောပြနေပြန်ပါသည်။ ဒါနဲ့ သူမက...

''ကိုထက်က အင်းလျားမြေတွေ ကံ့ကော်တန်းတွေအကြောင်း ဒီလောက်သိနေတာ ရန်ကုန်တက္ကသိုလ်ကြီးကို ရောက်ဖူးလို့လား''' လို့ မေးလိုက်တော့ ...

''မရောက်ဖူးပါဘူး၊ စာအုပ်တွေထဲ ဖတ်ခဲ့ဖူးတာတွေ ပြေးပြ





နေတာ''

ဟု ကိုထက်က ဖြေသဖြင့် နှစ်ယောက်သား ရယ်ကြရသည်။ ဒီလိုနဲ့ အဲဒီနေ့ကတင် နှစ်ယောက်သာ ပိတောက်ပင်ကြီးအောက်တွင် စကားတွေ တော်တော်ပြောဖြစ်ခဲ့ကြလေသည်။ ငယ်ငယ်တုန်းက အကြောင်းတွေနဲ့ မရမ်းချိုသီး ခိုးဝယ်ဖို့ ကြိုးစားရင်း လက်ကျိုးခဲ့ပုံကိုပါ ပြောမိကြတော့ ချက်ချင်းပင် ကလေးဘဝကို နှစ်ယောက်စလုံး ပြန်ရောက်သွားကြသလို ခံစားလိုက်ကြရသည်။ အဲဒီနောက်မှ သဇင် ထွက်သွားတာကြာလို့ မေမေခေါ်ခိုင်းလိုက်တဲ့ ဒေါ်ကြီးလုံး လာခေါ်မှ ကိုထက်ကို နှုတ်ဆက်ပြီး အိမ်ကြီးဘက်သို့ ပြန်လိုက်လာခဲ့ရတော့သည်။

အဲဒီအချိန်ကလည်း သူမ၏ ရင်ထဲမှာ ကိုထက်ဆိုတဲ့လူဟာ အချိန်ပြည့် ခိုတွဲနေတော့တာပါ။ ဒီပြင်လည်း အဲဒီနွေကျောင်းပိတ်ရက်တစ်နွေလုံး ကိုထက်နဲ့ အတူတူ လျှောက်လည်ခဲ့ရတာတွေ ဈေးကို အတူတူသွားရင်း ကြည်နူးခဲ့ရတာတွေ သင်္ကြန်အတွင်း အတူတူ ရေပက်ကာ ပျော်ရွှင်ခဲ့ရတာတွေ၊ မိသားစု တောကျောင်းတွင် ဥပုသ် စောင့်သွားရင်း တောကျောင်းကန်ထဲက ကြာပွင့်တွေကို ကိုထက်မှ ခူးပေးခဲ့ပုံတွေ အို... ပြောရရင် ကိုထက်နှင့် ပတ်သက်သမျှသော



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံး ဟူသမျှတို့သည် သူမ၏ ရင်ထဲနှလုံးသားထဲတွင် စွဲမြဲနစ်ဝင်ခဲ့ရလေသည်။ သူမနှင့် ကြီးကြီးမေတို့ ရန်ကုန်ကို ပြန်ခဲ့ကြတဲ့ည။

ဘူတာအထိ ရထားလိုက်ပို့ခဲ့တုန်းကဆိုရင် ဖေဖေတို့မေမေတို့ နောက်ပါးမှာ အထုပ်အပိုးတွေ ဆွဲရင်း ကြေကွဲရိပ်သန်းနေတဲ့ ကိုထက်ပုံစံလေးဆို သဂင် ခုထက်ထိ မေ့လို့မရ။ တစ်လမ်းလုံးလည်း ကြီးကြီးမေ မသိအောင် ကြိတ်ပြီး ငိုခဲ့ရလေသည်။

သြော်… အခုဆို အဲဒီအဖြစ်အပျက်လေးတွေကတောင် လေးနှစ်ကြော် ကာလကြာခဲ့ပြီပဲ။

အခုချိန်မှာရော ကိုထက်တစ်ယောက် ဘယ်လိုတွေပြောင်းလဲနေပြီလဲ။ သူမကိုယ်တိုင်ကတော့ အထပ်ထပ်ရစ်ပတ်ပြီးခဲ့သော သံယောဇဉ်ကြိုးအထပ် နှောင်ငင်နိုင်မြဲလျက် လေးနှစ်တာ တက္ကသိုလ်နယ်မြေတွင် ဖြတ်သန်းခဲ့ရသည့်တိုင်…

'အချစ်' ဟူသည်ကို ရှာဖွေမကြည့်ခဲ့မိ။

ကုံကော်မြေတွင် ရည်းစားအတွဲကင်းမဲ့ခဲ့သော မေဂျာကွင်းသူမကို သူငယ်ချင်းများကိုယ်တိုင်ပင် အံ့သြချီးကျူးခဲ့ရလေသည်။

တကယ်တမ်း သူတို့ မသိတာက မိုးမြင့်သဇင်ရဲ့ နှလုံးသား





အစုံဟာ ချမ်းမြေ့အိမ်က ကိုထက်ခေါင်ဆိုသည့် လူတစ်ယောက်ဆီမှာ အပြီးအပိုင် ကျန်ခဲ့သည့် အဖြစ်ရယ်လေ…

အခုတော့ သူမ၏ နှလုံးသားအစုံရှိနေတဲ့ ချမ်းမြေ့အိမ်ကို အပြီးအပိုင် ပြန်ရပေတော့မည်။

အချစ်ရှိရာအရပ်ကို ပျံသန်းတော့မယ့် ငှက်ကလေးတစ်ကောင်ရဲ့ မြူးကြွသွက်လက်ခြင်းမျိုးနဲ့။

အချစ်ရဲ့ ချိုမြိန်တဲ့ မျက်ဝန်းတွေကို သောက်စို့ဖို့ မိုးမြင့်သဇင် ပြန်ခဲ့ပါပြီ ကိုထက်ရယ်…



www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၅) ...

ရန်ကုန်အထွက်ကတည်းက နောက်ကျခဲ့သော ရထားသည် နံနက် (၁၀) နာရီထိုးပြီးမှပဲ သာစည်ဘူတာသို့ ဆိုက်ရောက်ခဲ့တော့သည်။

မကြာခင် မိမိတို့ မြို့ဘူတာလေးကို ရောက်တော့မည်ဟူသော အသိကြောင့် ရင်ထဲတွင် တသိမ့်သိမ့်ဖြစ်နေမိသည်။ အိပ်စင်ပေါ်ရှိ ခရီးဆောင်အိတ်နှင့် ကြီးကြီးမေ ထည့်ပေးလိုက်သော ပစ္စည်းပစ္စယ များထည့်ထားသည့် လက်ဆွဲခြင်းအထုပ်အပိုးများကို အဆင်သင့်ဖြ လုပ်ထားလိုက်သည်။ ဒီတစ်ခေါက် မိုးမြင့်သဇင် ရန်ကုန်မှ တစ် ယောက်တည်း ပြန်လာခဲ့ခြင်း ဖြစ်၏။ ကြီးကြီးမေက သူ့အလုပ်တွေ





ချက်ချင်းမအားသဖြင့် မိုးမြင့်သဇင်နဲ့အတူ တစ်ပါတည်းလိုက်မလာနိုင်ခဲ့။ သူ့အလုပ်တွေအားတဲ့အချိန်မှ တစ်ခါတည်းစောင့်ပြီးပြန်ကြရန် ပြောခဲ့တော့လည်း သူမကိုယ်တိုင်က ချမ်းမြေ့အိမ်ကို အလျင်စလို ပြန်ချင်တာကြောင့် အခုလို တစ်ယောက်တည်း မိုးမြင့်သဇင် ပြန်ခဲ့ ခြင်းဖြစ်သည်။ ဒါတောင် ကြီးကြီးမေကတော့ စိတ်မချချင်။ သူမ ကလည်း အခုချိန် ဆယ်လေးငါးခြောက်နှစ်အရွယ် အပျိုဖြန်းကလေးမှ မဟုတ်တော့ဘဲ မကြာခင်ပင် ဘွဲ့ယူရတော့မည်။ တည်ငြိမ်စပြုလာပြီ ဖြစ်တဲ့အရွယ်။ နောက်ပြီး ကြီးကြီးမေအပါအဝင် ဖေဖေနဲ့မေမေရောပါ သူမအပေါ်တွင် ကတိတစ်ခုရှိကြသည်ပဲ။ ကျောင်းပြီးလျှင် ကိုယ် ပိုင်လွတ်လပ်ခွင့်နဲ့ အချုပ်အချယ်ဟူသမျှ ကင်းလွတ်ပြီဟူသော ကတိ ဘာပဲပြောပြော အခုချိန်ကလည်းပဲ ကျောင်းပြီးဖို့ဆိုတာ ဘွဲ့ယူရဖို့ အလုပ်တစ်ခုပဲ ကျန်တော့သည်မဟုတ်လား။

"ဘော်... ဘွား... ဘော်"

ဘုရားရေ သူမ အတွေးလွန်နေသည်နှင့်ပင် ရထားသည် သူမ တို့မြို့ကလေး၏ ဘူတာနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ခဲ့လေပြီ။ ရထား က တဖြည်းဖြည်းချင်း အရှိန်လျော့သွားပြီ။ မကြာခင် ရပ်တန့်ပေ တော့မည်။ အခုမှ မိုးမြင့်သဇင် ပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝနှင့် အနီး ဆုံးနေရာသို့ တိုးရွှေ့ရင်း ပြတင်းပေါက်မှလည်း အပြင်ဘက် ဘူတာ ရုံစကြံနံအတွင်း၌ စုပြုံအုံခဲနေကြသော လူများဆီသို့ လှမ်းမျှော်၍ကြည့်မိသည်။ ဖေဖေ၊ မေမေတို့ကတော့ ဘူတာရုံကို ရထားဆိုက်ပြီးကြိုနိုင်း ထားပေးမည်ဟု ဖုန်းနှင့်ပြောထား၏။ သို့သော် မည်သူ လာကြိုလိမ့်မည်ဟု အတိအကျမပြော။ သူမကလည်း မေးဖို့ မေ့နေခဲ့သည်။ အခုတော့ သူမ အပြင်သို့ကြည့်သာကြည့်နေရသည် ဘယ်သူ့ကို မျှော်ရမှန်းမသိ ရထားကလည်း တဖြည်းဖြည်း အရှိန်လျှော့ကာ လုံးဝရပ်သွားပေပြီ။ အခုမှ ပစ္စည်းတွေကို အပေါက်ဝမှ အောက်သို့ချဖို့ မိုးမြင့်သဇင် အခက်တွေ့နေရပေပြီ။ အခြားတွဲများ၌လည်း အတက်အဆင်းခရီးသည်များနှင့် ပျာလောင်ရှုပ်ရှက်ကိုခတ်လို့။ ပြီးတော့ သူမတို့နယ်မြို့ဘူတာရုံလေးတွင် ရထားရပ်ချိန်ကလည်း (၁၀)မိနစ်မျှသာ။ အခုထက်ထိ မိုးမြင့်သဇင် ဘာပစ္စည်းတစ်ခုမှ အောက်မချရသေး။ တွဲပြတင်းပေါက်မှ ပြူတစ်ပြူတစ်ဖြင့်သာ လာကြိုမည်ဆိုသည့်လူကို ရင်တုန်ပမ်းတုန် မျှော်လင့်နေဆဲ။

"ဟော့… ဆင်းမှာလား၊ ပစ္စည်းတွေ အောက်ကို ပစ်ချလိုက် တို့ဖမ်းပေးမယ်"

ရုတ်တရက် အောက်မှ အော်ပြောလိုက်သော လူတစ်ယောက်





အသံကြောင့် မိုးမြင့်သဇင် ဝမ်းသာသွားလျက် စဉ်းစားမနေတော့ဘဲ ပစ္စည်းများကို ထိုလူထံ တစ်ခုချင်း ချပေးလိုက်တော့သည်။ တော်သေးပေ၏။ ပစ္စည်းအားလုံး အကုန် လူလည်းဆင်းအပြီး ရထားက ဥသြဆွဲကာ ဘီးစလိမ့် ထွက်ခွာတော့သည်။ သူမကို ကူညီပေးတဲ့ လူက ပစ္စည်းများကို ဘူတာစကြံနံ ပလက်ဖောင်းပေါ်ထိအရောက် ကူသယ်ပေးပြန်ပါသည်။ စိတ်မောလူမောနဲ့ ပစ္စည်းတွေအားလုံး ပလက်ဖောင်းပေါ်ရောက်မှ မိုးမြင့်သဇင် သူမကို အကူအညီပေးတဲ့ လူကို သေသေချာချာကြည့်မိတော့သည်။ သူမတို့အရွယ် အသားဖြူဖြူ သွယ်သွယ် ကောင်လေးတစ်ယောက်ပင်။ နီညိုရောင်ဆေးဆိုးထားသည့် ဆံပင်ရှည်ရှည်များနဲ့ သူဝတ်စားထားပုံက ခေတ်ဆန်လွန်းသည့် မြို့ကြီးနေ လူငယ်တစ်ယောက်ဖြစ်မှန်း သိသာနေသည်။

"တို့ကို အခုလို ကူညီပေးတာ အရမ်းကို ကျေးဇူးတင်ပါတယ်"

"ရပါတယ် မင်းကိုကြည့်ရတာ ဒီမြို့လေးက မဟုတ်ဘူးနဲ့တူတယ်"

ဒီနယ်မှာမွေးခဲ့တဲ့ ဒီမြို့သူစစ် စစ်ကိုမှ ဒီမြို့ကလေးက မဟုတ်ဘူးနဲ့ တူတယ်လို့ ပြောလာတော့ သူမရယ်ချင်မိသွားသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို သူ့လိုမျိုးပုံစံကမှ သဇင်တို့မြို့ကလေးက မဟုတ်ဘူးဆိုတာ သိသာနေတာပဲ”

“တို့က ဒီမြို့သူစစ်စစ်ပဲ ရန်ကုန်မှာ ကျောင်းသွားတက်ပြီး စာမေးပွဲပြီးလို့ ပြန်လာတာပါ”

“ဩော်ဟော… ဒါကြောင့်ကိုး တို့နာမည်က နေထက်ဇော်တဲ့ မန္တလေးကပါ။ တို့လည်း စာမေးပွဲပြီးလို့ တို့ဦးလေးရှိတဲ့ ဒီမြို့လေးကိုလာလည်တာပါ။ ဒီကနာမည်ကရော ဘယ်လိုခေါ်လဲ မသိဘူး”

ယဉ်ကျေးမှုအရ နာမည်ကို မေးလာတော့ သူမ မဖြေလို့မရတော့။ ပြီးတော့ သူက သူမကို ကူညီပေးခဲ့တဲ့လူလည်း ဖြစ်နေတယ်ဆိုတော့…

“တို့နာမည် မိုးမြင့်သဇင်တဲ့၊ ‘ချမ်းမြေ့အိမ်’က ဦးကျော်ဇေယျနဲ့ ဒေါ်မေသက်တို့ဟာ တို့ဖေဖေနဲ့ မေမေလေ”

‘ဩော်… မိုးမြင့်သဇင်က ချမ်းမြေ့အိမ်ကကို’ဆိုသောစကားကို အံ့ဩသော လေသံမျိုးဖြင့် နေထက်ဇော်က ရေရွတ်သည်။ အဲဒီအချိန်မှာပဲ သူတို့နှစ်ယောက်အနီးကို ချမ်းမြေ့အိမ်က ဒရိုင်ဘာဦးညိုကြီးတစ်ယောက် ပျာတီပျာယာဖြင့် ရောက်လာတော့သည်။

“သမီး မိုးမြင့်သဇင် တော်သေးတာပေါ့ကွယ်၊ ရထားအချိန်





ာ အရမ်းနောက်ကျနေတော့ မနက်ဝမ်းနက် (One up) နဲ့ အမြန်ားမှားနေတာပေါ့။ ရထားသံကြားမှ အမြန်ရထားပဲ ဖြစ်မယ်ဆိုး ကတိုက်ကရိုက် ထွက်လာခဲ့ရတာ”

“ဦးညိုကြီးကတော့ ဒီလိုပဲဖြစ်ရမယ်လေ။ ဝမ်းနက်ကို သမီးို့ရထားက ပျော်ဘွယ်မှာကျော်ခဲ့တာပဲ။ တော်သေးတာပေါ့။ ပစ္စည်းတွေနဲ့ ဆက်ပြီးပါသွားတော့မလို့။ ဒီက နေထက်ဇော်နော် သူ ကူချေးလို့သာပေါ့”

ဦးညိုကြီးက နေထက်ဇော်ကို ပြုံးပြီး တစ်ချက်ကြည့်သည်။ ြီးမှ ချထားသော ပစ္စည်းများကို ဆွဲယူရင်း…

‘ကဲ… လာ သွားကြစို့ သမီး’လို့ ဆိုတော့ မိုးမြင့်သဇင်ထက်ဇော်ကို တစ်ချက်ပြုံးပြပြီး လက်ပြသည်။

‘သွားတော့မယ်နော်’ လို့ နှုတ်ဆက်လိုက်ရသည်။ ဘူတာရှေ့ရပ်ထားတဲ့ သူတို့ကားလေးပေါ်ကို ပစ္စည်းတွေ တင်ပြီး မိုးမြင့်သဇင်ာက်ခန်းမှာ တက်ထိုင်လိုက်တော့ နေထက်ဇော် ဘူတာအပေါက်ဝ ပြုံးပြပြီး လက်ပြသည်။

ဒီတစ်ခါတော့ မိုးမြင့်သဇင် လက်ပြန်မပြတော့ သူကူညီသော ဒီလောက်ရင်းနှီးခွင့်ရရင် တော်ပြီပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်သဇင် ကားကို ဂရုတစိုက် မောင်းနေသည့် ဦးညိုကြီးကို နောက်ကြည့်မှန်ထဲက တစ်ချက်ကြည့်ပြီး…

'ဦးညိုကြီး ခြံထဲမှာ ကိုထက်ရှိသေးလား' လို့ ရင်ခုန်စွာနဲ့ မေးလိုက်တော့ …

"ရှိဝါ့ဗျာ ညည်း ရောက်လာမယ်ဆိုတာ သိတာနဲ့ ဒီကောင် အရမ်ကိုပျော်နေတာ အခုတောင် ဘူတာကို လိုက်လာဦးမလို့ပဲ၊ ညည်း အမေကြောင့် ဟို…အဲ"

ဦးညိုကြီး စကားလွန်သွားဟန်ဖြင့် ရှေ့မဆက်နိုင်တော့ဘဲ အင်းအဲဖြစ်နေသည်။ အရင်တုန်းက မေမေ့သဘောကို မိုးမြင့်သဇင် သဘောမပေါက်ခဲ့သော်ငြား အခုအရွယ်ရောက်တဲ့ အချိန်မှာတော့ တော်တော်တန်တန် သဘောပေါက်လာခဲ့ပြီမို့ ဒီလောက်နဲ့ပဲ ဆက်မမေးတော့ဘဲ ငြိမ်လိုက်တော့သည်။

"ဩော်… ကိုထက်ရယ် ကိုထက်ဘဝကို သဇင် သဘောပေါက်ပါတယ်ကွယ်"

တကယ်တမ်း အချစ်ဆိုတာကို ဘယ်သူမှ စွက်ဖက်မှုမရှိ လွတ်လပ်စွာနဲ့ တစ်ယောက်နဲ့တစ်ယောက် အစွန်းစွန်ဆုံးချစ်လို့ရကြပေမဲ့ နှစ်ဦးသားဘဝချင်း ပေါင်းစပ်ပြီး တစ်သက်တာ လက်တွဲသွားကြရမယ့်အဖြစ်မှာတော့ စွက်ဖက်မှုတွေ တားဆီးမှုတွေနဲ့ ကျေးဇူးပမာဏထုထည်တွေ အို… အများကြီး အများကြီး အလှမ်းတွေ ကွာလွန်းလှပါလားကွယ်။





ဒါပေမယ်လို့လည်း မိုးမြင့်သဇင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ အတွယ်တာဆုံး၊ အရင်းနှီးဆုံးနဲ့ တိတ်တခိုးရင်နင့်အောင် ချစ်ခဲ့ရသူဟာ တစ်ယောက်တည်းပဲ ရှိပါတယ်။

အဲဒါကို 'ချစ်သူ' ရယ်လို့ ပြောမယ်ဆိုရင်လည်း တကယ်သို့ ရင်ခုန်စရာကြီးပဲ။ အခုအရွယ်အထိ ရည်းစားတစ်ယောက်တောင်ထားခဲ့ဖူးတဲ့ သူမအတွက် ဒီ 'ချစ်သူ' ဆိုတဲ့ စကားလေးနဲ့တင် ရင်ခုန်စရာပဲပေါ့ ရှင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## … အခန်း (၆) …

ပူပြင်းခြောက်သွေ့လွန်းစွာ ဖြတ်သန်းခဲ့ရတဲ့ ရက်တွေအားလုံး ထဲမှာ ဒီနေ့တစ်ရက်ဟာ ထက်ခေါင်အတွက်တော့ တကယ့်ကို စိုစွတ်လန်းဆန်းပြီး ပျော်ရွှင်ဖွယ်ကောင်းလွန်းလှတဲ့ ရက်တစ်ရက်ပဲဖြစ်မယ်ထင်ပါသည်။

မိုးမြင့်သဇင်ဆိုတဲ့ ကောင်မလေးတစ်ယောက် အိမ်ပြန်ရောက်လာလို့ ပြုံးပျော်ကြည်နူးနေကြတဲ့ 'ချမ်းမြေ့အိမ်' မှာရှိတဲ့ လူတွေအားလုံးထဲမှာ အပျော်ဆုံးလူတစ်ယောက်ကို လက်ညှိုးထိုးပြပါဆိုလျှင် သူ့ကိုယ်သူ အကြိမ်တစ်ရာလောက် လက်ညှိုးထိုးပြမိမည် ထင်သည်။





အမြဲတမ်း အနီးကပ် အတူနေရသော ဦးညိုကြီးကပင် သူ့ပုံစံကိုကြည့်ပြီး…

'ထက်ခေါင်တို့ကတော့ မနေ့ကထက်ခေါင်နဲ့ ဒီနေ့ထက်ခေါင် တွေပါလားဟေ့' ဟု စသည်အထိ။

ဒီတော့လည်း သူ့ မျက်နှာကြီးရဲသွားသည်အထိ ရှက်သွားပြီ။

'ဟာ… မဟုတ်တာပဲ ဦးညိုကြီးရာ' ဟု မလုံမလဲ ပြန်ပြောမိသည်။ ဒါကိုပဲ ဦးညိုကြီးက တဟားဟားရယ်မောပြီး…

'မိုးမြင့်သဇင်ကလည်း ကားပေါ်ရောက်ရောက်ချင်း မင်းကိုပဲ တန်းမေးတာကွ၊ ဘာပဲပြောပြော မင်းတို့နှစ်ယောက် သံယောဇဉ်ဆို ငါနားလည်ပါတယ်ကွာ၊ ဒါပေမဲ့ ငါနားလည်သလို သူ့အမေခင်အချစ်တော်ကြီး ဒေါ်မေသက်ကတော့ နားလည်မှာ မဟုတ်ဘူးကွ၊ ဒီလောက်ဆို မင်းလည်း သဘောပေါက်မှာပေါ့ကွာ' လို့ဆိုတော့ သူ ပျော်နေသော အပျော်ကလေးများပင် ဆိတ်သုဉ်းပျောက်ကွယ်သွားရတော့သည်။ ပြီးမှ သူ ဝိတောက်ပင်ကြီးကို ငေးမောကြည့်ရှုရင်း…

'ကျွန်တော့်ဘဝကို ကျွန်တော် နားလည်ပါတယ် ဦးညိုကြီးရယ်၊ တကယ်တမ်း မိုးမြင့်သဇင်အပေါ် ကျွန်တော်ထားခဲ့မိတဲ့ သံယောဇဉ်ဆိုတာကလည်း ဟိုငယ်စဉ်ကလေးဘဝကတည်းက မိဘမောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်မဲ့ဘဝနဲ့ တွယ်တာမိခဲ့တဲ့ ဖြူစင်တဲ့ မေတ္တာသက်သက်နဲ့ ညီမလေးတစ်ယောက်လို သံယောဇဉ်ဖြစ်ခဲ့မိတာရယ်ပါ"

ထက်ခေါင်မျက်နှာပေါ်က ကြေကွဲနေတဲ့ အရိပ်တွေကြောင့် ဦးညိုကြီး သက်ပြင်းတစ်ချက်ကို လေးတွဲစွာ ချလိုက်မိသည်။

"အေးကွာ ငါ့အနေနဲ့ကလည်း မင်းအပေါ်ကို ငယ်ငယ်ကတည်းက ကိုယ့်တူသားအရင်းတစ်ယောက်လို မေတ္တာရှိခဲ့လို့ ဒီလိုစကားမျိုးကို ပြောရတာပါ။ တကယ်တော့လည်း ထက်ခေါင်ရယ် လူတွေဟာ ကိုယ့်အပူနဲ့ကိုယ်ဆိုပေမဲ့ အဲဒီအပူကို ကိုယ်တိုင်ကိုယ်မရှာမိဖို့ အရေးကြီးလှပါတယ်ကွာ။ ဒါပေမဲ့လို့လည်း မင်းတို့လို လူငယ်တွေရဲ့ သံယောဇဉ်တွေ မေတ္တာတွေ၊ အချစ်တွေဆိုတာတွေကိုလည်း တားဆီးပိတ်ပင်လို့တော့ မရစကောင်းပါဘူး။ ငါလည်း ဒီလောက်ပဲ ပြောတတ်တော့တယ်"

"ကျေးဇူးတင်ပါတယ် ဦးညိုကြီးရယ်၊ ဘဘမရှိတော့တဲ့နောက်ပိုင်း ဦးညိုကြီးပဲ ကျွန်တော့်ကို အရင်းနှီးဆုံး သွန်သင်ဆုံးမပေးခဲ့တာပါ။ ကျွန်တော် အရာရာကို သဘောပေါက်နားလည်ပါတယ်။ ကဲ... ကျွန်တော် မေမေကြီးကားကို ရေသွားဆေးလိုက်ဦးမယ်"





"အေး...အေး"

ထက်ခေါင် ဦးညိုကြီးရှေ့မှ ကားဂိုဒေါင်ဘက်သို့ လျှောက်လာခဲ့မိသည်။ မသိစိတ်နဲ့အတူ သဇင်တို့တိုက်အိမ်ကြီးဆီသို့ ဖျတ်ခနဲအကြည့်ရောက်မိတော့ အတွင်း၌ ရယ်မောစကားပြောသံများကို ခပ်သဲ့သဲ့မျှ ကြားလိုက်ရသည်။ သဇင်၏ အရိပ်အယောင်ကိုတော့ ခုထက်ထိ သူ မတွေ့မမြင်ရသေး။ ရင်ထဲတွင် ဆစ်ခနဲ နာကျင်သွားရပြန်ပါသည်။ တကယ်တော့လည်း သူ့လို အစစအရာရာ 'ကံနည်းသူ' တစ်ယောက်နဲ့ ရွှေနန်းထက်က တော်ဝင်သဇင်ပန်းလေးတစ်ခက်သည် မနှိုင်းယှဉ်လောက်အောင် အလှမ်းကွာဝေးနေသည်ပဲလေ။

ထမင်းချက် ဒေါ်ကြီးလုံး လာပို့ပေးသော ညစာထမင်းနဲ့ဟင်းကို စားပြီးတော့ တစ်နေ့တာ သူလုပ်ရမည့် အလုပ်များကုန်ဆုံးသွားပေပြီဟု ထက်ခေါင်တွေးလိုက်မိသည်။

သူ့အတွက် ပေးထားသော ကားဂိုဒေါင်ဘေးရှိ အခန်းငယ်လေးအတွင်းရှိ ဝါးပလက်ကုလားထိုင်လေးပေါ်တွင် သူထိုင်လိုက်သည်။ ဒီအခန်းလေးထဲမှာက ဒီပုလင်းကုလားထိုင်လေးတစ်လုံးရယ် သူ အိပ်ဖို့ သစ်သားခုတင်လေးတစ်လုံးရယ်က လွဲပြီး အခြား ဘာပစ္စည်း အသုံးအဆောင်မှ မယ်မယ်ရရမရှိ။ အခြားပြောစရာဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ခနော်ခနဲ့သစ်သားခုံပျက်တစ်လုံးပေါ်တွင် တင်ထားသည့် သူ့ကိုယ်ပိုင်ထင်းရှူးသေတ္တာလေးတစ်လုံးတော့ ရှိသည်။ နောက် အဲ့ဒီဘေးမှာမှ သောက်ရေအိုးငယ်တစ်လုံး ဒါ အကုန်လုံးပါပဲ။ ထက်ခေါင်ဆိုတဲ့ လူတစ်ယောက်အတွက် မှီခိုစရာ လုံလောက်နားနေ အိပ်စက်ရာ သူ့ဘဝ သူ့အခြေအနေသည် ဒီအခန်းလေးနဲ့ ဒီပစ္စည်းလေးမျှသာ။

သူ့ဖေဖေပေးခဲ့သော 'ထက်ခေါင်' ဟူသည့် နာမည်ကသာ ဟိုးအမြင့်ဆုံး ခေါင်ဆုံးမှာ ရှိနေပေမဲ့ လူကတော့ အနိမ့်ဆုံးဆိုတဲ့ ဘဝတစ်ခုတွင်ရယ်ပါ။ တစ်ခါတစ်ခါတော့လည်း သူ့ဘဝကိုသူ မကျေမနပ် ဖြစ်မိသည်။ လောကတွင် အနိမ့်ဆုံးပါဟူသော သူတောင်းစားလိုလူမျိုးတွေပင် သူတို့မာနနှင့် သူတို့ ရှိနေနိုင်ကြလျက် သူ၏ လက်ရှိဘဝတွင်မူ မာနဟူသည် ပျောက်ဆုံးနေရလေသည်။ ဘယ်လောက်များ ရင်နာစရာကောင်းလိုက်ပါသနည်း။ ဒီလိုအတွေးမျိုးနဲ့ တစ်ခါတစ်ခါ ချမ်းမြေ့အိမ်က သူ ထွက်ခွာသွားဖို့ အကြိမ်ကြိမ်စဉ်းစားမိခဲ့သည်။ ဒါပေမဲ့ သူ့ဘဘ မသေခင် သေချာစွာ မှာကြားကတိတောင်းခံသွားခဲ့သော စကားတို့ကလည်း ခပ်ဆန်ဆန်ရယ်။

သူ့ကို ဒီ 'ချမ်းမြေ့အိမ်' ကနေ ဘယ်မှ မထွက်ခွာသွားရပါဘူးဆိုတဲ့ ကတိစကား၊ ပြီးတော့ ဘဘက သူ့ကို သောခတ်ထားတဲ့





သေတ္တာအသေးတစ်လုံးကို ပေးခဲ့ပြီး ဒီသေတ္တာလေးကို ဘယ်လိုလူမျိုးကိုမှ မပြဘဲ သေသေချာချာ သိမ်းဆည်းထားဖို့နဲ့ နောင်တစ်ချိန် ကိုယ့်ဘဝအတွက် အသက်တမျှ အရေးကြီးလှတဲ့ ဘဝအခက်အခဲတစ်ခုနဲ့ ကြုံလာခဲ့တဲ့အချိန်မျိုးမှာမှ ဦးကျော်ဇေယျနဲ့ ဒေါ်မေသက်တို့ လက်ထဲကို ဒီသေတ္တာလေးအပ်ပြီး အကူအညီတောင်းခံဖို့ရယ်တဲ့။ ဒီကြားထဲလည်း သေတ္တာလေးကို သူကိုယ်တိုင် လုံးဝ ဖွင့်မကြည့်ရပါဘူးဆိုတဲ့ ကတိလည်းပေးခဲ့ရလေသည်။ အဲဒီတုန်းက ဘဘက အမောဖောက်နေတဲ့ကြားကနေ···

"ငါ့မြေး ဘဘအပေါ်မှာ ဘယ်လောက်ချစ်တယ်၊ ဘဘကျေးဇူးတွေကို ဘယ်လောက်သိတယ်ဆိုတာ အခု ဘဘ မှာခဲ့တဲ့ ကတိစကားတွေနဲ့ သက်သေပြပါ။ ဘဘ တမလွန်ကနေ ငါ့မြေးကို ကတိသစ္စာတည်ကြည်ပြီး ဘဘကို တကယ်ချစ်တဲ့ ဘဘကျေးဇူးတွေကို တကယ်သိတတ်တဲ့ လူတစ်ယောက်အဖြစ် မြင်ပြီး စိတ်ချမ်းသာနေပါစေ"တဲ့လေ။

ဒီလိုဆိုတော့ ထက်ခေါင်ဆိုတဲ့ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး ဒီချမ်းမြေ့အိမ်က ထွက်ခွာသွားရပါမည်နည်း။

ပြီးတော့ သူ ဒီကနေ ထွက်ခွာမသွားချင်ဆုံးအရာတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိနေသည်။ အဲဒါကတော့ မိုးမြင့်သဇင်။

ဟုတ်တယ်၊ သူ့ဘဝအတွက် အတွယ်တာရဆုံးသော၊ အမြတ်နိုးရဆုံးသော ပန်းလေးတစ်ပွင့်။

ဒီပန်းကလေးကို သူသည် ကလေးဘဝကတည်းက တရှိုက်မက်မက် တွယ်တာသံယောဇဉ်ဖြစ်ခဲ့ပါလျက် "အချစ်" ဆိုတာကို ခံစားသိရှိလာခဲ့ရသော အရွယ်တွင်မူ အရှုးအမူးပင် ရင်ထဲတနင့်နင့် ခံစားရအောင် မြတ်နိုးချစ်ခဲ့လေ၏။

သို့သော် ထိုပန်းကလေးနှင့် သူသည် သာမန်ထက် လွန်ကဲသော အတိုင်းအတာများနှင့် အလှမ်းကွာဝေးလွန်းလှနေသည်ကော။

ထက်ခေါင်တွေးရင်းဖြင့် မိုးမြင့်သဇင်၏ ချစ်စရာမျက်နှာလေးကို မြင်ယောင်မိလိုက်လေသည်။

သိပ်ကိုချစ်ရပါတယ် ကလေးရယ်… မင်းရဲ့မျက်ဝန်းချိုချိုလေးတွေကို တဒင်္ဂသောက်သုံးခွင့်ရတဲ့အချိန်မျိုးလေးတွေကိုတောင် ကိုယ့်ဘဝတစ်သက်လုံးအတွက် အရေးကြီးလှတဲ့ အချိန်တွေနဲ့ လဲယူလို့ရရင်လည်း ယူထားလိုက်ချင်ပါတယ် ကလေးရယ်။ ကလေးကို တဒင်္ဂလေးတွေခွင့်ရပြီး ပျော်ရွှင်ကြည်နူးခဲ့ရတဲ့ အချိန်တွေဟာလည်း ကလေးနဲ့ ဝေးကွာလို့ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာကြာသည်





အထိ ခံစားလွမ်းဆွတ်ခဲ့ရတဲ့ အချိန်တွေကို တိုက်ဖျက်ချေဖျွမ်းနိုင်အား
အောင် ကိုယ့်အတွက် အားအင်တွေကို ဖြစ်စေခဲ့တယ်။ မင်းရဲ့ အကြည့်လေးတစ်ချက်ကိုပဲ ကိုယ့်ဘဝတစ်သက်စာလုံး ယူသွားပါရ
တော့ ကလေးရယ်။

မျက်လွှာနှစ်ခုတို့ကို စုံမှိတ်ကာ ဖျစ်ညှစ်လိုက်စဉ်ခဏ ခပ်နွေးနွေးမျက်ရည်တို့သည် ပါးပြင်တစ်လျှောက် လိမ့်ဆင်းကြလေသည်။

ဒါဟာ… ငိုကြွေးခြင်းပေလား ကလေး…

ဒါဟာ တကယ်ပဲ ငိုကြွေးခြင်းဆိုရင်တော့ ထက်ခေါင်ဆိုတဲ့ လူသားတစ်ဦးဟာ မင်းလေးအတွက်နဲ့ တစ်ဘဝတာ ငိုကြွေးရမယ့် သူပါ ကလေးရယ်…။



www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၇) ...

"ကိုထက်"

မမျှော်လင့်ဆုံးအချိန် မမျှော်လင့်ဆုံး အခြေအနေမှာ ရောက်လာသည်။

မိုးမြင့်သဇင်ကို ထက်ခေါင် အံ့အားတသင့်ကြီး ငေးကြောင်ကြည့်နေမိလေသည်။

သူ ပက်လက်ကုလားထိုင် မှေးခနဲ အိပ်ပျော်သွားရာမှ အိပ်မက်ပင် မက်လေသလောဟု မျက်လုံးနှစ်ဖက်ကို သေချာစွာ ပွတ်သပ်ပြီး ပြန်ကြည့်မိသည်။ အိပ်မက်မဟုတ်၊ မိုးမြင့်သဇင်မှ မိုးမြင့်သဇင်အစစ် ပါပေ။ သူမက အပွင့်လှလှ ညဝတ်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်လျက်





သူ့ကို ခပ်ပြုံးပြုံးလေးကြည့်ရှုနေသည်။ ညလေညင်း၏ ဆော့ကစားမှုကြောင့် သူမ၏ ဆံနွယ်ပျော့ပျော့လေးများက လေထဲတွင် တဖျတ်ဖျတ်ခတ်ကာ လရောင်ဖြင့် မျက်နှာလေးကလည်း ဖွေးနုကြည်လင်နေသည်။ နှစ်ဦးသား (၄) နှစ်ကျော်ကျော် ခွဲခွာနေခဲ့ကြသည့် မျက်နှာကိုယ်စီကို တရှိုက်မက်မက် ငေးမောကြည့်ရှုနေမိကြသည်။ အတန်ကြာမှ...

"အခုချိန်ကြီးမှ ဘာလို့ ကိုယ့်ဆီကို လာခဲ့ရတာလဲ သဇင်"

"သဇင်အိပ်မပျော်တာနဲ့ ပြီးတော့ မနက်က ကိုထက်ဆီကို လာပြီး မနှုတ်ဆက်ရတာနဲ့"

"ဒါနဲ့များ သဇင်ရယ်၊ မေမေကြီး သိရင် သဇင့်ကို ဆူနေပါဦးမယ်"

"ဖေဖေရော မေမေရော အိပ်ကုန်ကြပါပြီ ကိုထက်ရယ်၊ ဒါကြောင့်လည်း သဇင်ထွက်လာရဲတာပေါ့"

ပြောရင်းမှ သဇင်က ထိန်ကြည်စွာသာနေသော လမင်းကြီးကို တစ်ချက်မော့ကြည့်သည်။

'လမင်းကြီးက အရမ်းသာတာပဲနော်' ဟု ရေရွတ်၏။

ထက်ခေါင် သဇင်ရပ်နေရာ အခန်းအပြင်ဘက်သို့ ငုံ့ကာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်သည်။ နှစ်ယောက်သား စကားမဆိုမိဘဲ အလိုင်းပိုပင် ပိတောက်ပင်ကြီးရှိရာဘက်သို့ ခြေလှမ်းများ လှမ်းမိလျက်သားဖြစ် သွားကြတော့သည်။

ကြည်လင်လှသော လရောင်အောက်၌ ရွက်လှပင်တန်းများဖြင့် ပုံဖော်ထားသေ ကျောက်စရစ်ခင်း လမ်းကလေးသည် ဖြူဖွေးဖြောင့် တန်းနေ၏။

""ကိုထက် ဦးညိုကြီးနဲ့အတူ သဇင့်ကို လာကြိုဦးမလို့ဆို ဘာလို့ လိုက်မလာခဲ့တာလဲ""

""ဟုတ်တယ် အစကတော့ ကိုယ်လိုက်လာဦးမလို့ပဲ၊ ဒါပေမဲ့ မေမေကြီးကို ဆိုင်လိုက်ပို့နေရလို့ လိုက်မလာဖြစ်တော့တာပါ""

သဇင်က ဘေးတိုက်လျှောက်နေရင်းမှ သူ့မျက်နှာကို မသိမသာ အကဲခတ်ကြည့်သည်။ ပြီးမှ···

""သဇင် အခုတစ်ခေါက်ပြန်လာတာ ဒီမှာ အပြီးနေဖို့ ပြန်လာတာ ကိုထက် ဝမ်းမသာဘူးလားဟင် ဘယ်လိုပြောလိုက်ပါလိမ့် ကလေးရယ်။ အဲဒီ့အတွက် ဝမ်းအသာဆုံးဆိုတဲ့ လူတောင် ကိုယ့်လောက် ဝမ်းသာမယ် မ...ဘူးဟု စိတ်ထဲရှိသည့်အတိုင်း ထက်ခေါင် ပြောပစ်လိုက်ချင်သည်။ ဒါပေမယ်လို့ လက်တွေ့ နှုတ်ကတော့ဖြင့်···





'ဝမ်းသာပါတယ် သဇင်ရယ်၊ ဘာလိုလိုနဲ့ သဇင်တောင် ဘွဲ့တစ်ခုရတော့မယ်နော်' လို့ ဆိုလိုက်တော့···

""ကိုထက်လည်း တကယ်ဆို အခုချိန်လောက်မှာ ဘွဲ့တစ်ခု ရနေလောက်ပြီပဲ။ ဘာဖြစ်လို့ ဟိုအရင်တစ်ခေါက်က ဆယ်တန်း မအောင်ဘူးလို့ သဇင့်ကို ညာခဲ့ရတာလဲ""

ဒီလောက်အချိန်တိုလေးအတွင်း သဇင် သူ့အကြောင်းကိုသိသွားတာ ထက်ခေါင်အံ့ဩသွားရတော့သည်။

""ဒါကို သဇင့်ကို ဘယ်သူပြောလဲ""

""ဒေါ်ကြီးလုံးပြောတာပေါ့ ကိုထက် (၁၀) တန်းအောင်တုန်းက ဒီနှစ်ခုတောင်ပါတယ်ဆို။ ဒါနဲ့များ ကိုထက်ရယ်""

ဩော်··· မင်းလေးမရှိတဲ့အချိန် မေမေကြီး ကိုယ့်အပေါ်မှာ သဘောထားတွေ ပြောင်းကုန်တာ မင်းမှ မသိဘဲ ကလေးရယ်လို့ စိတ်ထဲမှ ပြောလိုက်မိသည်။

""ဖေဖေနဲ့ မေမေလည်း မတရားဘူး၊ ဘာလို့ ကိုထက်ကို ဆက်ပြီး ကျောင်းမထားပေးကြတာလဲ""

""ဟို··· ဒါက အန်ကယ်ကြီးနဲ့ မေမေကြီးတို့မှာ အပြစ်မရှိပါဘူး သဇင်ရယ်၊ ကိုယ်ကိုယ်တိုင်က ကျောင်းဆက်ပြီး မတက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ပါ"

"အဓိပ္ပာယ်မရှိလိုက်တာ ကိုထက်ရယ်၊ အဲဒါကို သဇင်တော့ လုံးဝ လက်မခံဘူး။ အဲဒီကိစ္စကို ပြောချင်လို့လည်း ရင်ထဲမှာ မအောင့်နိုင်တော့လို့ အခုလို ကိုထက်ဆီကို ထွက်လာခဲ့မိတာ။ သဇင့်ကို ပြောပြစမ်းပါ ကိုထက်ရယ်။ သဇင် မရှိတော့တဲ့နောက်ပိုင်း ကိုထက်တို့မြေးအဘိုးနဲ့ မေမေတို့ ဘာတွေဖြစ်ခဲ့ကြသလဲဆိုတာ ဟိုအရင် (၁၀) တန်းနှစ်ကတည်းက ဘာဘာထွန်းဆုံးတာကိုတောင် သဇင့်ဆီ အကြောင်းမကြားခဲ့ကြတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ မေမေ ဘယ်လိုတွေ ဆက်ဆံနေတယ်ဆိုတာကိုလည်း သဇင် အကုန်လုံး သိပြီးပြီ။ ဘာတွေဖြစ်ကုန်ကြတာလဲ ကိုထက်ရယ်"

တကယ်တမ်း သူလည်း သဇင့်ကို ဘယ်ကစလို့ ဘယ်လို ရှင်းပြရမှန်း မသိတော့ ဖြစ်နိုင်ရင် ဒီကိစ္စတွေကို သဇင်မသိစေချင် အခုတော့ ...

"ဘာပဲပြောပြော မေမေကြီးတို့ဟာ ကိုယ့်အတွက် ကျေးဇူးရှင်တွေပါ သဇင်၊ သူတို့စိတ်အနှောင့်အယှက်ဖြစ်စေမယ့် ကိစ္စမျိုးတွေဆို ကိုယ်ဘဝတစ်ခုမှ မလုပ်ချင်ဘူး။ ကဲ… အဲဒါတွေ ထားလိုက်ပါတော့ သဇင်ရယ်၊ ကိုယ်တို့ အခုလိုစကားအေးအေးဆေးဆေးပြော





ခွင့်ရတဲ့အချိန်လေးမှာ အခြားအကြောင်းအရာတွေကို ပြောကြပါစို့လား နော်"

မိုးမြင့်သဇင်က သူ့ကို တစ်ချက်ကြည့်ပြီး သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်သည်။ ငယ်စဉ်ကတည်းက ကိုထက်ကို သဇင် ကြိုက်တာ အဲဒီအချက်ပဲ။ နေရာတကာ ကျေးဇူးရှင်ဆိုတဲ့ အတိုင်း ဘာကြီးတစ်ခုနဲ့ ခေါင်းငုံ့ခံတတ်တဲ့အကျင့်က သူ့မှာ ခုချိန်ထိ မပျောက်သေး။ သဇင် မသိမသာ သူ့ကို မျက်စောင်းလေးတစ်ချက်လှမ်းထိုးတော့ ထုံးစံအတိုင်း သူက ရယ်ကျဲကျဲနဲ့…

"ကဲ… မနက်ဖြန် သဇင် ဘယ်ကို သွားချင်လဲ ကိုယ်လိုက်ပို့ပေးပါမယ်။ ဒါပေမဲ့ မေမေကြီး ဆိုင်သွားပြီးတဲ့အချိန်ကျမှနော်" လို့ဆိုတော့ သဇင်လည်း မရယ်ဘဲ မနေနိုင်တော့ ပြီးမှ သူမ နှစ်အတန်ကြာအောင် ကွဲကွာနေခဲ့ရသော ဇာတိမြို့ကလေးက သွားစရာနေရာလေးတွေကို စိတ်ကူးဖြင့် အမြန်ဆုံး စဉ်းစားကြည့်လိုက်မိသည်။

အဦးဆုံး သူတို့ကလေးဘဝက ကျောင်းသွားရင်း ပျော်ရွှင်စွာ ဆော့ကစားခဲ့ကြသော မြဘုန်းရှင်စေတီတော်မြတ်ကြီးနဲ့ စောင်းတန်းများကို သွားအမှတ်ရမိသည်။

သူမကလေးလေးတစ်ယောက်လို ရွှင်မြူးသွက်လက်စွာနဲ့ပဲ …



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မနက်ဖြန် မေမေ ဆိုင်ကိုသွားပြီးရင် သခင်တို့ မြဘုန်းရှင်ဘုရားကြီးကို သွားကြမယ်၊ ပြီးရင် ကန်တောင်ကြီးပေါ်က ခုံတန်းလျားလေးတွေပေါ်မှ စကားတွေပြောကြမယ်။ ကန်တောင်ကြီးပေါ်မှာ ခုံတန်းလေးတွေရော ရှိသေးရဲ့လား ကိုထက်ရဲ့"

"ရှိတာပေါ့ သခင်ရဲ့၊ ဒါပေမယ့် အရင်တုန်းကလိုတော့ ပျော်စရာသိပ်မကောင်းတော့ဘူး။ ကန်တောင်ကြီးဘေးမှာက လူနေအိမ်တွေ ထက်တိုးလာကြပြီလေ။ ပြီးတော့ မြဘုန်းရှင်ဘုရားကြီးကလည်း အရင်လို မဟုတ်တော့ဘူး သခင်ရဲ့။ အရင်တုန်းက ဘုန်းဘုန်းကျောင်းလေးနေရာမှာ စာသင်တိုက်ကြီးဆောက်ထားတာ အကြီးကြီးပဲ"

"ဟယ်… ဟုတ်လား"

နှစ်ယောက်သား မြို့ကလေးရှိ ပြောင်းလဲသွားသော အကြောင်းအရာများကို အတော်များများကြီး ပြောဖြစ်သွားကြသည်။ လမင်းကြီးကလည်း ထိန်ထိန်သာ ညလေညင်းကလေးကလည်း တဖြူးဖြူးနဲ့ ပိတောက်ပင်ကြီးအောက် ခုံတန်းလျားလေးပေါ်တွင် သူတို့နှစ်ဦး အချိန်တွေကုန်မှန်းမသိ ကုန်သွားကြတော့သည်။ ဟိုးအဝေးကင်းတဲတစ်ခုဆီက သံချောင်းခေါက်သံ နှစ်ချက်ကို ခပ်သဲ့သဲ့ကြားလိုက်ကြရမှ ထက်ခေါင်က…





"ဟင်… နှစ်နာရီတောင် ထိုးပြီ သခင်ရဲ့ တော်ကြာ မနက်အိပ်ယာထနောက်ကျလို့ မေမေကြီး ကွိုင်နေဦးမယ် ပြန်ကြစို့နော်"

လို့ ဆိုမှ သခင်လည်း ခုံတန်းလေးပေါ်မှ ထရပ်မိတော့သည်။

တစ်ခါတစ်လေတော့လည်း မှန်းကြပ်မှုတွေထဲက ဒီလိုရှားရှားပါးပါး လွတ်လပ်မှုလေးတွေ လက်ဆောင်ရတတ်စမြဲပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၈) ...

ယေ်စဉ် အတွေးပုံရိပ်များနှင့် လုံးလုံးကွာဟလျက်ရှိသော မြင်ကွင်းများကြောင့် မိုးမြင့်သဇင် အံ့သြကြီး အံ့သြနေရတော့သည်။

ကြည့်စမ်းပါဦး၊ သူတို့ငယ်ငယ်က ဆော့ကစားခဲ့ကြသော ဘုရားကြီးစောင်းတန်းများနေရာတွင် ခြသေ့ံနှစ်ကောင်အရုပ်ကြီးနဲ့ မုခ်ဦးကြီးက နေရာယူလို့ ယခင် သွင်ပြင်သဏ္ဌာန်များနှင့် လုံးဝအခြားနားကြီး ခြားနားနေလေတော့ပြီ။

"အရာရာဟာ တကယ့်ကို အပြောင်းလဲကြီး ပြောင်းလဲသွားတာပဲနော် ကိုထက်၊ ဒီဘုရားအုတ်ရိုးတံတိုင်းတွေကလည်း အသစ်တွေချည်ပဲ"





"ဟုတ်တယ် သဇင်၊ ဒီအုတ်တံတိုင်းကြီး တောင်ဘက် ပို နေရာမှာ ရေကန်ကြီးတစ်ကန် ရှိသေးတယ်။ သဇင်မှတ်မိလားမသိဘူး။ အခု ညောင်ရေသွန်းနေတဲ့ ညောင်ပင်ကြီးကလည်း အရင်တုန်းက ညောင်ပင်ကြီး မဟုတ်ဘူး"

"ဟုတ်တယ်နော် အရင်တုန်းက ညောင်ပင်ကြီးက ဒီအုတ်တံတိုင်းရဲ့ တောင်ဘက် ရေကန်ကြီးနားမှာပဲ။ အခု ဒီတောင်ဘက်မုခ်ပေါက်က ရေကန်ကြီးဆီ ဆင်းသွားတဲ့ အုတ်ကျိုးလှေကားလေးတွေတောင် သဇင် မှတ်မိနေသေးတယ်"

"ကဲ…လာ သဇင် ဘုရားကြီးကို ဝတ်ပြုကြဦးစို့"

နှစ်ဦးသား မြတ်ဘုန်းရှင်စေတီတော်မြတ်ကြီးကို လက်စုံရှိခိုးမျှော်လိုက်ကြသည်။ စေတီတော်မြတ်ကြီးကတော့ ရွှေသင်္ကန်းရောင်တပြောင်ပြောင်နှင့် ယခင်ကအတိုင်းပင် မပြောင်းလဲ။

ဘုရားကြီးကို စိတ်တိုင်းကျ ဝတ်ပြုပြီးမှ ရင်ပြင်တစ်ပတ်ပတ်ကြပြန်သည်။ တံတိုင်းမြောက်ဘက် ကပ်လျက်ရှိ မန်ကျည်းပင်ကြီးကို မိုးမြင့်သဇင် မြင်ရပြန်တော့…

"မန်ကျည်းပင်ကြီးကတော့ အရင်အတိုင်းပဲနော် ကိုထက်၊ အရင်တုန်းက ဒီမန်ကျည်းပင်ကြီးနဲ့ တည့်တည့်ထောင့်ကနေ အာရုဏ်



www.burmeseclassic.com

www.burmeseclassic.com



ခံတန်စောင်းကြီး ရှိတာနော်"

အဲဒီထဲက ဗုဒ္ဓဝင်ပန်းချီကားကြီးတွေဆို သဇင် အရမ်းသဘောကျတာ အခု ဒီတန်ဆောင်းကြီးကို မတွေ့ရတော့ ရင်ထဲမှာ တစ်မျိုးကြီးပဲ"

"အဲဒီပန်းချီကားတွေနဲ့ တန်ဆောင်းကြီးက ဟိုမြောက်ဘက်ကိုရွှေ့သွားတာလေ သဇင်ရဲ့၊ ဟောဟိုကမြင်နေရတဲ့ အုတ်ကျောင်းဇရပ်ကြီးဟာပေါ့။ အဲဒီထဲမှာ ခုနက သဇင်ပြောတဲ့ ပန်းချီကားတွေ ချိတ်ထားတယ်လေ"

သဇင် ကိုထက်ညွှန်ပြသော အဆောက်အဦးကြီးဆီ လှမ်းမျှော်ကြည့်မိသည်။ အလုပ်လုပ်နေကြသော ပန်းရံအလုပ်သမားအချို့နှင့် အုတ်ပုံ သဲကျောက်ပုံများကို မြင်ရပြန်တော့…

"ဇရပ်ကြီးက အခုထက်ထိ ဆောက်နေတုန်းလား ကိုထက်ရဲ့" လို့ မေးမိသည်။

ကိုထက်ကလည်း…

"ဟုတ်တယ်လေ သဇင်ရဲ့ အဲဒီအနောက်ဘက်က စာသင်တိုက်ကြီးဘေးက အဆောက်အဦးတွေလည်း ဆောက်နေဆဲပဲ"

နှစ်ဦးသား အတန်ကြာအောင် ဘုရားကြီးဝန်းကျင်ရှိ မြင်ကွင်း





များကို လျှောက်ကြည့်နေမိကြသည်။ နှစ်စဉ် တန်ဆောင်းမုန်းလတိုင်း ပြုလုပ်နေကျ ဘုရားကြီးပွဲအကြောင်းများကိုပါ သဇင်က မေးသဖြင့် ထက်ခေါင် ပြောပြနေရပြန်သည်။

"ကိုယ်တို့ငယ်ငယ်တုန်းကလိုတော့ ဆွမ်းကြီးလောင်းပွဲတွေ ပဒေသာပင်အလှူအကတွေနဲ့ မစည်ကားတော့ဘူးပေါ့။

သဇင်ရယ် ကိုယ်တို့ငယ်ငယ်ကဆို ဇာတ်ပွဲတွေ၊ ရုပ်ရှင်တွေ ဘောလုံးပွဲတွေနဲ့ သိပ်စည်ကားတာ သဇင်လည်း အသိပဲ"

"ဟုတ်တယ်နော်၊ လပြည့်နေ့ညဆို ယန့်သကူတွေ ပစ်တာလိုက်ရှာပြီး သိပ်ပျော်စရာကောင်းတာပဲ။ မုန့်ဆိုင်တွေဆိုတာလည်း တစ်တန်းကြီးပဲ။ အခုတော့ အဆောက်အဦးတွေနဲ့ နေရာက ကျဉ်းသွားတာကိုး"

"သဇင် အမြင်ပဲလေ၊ အရင်တုန်းက နှစ်တိုင်း ဘောလုံးပွဲလုပ်ခဲ့တဲ့ ဘောလုံးကွင်းကြီးတောင် အခု တစ်ဝက်လောက်က ဘုန်းကြီးကျောင်း အဆောက်အဦးတွေနဲ့ ပြည့်နေမှပဲ၊ ဘောလုံးပွဲလည်း မလုပ်ဖြစ်တာကြာပါပြီ။ တစ်နှစ်ထက် တစ်နှစ် ပျော်ပွဲရွှင်ပွဲတွေကလည်း တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်လာမှကိုး။ တကယ်တော့ သဇင်ရယ် ကိုယ်တို့မြန်မာလူမျိုးတွေဟာ ရှေးအစဉ်အဆက်တွေကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းသဘင်တွေကို အလွန်အင်မတန်မှ နှစ်ခြိုက်ခုံမင်ခဲ့ကြတဲ့ လူမျိုးတွေပါ။ စဉ်းစားကြည့်မယ်ဆိုရင်တော့ အခုလို ပျော်ပွဲရွှင်ပွဲတွေ ဆုတ်ယုတ်လာတာ ဝမ်းနည်းစရာပေါ့"

"ဟုတ်တယ် သဇင်ကတော့ ဘယ်သူတွေ ဘာပဲပြောပြော ပွဲလမ်းသဘင် ပျော်ပွဲရွှင်ပွဲတွေကို နှစ်ခြိုက်တယ်၊ သဇင်တို့ မြန်မာလူမျိုးတွေရဲ့ တစ်နှစ်တာ (၁၂)လရာသီမှာတောင် ရာသီပွဲတော်တွေ အသီးသီးရှိကြတယ် မဟုတ်လား။ ဒါဟာ ကိုထက်ပြောသလို မြန်မာလူမျိုးတွေဟာ ပွဲလမ်းသဘင်တွေကို နှစ် ခြိုက်မြတ်နိုးတတ်တယ်ဆိုတဲ့ ပြယုဂ်တစ်ခုပဲလေ"

နှစ်ဦးသား စကားတပြောပြောဖြင့် ဘုရားကြီးပေါ်မှ ဆင်းခဲ့ကြသည်။ ဘုရားကုန်းရှေ့ရှိ တမာပင်ကြီးအောက် ရောက်ပြန်တော့ သဇင်က...

"သဇင်တို့ ငယ်ငယ်တုန်းက ဒီနေရာမှာ ရောင်းတဲ့ မချိုတင်ကြီး မုန့်လက်နှိပ်ဟာ သိပ်ပြီး စားလို့ကောင်းတာပဲ။ အခုရော မချိုတင်ကြီး ရှိသေးလား မသိဘူးလို့ ဆိုပြန်တော့ ထက်ခေါင်က စေ့စေ့စပ်စပ်နိုင်လှသော သဇင့်ကို ပြုံးကြည့်၍...

"ရှိတာပေါ့ သဇင်ရဲ့ အခု သူက ဒီနေရာမှာ မရောင်းတော့





ဘူး။ ဈေးရှေ့ကို ရောက်သွားပြီ"

"ဒီလိုဆို နောက်နေ့ဈေးရောက်မှ ဒေါ်ချိုတင်ကြီးဆီက မုန့်လက်နှိပ်ဝယ်စားရဦးမယ်"

သဇင်က မျက်ခုံးလေးပင့်ပြီး ပြောလိုက်တော့ ကိုထက်က ရယ်ရင်း...

"အခု သူရောင်းနေတာ မုန့်လက်နှိပ် မဟုတ်တော့ဘူး။ မုန့်ပျားသလက်ဖြစ်သွားပြီ မိုးမြင့်သဇင်ရဲ့" လို့ ဆိုတော့ နှစ်ယောက်သား ရယ်မိကြရသည်။

ဒီလိုနဲ့ မိုးမြင့်သဇင် အလိုကျအတိုင်း ဘုရားကြီးနဲ့ ကပ်လျက် ကန်ဘောင်ရိုးကြီးပေါ်သို့ တက်ခဲ့ကြရပြန်လေ၏။

ဒီအခါမှာလည်း သဇင်က ကန်ကြီးအတွင်း အရင်တုန်းက ကြာပန်းများရှိနေတဲ့အကြောင်း၊ ဈေးအပြန်နားခဲ့ကြရသော ခုံတန်းလျားလေးများအကြောင်း အနောက်ဘက်မှ မီးခိုးတလူလူ လွင့်တက်နေကြသည့် ပဲခြမ်းဖိုများအကြောင်းကို မမောနိုင် မပမ်းနိုင် မှတ်မှတ်ရရ ပြောလျက် နှစ်ဦးသား လွတ်လပ်စွာ ကြည်နူးခဲ့ကြရပါလေ၏။

ဒါပေမဲ့ နှစ်ယောက်သား 'ချမ်းမြေ့အိမ်'ကို ပြန်ခဲ့ကြတော့ တစ်ဒင်္ဂကြည်နူးခဲ့ကြရသော ကြည်နူးအပျော်လေးများကို ဖျက်ပြား



www.burmeseclassic.com

www.burmeseclassic.com



သွားစေမည့်အကြောင်းတစ်ခုက စောင့်ကြိုနေတော့သည်။

ခြံထဲသို့ နှစ်ယောက်သား လှမ်းဝင်ခဲ့ကြပြီး တိုက်အိမ်ကြီး ရှေ့သို့အရောက် မီးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့် ဒေါ်မေသက်က သူတို့ကို ခါးထောက်ကာ ရပ်ကြည့်နေသည်။ ရုတ်တရက် ကြီးမို့ မိုးမြင့်သဇင်ရော ထက်ခေါင်ပါ ဘာပြောရမှန်းမသိတော့။ သူတို့ယုံကြည်ထားခဲ့ကြတာက ထက်ခေါင်ကိုယ်တိုင်ပင် ဒေါ်မေသက် အား ဈေးထဲက ရွှေဆိုင်ကို လိုက်ပို့ပေးခဲ့ပြီမို့။ ဒေါ်မေသက်တစ် ယောက် အိမ်တွင်းရှိမနေတော့ ဟူ၍ ယခုတော့...

"ဒါက ဘယ်ကပြန်လာကြတာလဲ မိရွှေသဇင် ရောက်တာ ကဖြင့် နှစ်ရက်တစ်ပိုင်း တော်တော်လည်း ဟုတ်နေကြတယ်ပေါ့"

ဒေါ်မေသက်လေသံနှင့် မျက်လုံးတို့က ထက်ခေါင်နှင့်အတူ တွဲ၍ ပြန်လာခြင်းကို လုံးဝ မနှစ်သက်ဟန် အပြည့်ဖြစ်နေသည်။ သဇင်နဘေးမှ ကိုထက်ကို အရမ်းအားနာသွားမိသည်။ ထက်ခေါင် ကတော့ ထုံးစံအတိုင်း ဒေါ်မေသက်၏ရှေ့တွင် ဦးခေါင်းကြီးကို ငုံ့ထား လေသည်။ သဇင့်မေမေကို ခပ်တင်းတင်းပင် ပြန်ကြည့်ဖြစ်သည်။

"ဘာဖြစ်လို့လဲ မေမေ၊ သမီး ဘုရားကြီးဘက်ကို လျှောက် ကြည့်ရင်း ကိုထက်ကို အဖော်ခေါ်သွားခဲ့တာ"





"ဩော်... မအေကိုတောင် ဒီလိုအကြည့်၊ ဒီလိုလေသံမျိုး နဲ့ ပြန်ပြောဟတ်နေပြီပေါ့ ဟုတ်လား မိရွှေသဇင်"

မိုးမြင့်သဇင် ရှေ့တက်လာတော့မည့် အကွက်များကို ကြိုမြင် လိုက်ပြီဖြစ်၍ ကိုထက်ကို မျက်နှာတည်တည်နဲ့ပင် အပါးမှ ခွာစေ လိုက်တော့သည်။

"ကိုထက် သွားလို့ရပြီ"

ကိုထက် သူမတို့ရှေ့မှ ဦးခေါင်းကို ငုံ့ကာ ထွက်သွားတော့ မေမေက စူးစူးဝါးဝါး တစ်ချက်ကြည့်သည်။ အဲဒီအကြည့်တစ်ချက် ထဲ၌ပင် ကိုထက်အပေါ်ရှိနေသော မျက်မာန်ဒေါသနှင့် မလိုမုန်းထား မှုများကို မိုးမြင့်သဇင် တွေ့မြင်လိုက်ရသည်။

မေမေ ဘာဖြစ်လို့များ ကိုထက်အပေါ် ဒီလောက်ထိ မုန်းနေ ရပါသလဲ။ ထင်ထားတဲ့အတိုင်းပါပဲ။ အိမ်ထဲရောက်တော့ သားအမိ နှစ်ယောက် တော်တော်လေးစကားများကြရတော့သည်။

ဒါပေမဲ့ အဆူအပူတွေကြားထဲကနေ မေမေရဲ့ လိုလားချက်က တစ်ခုတည်းရယ်၊ ကိုထက်နဲ့ ခပ်ကင်းကင်းနေဖို့ ဆိုတာပါပဲလေ။

ကြိုသိနှင့်နေပြီးသား ဖြစ်ပေမဲ့ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရ ပါတယ် ကိုထက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဒီလောက်ကြီး ခါးခါးသီးသီးဖြစ်နေလောက်အောင် ကိုထက်မှာ ဘယ်လိုအပြစ်မျိုးတွေ ရှိနေလို့ ဘာတွေဖြစ်ခဲ့ကြလို့လဲ။

ဩော်.. အစကတည်းက ယဉ်သလိုလိုနဲ့ ရွှေရင်ဖိုရတော့မယ့် ဇာတ်လမ်းပါလား ကိုထက်ရယ်။

## ... အခန်း (၉) ...

ဘာမှမဟုတ်သော အဖြစ်လေးကနေ မီးစတစ်စလို လောင်ကျွမ်းတော့မည်ကို ထက်ခေါင် နှောင်တရစွာ သိနေမိသည်။

ဒါဟာ သူ့အပြစ်။

နှလုံးသားဆန္ဒနဲ့ အချစ်ကိုသာယာစေခဲ့သော အပြစ်။

တကယ်ဆို သူ မိုးမြင့်သဇင်ဟူသော တော်ဝင်ပန်းကလေး တစ်ပွင့်၏ အနီးတွင်ရှိမနေသင့်။

သူသည် အရာရာတွင် နိမ့်ပါးလွန်းသော ပမွှားကောင်။

မေမေကြီးတို့၏ အရိပ်အောက်တွင် မှီခိုရပ်တည်နေရသော ကောင်။ ပြီးတော့ သူတို့၏ ကျေးဇူးတရားများ။



www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် သူ၏ နှလုံးသားကို မီးရှို့လောင်မြိုက်၍ သကြိုပ်စေရန် လောင်စာပြည့် ထင်းပုံတစ်ပုံနှယ် အခိုင်အမာရပ်တည်နေလေပြီ။

ဟုတ်တယ်။ သူ့အပေါ်တွင်ရှိနေသော မေမေကြီးတို့၏ ကျေးဇူးများကို ပြန်ဆပ်နိုင်ဖို့။

ဘဘမသေခင် မှာကြားတောင်းခံခဲ့သော ကတိများကိုတည်စေဖို့။

သူ့နှလုံးသားထဲက ပန်းကလေးတစ်ပွင့်ကို ဖယ်ထုတ်ပစ်ရပေလိမ့်မည်။ ဒီတစ်ခါ သူ့နှလုံးသားသည် အစိမ်းသက်သက် ဓါးနဲ့ အခွဲခံလိုက်ရသလို သွေးစိမ်းရှင်ရှင်နဲ့ နာကျင်ရပေလိမ့်မည်။

ထက်ခေါင် ရင်ကျွမ်းတမျှ ပူလောင်နာကျင်လှသော ဝေဒနာကို အတွေးနှင့်ပင် ခံစားလိုက်ရလေသည်။ မိုးမြင့်သဇင်၏ မျက်နှာလေးကို မြင်ယောင်လိုက်မိပြန်သည်။

ဖျတ်ခနဲကြွေကျလာသော မျက်ရည်စတို့နဲ့အတူ ဆုံးဖြတ်ချက်တစ်ခုကို သူ ခိုင်ခိုင်မာမာ ချလိုက်တော့သည်။

တထိတ်ထိတ်ခံစားနေရသော စိတ်ကြောင့် နောက်တစ်နေ့ အလုပ်တွေလုပ်နေရသော်လည်း နောက်ကျောမလုံချင်။



ဦးညိုကြီးကလည်း မနေ့ကပြဿနာနှင့် ထက်ခေါင်မျက်နှာ ညှိုးသည်ကိုကြည့်၍ အရင်ကလိုပင် ဟက်ဟက်ပက်ပက်စကား မဆို။

(၈)နာရီလောက်ကျတော့ အန်ကယ်ကြီးရုံးသွားပြီဖြစ်၍ ဦးညိုကြီး ကားမောင်းလိုက်ပါသွားရသည်။

မကြာမီ မေမေကြီး ရွှေဆိုင်ကိုသွားတော့ပေလိမ့်မည်ဟူသော အသိက သူ့စိတ်တွေကို လေးလံတုန်လှုပ်နေစေပြီ။ နေ့စဉ် မေမေကြီး လိုက်ပို့ပေးရသည့်လူက သူပဲလေ။ မနေ့ကပြဿနာအတွက် သူ့ကို လည်း မေမေကြီး တစ်ခုမဟုတ်တစ်ခုပြောတော့မည်ဆိုတာကို အလို လိုသိနေပြီးသား။

ထက်ခေါင် မေမေကြီးကားကို ထုံးစံအတိုင်း သန့်ရှင်းရေး လုပ်နေရင်း တိုက်အိမ်ကြီးဆီသို့ မသိမသာ အကဲခတ်ကြည့်မိသည်။

ခဏနေတော့ ဒေါ်ကြီးလုံးနှင့်အတူ မိုးမြင့်သဇင်ကိုတွေ့လိုက် ရသည်။ ဈေးသို့သွားကြမည်ထင်၍ မိုးမြင့်သဇင် သူရှိနေသည့်ကား ဂိုဒေါင်ဘက်ကို လှမ်းမျှော်ကြည့်သွားတာကို မြင်လိုက်ရသည်။

မကြာလိုက်။ သူ့အနီးကို အိမ်ဖော်မလေးပုတု ရောက်လာ တော့သည်။

သူ့ရဲ့ကောင်းတာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီးက အစ်ကိုလေးကို ခဏလာခဲ့ပါတဲ့"

မျှော်လင့်ထားပြီးသားဖြစ်သော်လည်း ရင်ထဲတွင် ထိတ်ခနဲ
ခံစားလိုက်ရသည်။ ထင်သည့်အတိုင်းပါပဲ။ သူ မေမေကြီးရှေ့သို့
ရောက်သွားတော့ ရူးရူးတောက်တောက်မျက်လုံးတွေနဲ့အတူ ...

"အေး...ခေါ်ခိုင်းလိုက်တဲ့အကြောင်းကို နင်သိမှာပေါ့၊ ငါ
တိုတိုပဲပြောမယ်။ ကိုယ့်ဘဝကိုယ်သိ။ မိုးမြင့်သဇင်က ဟိုလိုက်ပို့
နိုင်းလို့ ဒီလိုက်ပို့ခိုင်းလို့ဆိုတာမျိုးတွေ ငါမကြားချင်ဘူး။ အခုချိန်
ကိုယ့်အခြေအနေ ကိုယ့်အသက်အရွယ်တွေကိုလည်း ပြန်ကြည့်ကြဦး
ငါတို့ဂုဏ် ငါတို့အခြေအနေနဲ့ ပတ်ဝန်းကျင်မေးငေါ့ခံရမယ့်အဖြစ်
တွေ လုံးဝအဖြစ်မခံနိုင်ဘူး၊ ကြားရဲ့လား"

ပြန်မပြောတော့ဘူးဟု ထင်ထားသည့်ကြားမှ မေမေကြီး
စကားများကြောင့် မလိုလို နှုတ်ဖွင့်သွားရလေတော့သည်။

"ဟုတ်ကဲ့...ကျွန်တော်နားလည်ပါတယ် မေမေကြီး၊ ကျွန်
တော့်အနေနဲ့ ကျွန်တော့်ဘဝကို ကျွန်တော် အရမ်းကိုနားလည်ပါ
တယ်။ နောက်ပြီး ကျွန်တော် ဘယ်တော့မှ မေမေကြီးတို့ကို ကျေး
ဇူးမကန်းပါဘူး"

သူ့စကားကို ဒေါ်မေသက်က မျက်နှာတစ်ချက်ခပ်မဲ့မဲ့လုပ်





း နားထောင်၍

"ဟင်းဟင်း...ဒီလိုဆိုရင်တော့ အကောင်းဆုံးပေါ့၊ နောက်
း နင်သိထားအောင် အခုကတည်းကပြောထားရဦးမယ်၊ မိုးမြင့်
ဇင်ကို ကျောင်းပြီးတာနဲ့ မန္တလေးက ငါ့မိတ်ဆွေတစ်ယောက်သား
နေရာချထားပေးဖို့ စီစဉ်ကြပြီးသား၊ သူတို့ဆိုတာက နင့်ကို လုံးဝ
ကြတာမဟုတ်ဘူး၊ ဟင်းဟင်း သိစရာလည်းမလိုပါဘူးလေ၊ ဒါ
မယ့်လို ငါ့သမီးနဲ့ တတွဲတွဲလုပ်နေရင် ပတ်ဝန်းကျင်ကတာဆင့်
ရှိတဲ့သူတို့အမျိုးနားတွေကို ရောက်သွားနိုင်တယ်၊ ဘာမဟုတ်တဲ့
ကြောင်းတစ်ခုနဲ့ ငါတို့မိဘတွေရော ငါ့သမီး ပညာတတ် ရုပ်
နုနုထွက်ထွက်လေးပါ၊ သိက္ခာကျမခံနိုင်ဘူး၊ ဒါကို နင်သဘော
တ်ပါ"

နာကျင်မှုက ရင်ထဲ အနက်ရှိုင်းဆုံးနေရာအထိ ထိုးဖောက်
ရောက်သွားသည်။ နောက်ထပ် ဒေါ်မေသက်မှ ဘာတွေဆက်
ပြောနေသည်ကိုပင် သူမကြားနိုင်တော့။ နောက်ဆုံး ဒေါ်မေသက်ထံ
...

"အေး...သွားလို့ရပြီ၊ အခု ငါဈေးသွားမယ်၊ ကားအသင့်
ထားတော့"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလိုက်မှ ထက်ခေါင် စက်ရုပ်တစ်ရုပ်လို မေမေကြီး ရှေ့မှ ထွက်ခွာလာခဲ့ကာ သူနိုင်းတဲ့အတိုင်း ကားကို ပေါ်တီကိုအောက်သို့ အသင့်မောင်းဝင် ပြင်ဆင်ထားလိုက်သည်။

နာကျင်ခြင်း ဝမ်းနည်းခြင်းတွေရောထွေးလျှက် ခံစားနေ သည့်ကြားမှ အတွေးတစ်ခုကို သူ ထူးထူးဆန်းဆန်း သွားတွေးမိ ပြန်သည်။

ဟုတ်သည်။ ဒီလောက်ဖြစ်နေတာကိုတောင် သူ ဘာဖြစ်လို့ မေမေကြီးကို နာကျည်းမဲမုန်းတီးဘဲ ဖြစ်နေရသနည်း။

တကယ်ဆို မေမေကြီးဟူသော ဒေါ်မေသက်သည်။ သူ့ အား အကြောင်းမဲ့မုန်းတီးနေလျှက် ရင့်သီးစွာ အမြဲတမ်းဆက်ဆံနေခဲ့ သူ။ ပြီးတော့ အခုလည်း သူ့နှလုံးသားကို အစိမ်းသက်သက် သွေးစိမ်းရှင်ရှင်ကျအောင် ခွဲတော့မည့်ဓါးတစ်လက်။

ကျေးဇူးရှင်ဟူသော အတိုင်းအတာတစ်ခုလောက်နဲ့တော့ သူ ဒီအထိ ခေါင်းငုံ့ဝပ်မဆင်းနေ။ သို့သော် ဒေါ်မေသက်၏ရှေ့သို့ရောက် တိုင်း သူမ၏မျက်နှာကိုမြင်တိုင်း သူ့အား မလွန်ဆန်ဝံ့သောအရှိန် သတ္တိထူးတစ်ခုနဲ့အတူ ထူးခြားသောခံစားမှုတစ်ခုကို သူ ဟိုးငယ် ငယ်ကတည်းက ခံစားခဲ့ရသည်။





ဒေါ်မေသက်မှ သူ့အား ဘယ်လောက်နာကျည်းမုန်းတီး အောင် ပြောခဲ့ပြောခဲ့ ဝမ်းနည်းရုံမှအပ သူမအပေါ်တွင် စိတ်မနာခဲ့။

ဒါဟာ သိပ်ကိုထူးဆန်းတဲ့ အရာတစ်ခုပါ။

အခုလည်း သူ့ရင်အစုံလုံးနာကျင်ကာ ကလေးတစ်ယောက် လို စိတ်ရှိလက်ရှိ ငိုပစ်ချင်လောက်အောင် ဝမ်းနည်းနေရပေမယ့် ဒေါ်မေသက်အပေါ်တွင် ထူးဆန်းစွာ စိတ်မနာမိဘဲရှိနေပြန်၏။

ဩော်…ဒါဟာ ဝဋ်တစ်ခုဆိုရင်လည်း ဒီဘဝဒီမျှနဲ့သာ ကျေပါစေတော့ မေမေကြီးရယ်။

ထက်ခေါင် ပုံမှန်အတိုင်းပင် မေမေကြီးကို ဈေးကရွှေဆိုင် သို့ လိုက်ပို့ခဲ့သည်။ ဒါပေမဲ့ အဲ့ဒီအချိန်ကစပြီး သူဟာ စက်ရုပ်လို လူသားတစ်ယောက် ဖြစ်သွားခဲ့ရပြီဆိုတာကိုတော့ သူမှအပ ဘယ် သူမှသိနိုင်တော့မည် မဟုတ်ပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၁၀) ...

မိုးမြင့်သဇင် အိမ်သို့ပြန်ရောက်ပြီး တစ်ပါတ်အတွင်း ကိုထက်၏အမူအယာများ ထူးထူးခြားခြားပြောင်းလဲလာသည်ကို သတိထားမိလာခဲ့သည်။ အစပိုင်းကတော့ မေမေရဲ့ပရောဂကြောင်းလို့ပဲ ထင်ခဲ့မိပေမယ့် မေမေမရှိတဲ့အချိန်မျိုး အဲ့ဒီထက် ဘယ်သူမှမရှိတဲ့ နှစ်ယောက်ချင်းတွေ့ရတဲ့အချိန်တွေမျိုးမှာတောင် သူ့ပုံစံက ယခင်ကလို နွေးထွေးမှုမရှိတော့ဘဲ အေးစက်စက်ဖြစ်လာခဲ့သည်ဟု မိုးမြင့်သဇင် ခံစားသိရှိလာခဲ့ရလေသည်။

အခြားမကြည့်နဲ့။ မနက်ကအဖြစ်အပျက်ကိုပဲ ကြည့်။





ဖေဖေနဲ့မေမေတို့နှစ်ယောက်စလုံး မန္တလေးကိုသွားကြလို့ မိုးမြင့်သဇင် ပေါ့ပါးလွတ်လပ်စွာနဲ့ သူရှိနေတဲ့အခန်းလေးဘက်ကို ထူးလာခဲ့မိသည်။ ဒါကိုပဲ သူက အကြည့်စိမ်းစိမ်းကြီးတွေနဲ့ ...

"ဒါလာလုပ်တာလဲ" တဲ့။ ကြည့်ဦး မေပုံက။

မိန်းကလေးတစ်ယောက်လည်းဖြစ် သူ့အပေါ် တိတ်တခိုးနဲ့ ကြင်နာနေခဲ့မိသော လူတစ်ယောက်လည်းဖြစ်နေတဲ့ သူမ ဘယ်လို ပြန်ဖြေရပါလေမည်နည်း တကယ့်ကို ရင့်ရင့်သီးသီးနိုင်လှပြီး အထက်စီးဆန်လှသောမေးပုံမျိုး။

ဒါနဲ့များတောင် သူမက ...

"ဘာလာလုပ်ရမှာလဲ၊ ကိုထက်ကိုတွေ့ချင်လို့ပေါ့"

လို့ ဆိုလိုက်တော့ သူ့မျက်နှာ မကြည်မသာဖြစ်သွားလိုက်ပုံများ။

ဒါဟာ ငယ်ငယ်ကတည်းက သူမ သံယောဇဉ်ပိုတွယ်တာခဲ့ရသော ကိုထက်ဆိုတဲ့ လူတစ်ယောက်မှဟုတ်ပါလေစလို့ ဝမ်းနည်းသွားခဲ့ရသည်အထိ။ ပြီးတော့ သူမ ...

"ကိုယ်လုပ်စရာအလုပ်တွေရှိသေးတယ် သဇင်၊ မင်း ဘာပြောစရာရှိလို့လဲ" လို့ ဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



သူမလည်း …

"ဘာမှပြောစရာမရှိပါဘူး၊ ပျင်းလို့လာခဲ့တာပါ" ဆိုပြီး ပြန်လှည့်လာခဲ့တော့သည်။

ဟုတ်တယ်လေ။ လိုလားလက်မခံလိုတဲ့ နှမိတ်ပြစကားနဲ့ မိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို လျှစ်လျူရှုပြောလိုက်တဲ့စကား အမှုအယာဖြစ်နေမှုဟာကို။ သူမစိတ်ထဲမှာတော့ သံယောဇဉ်နဲ့ တွယ်တာမှုက သူမရဲ့နှလုံးသားနုနုလေးကို နှစ်ပေါင်းများစွာ အထပ်ထပ် တုတ်နှောင်ခိုင်မြဲနေခဲ့ပြီ။ ဖြစ်နေတော့လည်း တစ်နေ့လုံး မိုးမြင့်သဇင် ဝမ်းနည်းနည်းနဲ့ ကြိတ်ပြီးငိုခဲ့ရလေတော့သည်။

ဪ…အချစ်ဆိုတဲ့အရာကလည်း အရမ်းကိုထူးဆန်း လွန်းလှပါလားကွယ်၊ တကယ်လို့ ထက်ခေါင်ဆိုတဲ့လူတစ်ယောက်နဲ့ နှစ်ပေါင်းများစွာ ဝေးကွာခဲ့ရတဲ့အချိန်တွေရော တက္ကသိုလ်နယ်မြေတွင် လေးနှစ်တာ ကျင်လည်ခဲ့ဂသော ဘဝတွေမှာပါ သူမအားတွင် သူမ၏အချစ်ကို နည်းအမျိုးမျိုးဖြင့် တောင်းခံ့လင့်နေကြသူများ မရေတွက်နိုင်။ ဒါကိုပဲ သူမ၏နှလုံးသားက နေရာတစ်ခုတွင်သာ ခိုင်မြဲစွာ မြဲမြံနေခဲ့ရလေ၏။ အခုတော့ သူမနှလုံးသား ခိုင်မြဲနေခဲ့သော မြဲမြဲစွာရှိနေခဲ့ရပါသော နေရာတစ်ခုသည် သူမယုံကြည်မျှော်လင့်ထား





သကဲ့သို့သော ထာဝရခိုင်မာရပ်တည်နေမည့် အချစ်တို့ဖြင့် လွှမ်းထုံသင်းနေသည့် ဘယ်တော့မှမပြောင်းလဲသော နှလုံးသားရပ်ဝန်းတစ်ခု အဖြစ်မှ ရှိနေနိုင်ပါတော့မည်လော။

မိုးမြင့်သဇင် မပျော်နိုင်တော့။ ပြီးတော့ တကယ်တမ်း သူမနှင့်သူတို့ကရော ဆိုတဲ့အတွေးမျိုးကို တွေးလိုက်မိပြန်တော့ အိပ်မက်နှလန့်နိုးလာသူတစ်ယောက်ပမာ ခြောက်ခြားတုန်လှုပ်သွားရပြန်လေတော့သည်။

ဘုရားရေ…တကယ်ပဲ ဒါဟာ အခြေခံကျ အရေးကြီးလွန်းလှတဲ့ အရာတစ်ခု ဖြစ်နေပါရော့လား။

ဟုတ်တယ်လေ။ တကယ်တမ်း အခုအချိန် အခုအခြေအနေမှာ ကိုထက်နဲ့သူမတို့နှစ်ယောက်ဟာ "ချစ်သူ"တွေပါလို့ ဘယ်လိုအရာတွေနဲ့ သက်သေပြပြီး ပြောလို့ရပါမည်နည်း။

ပြီးတော့ သူကရော သူမကိုချစ်ပါတယ်လို့ ဘယ်တုန်းက ပြောခဲ့ဖူးလို့လဲ။ နောက် သူမထားခဲ့သလို တွယ်တာမြတ်နိုးမှုနဲ့ သံယောဇဉ်"အချစ်"ဆိုတာတွေကိုရော ကိုထက်ဆီမှာ ရှိနေပါဦးမည်လား။

အခုမှ လုံးဝ လုံးဝကို မေ့လျော့စွာနဲ့ တစ်ဘက်သတ်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



မာနေခဲ့သော နှလုံးသားနဲ့ အချစ်တွေ သူမကို တစ္ဆေတစ်ကောင်လို ဖြဲနေအောင်ဟပ်ပြီး ခြောက်လှန့်ခြင်းကို ခံလိုက်ရပါလေတော့၏။

မိုးမြင့်သဇင် ချောက်ချားစွာဖြင့် တစ်နေ့ကုန်ခွေအိပ်နေခဲ့သော အိပ်ယာထက်မှ ယောင်ရမ်းစွာ ထထိုင်မိလိုက်တော့သည်။

## … အခန်း (၁၁) …

"ဟယ်…လာကြမယ်ဆိုလည်း ကြိုကြိုတင်တင် အကြောင်းကြားကြရောပေါ့ မသက်ရယ်"

ဒေါ်သင်းသင်းနွဲ့က ကားပေါ်မှ ဦးအောင်ဇေယျနှင့် ဒေါ်မေသက်တို့ဆင်းလာကြသည်ကို မြင်မြင်ချင်း ဝမ်းသာအားရစကားဆိုသည်။

ဒေါ်မေသက်ကလည်း ကားပေါ်မှ အပြုံးဖြင့်ဆင်းရင်း …

"လာတုန်းကတော့ သူ ရုံးကိစ္စနဲ့ တိုင်းရုံးကိုလာခဲ့ကြတာ ပဲ မသင်းရေ၊ အပြန်မှ အချိန်ရတာနဲ့ ဖြုံးစားကြီးလှည့်ဝင်ခဲ့ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဒီကဖြင့် သူများဆီ တကူးတကနဲ့လာလည်ကြတယ်မှတ်လို့"

ဒေါ်သင်းသင်းနွဲ့က ဟန်ပါပါနဲ့ မျက်စောင်းလေးထိုးကာ ပြောလိုက်တော့ အားလုံးရယ်လိုက်ကြရသည်။

"ကဲ…ဒါဆိုလည်း ရောက်တုံးရောက်ခိုက် အေးအေးဆေးဆေးနေသွားပြီး၊ မနက်အစောမှပြန်ကြတော့၊ ဒါပဲနော်၊ ဒီက မန္တလေးနဲ့ မေသက်တို့ဆီက ဘာမှဝေးတာမှမဟုတ်တာ"

ဒေါ်သင်းသင်းနွဲ့က ဒေါ်ခမေသက်လက်မောင်းတစ်ဘက်ကို ဖက်ကာ တိုက်ထဲသို့ဦးဆောင်ခေါ်ငင်သွားတော့ ဦးကျော်ဓေယျလည်း အပြုံးနှင့်ပင် နောက်မှလိုက်ပါသွားရတော့သည်။ ပြီးမှ သတိရဟန်ဖြင့် ရပ်ထားသောကားဖက်သို့လှည့်၍ …

"ဩော်…ကိုညိုကြီး ကားကို ဟိုဘက်က ဂိုဒေါင်ထဲမှာ ထိုးထားလိုက်ဗျာ။

"ဟုတ်ကဲ့…ဆရာ"

ဒေါ်သင်းသင်းနွဲ့က ဦးကျော်ဓေယျတို့လင်မယားကို ခေတ်မီခမ်းနားလွန်းလှသော ဧည့်ခန်းကြီးအရောက် ရင်းနှီးဖော်ရွေလွန်းစွာ ခေါ်ငင်သွားသည်။





"ကဲ…အမောပြေထိုင်ကြဦး မထွေးရေ၊ ဧည့်သည်တွေအတွက် အအေးလုပ်ပါဦး"

"ဟုတ်ကဲ့ မမ"

လေအေးစက်တပ်ထားသော ဧည့်ခန်းအတွင်း၌ မွှေးပျံ့အေးမြနေလေသည်။

"မန္တလေးကတော့ ဒီအချိန်ဆို အရမ်းပူတာပဲ မသက်ရေ၊ မသက်တို့ဆီမှာရော ပူမှာပေါ့"

"ပူတာပါပဲ မသင်းရယ်၊ ဩော်…ဒါနဲ့ ကိုဘုန်းကျော်တစ်ယောက်ရော မမြင်ပါလား"

"အခုချိန် စိန်ပန်းက သူ့အလုပ်ရုံကို ရောက်နေပြီလေ သက်ရဲ၊ ညနေမှပြန်လာမယ်၊ ဒါကြောင့် သူနဲ့ကလည်းတွေ့ရအောင် မနက်မှပြန်လို့ပြောတာပေါ့၊ ကိုကျော်ဓေယျလည်း မနက်ဖြန် စနေနေ့ရုံးပိတ်တာပဲနော် ကိုကျော်ဓေယျ"

"ဟားဟား မသင်းတို့ကတော့ အပိုင်ကိုကိုင်တော့တာပါလားဗျာ"

"ကိုင်ရမယ်လေ…ကိုကျော်ဓေယျတို့က အလုပ်ကိစ္စရှိမှ ဒီကအိမ်ကိုဝင်တဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ရပါဘူးဗျာ၊ အလုပ်ကိစ္စမရှိလည်း ဒီအပတ်ထဲ မသင်းတို့ဆီလာဖို့ အစီအစဉ်ရှိပြီးသားပါ၊ နော်…မေသက်”

ဦးကျော်ဇေယျက ဒေါ်မေသက်ကိုပါ စစ်ကူလှမ်းယူသည်။ ခဏနေတော့ အိမ်ဖော်မလေးက လင်ဗန်းတစ်ချပ်နဲ့ အအေးဖန်ခွက်များကို ချပေးသည်။

“ကဲ…အမောပြေ အအေးလေးသောက်လိုက်ကြဦး၊ ဒီနေ့ မသက်တို့ရောက်လာကြတာနဲ့ အံကိုက်ပဲ၊ မုန့်တီသုတ်စားဖို့စီစဉ်ထားတာ၊ ကြက်သားနန်းကျင်းနဲ့ မန္တလေးမုန့်တီသုတ်ကို လျှာလည်သွားအောင် သုတ်ကျွေးရမည်”

“ကြားရတာနဲ့တင် သွားရည်တွေကျလာပြီ မသင်းရေ၊ ကိုကလည်း ဒါမျိုးဆိုသိပ်ကြိုက်တာ၊ ဟိုမှာက နန်းကြီးဆိုလည်း ဒီက နန်းကြီးလို ပျော့ပျော့ပြောင်းပြောင်းမရှိဘူး၊ ပြီးတော့ နန်းလက်ကို နန်းကြီးခေါ်ကြတာ”

“ဟုတ်တယ်နော်၊ တကယ်တမ်း နန်းကြီးဆိုတာ လက်သန်းလုံးလောက်နီးနီးရှိတာ၊ ဒီက မန္တလေးနန်းကြီးသုတ် စားဖူးပြီးသွားမှ တကယ့်နန်းကြီးသုတ်အရသာစစ်စစ်ကို သိသွားကြမယ်။

တကယ်တော့ ဦးဘုန်းကျော်နဲ့ ဒေါ်သင်းသင်းနွဲ့တို့ဆိုတာ





ဒေါ်မေသက်တို့နဲ့ မနေတူ၊ ဂုဏ်တူ၊ လုပ်ငန်းရင်းလည်း ဆက်စပ်ရင်းနှီးနေသော မိတ်ဆွေရင်းချာများပါပေ။ ဦးဘုန်းကျော်ဆိုတာက မန္တလေး ကျောက်မျက်လောကတွင် ကျောက်ဖြတ်လုပ်ငန်းများကို ပိုင်ဆိုင်ထားသည့် ကျောက်သူဌေးတစ်ဦးပင်။ ဒေါ်သင်းသင်းနွဲ့ကလည်း မိုးကုတ်သူ ကျောက်တွင်းသူဌေးမျိုးရိုးဆိုတော့ သူတို့၏အဆင့်အတန်းက ဒေါ်မေသက်တို့ထက်ပင် သာချင်တင်တင်။

ဒီလိုနဲ့ အဲဒီနေ့ တစ်မနက်လုံး ဦးကျော်ဇေယျ ဒေါ်မေသက်တို့လင်မယားမှာ ဒေါ်သင်းသင်းနွဲ့တို့အိမ်၌ စားကြသောက်ကြ စကားများပြောဆိုကြဖြင့် ရင်းနှီးပျော်ရွှင်စွာ ရှိနေကြလေတော့၏။

“ဪ…ဒါနဲ့ အခုမှသတိရတယ်၊ သားလည်း မမြင်ပါလား”

“ဟယ်…သားက စာမေးပွဲပြီးကတည်းက မသက်တို့ဆီမှာ ရှိတဲ့ သူ့ဦးလေးဆီ အလည်သွားဦးမယ်ဆို သွားနေနေတာလေ၊ ဒီကောင်လေး မသက်တို့ဆီမဝင်ဘူးလား၊ သေချာမှာထားရက်နဲ့”

ဒေါ်သင်းသင်းနွဲ့စကားကြားမှာ ဒေါ်မေသက်နှင့် ဦးကျော်ဇေယျတို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိကြသည်။

“မသင်းတို့က သေသေချာချာများ ပြောပြုမထားလို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ခောင်နေထက်ဖော် ကျွန်တော်တို့ဆီ တစ်ခါမှ ရောက်မလာပါဘူးခေ
ခေသင်း"

"ဟုတ်တယ်မသင်းရဲ့၊ မသက်တို့ဆီတော့ သူ တစ်ခါ
ရောက်မလာခဲ့သေးဘူး"

ဦးကျော်ဇေယျနဲ့ ဒေါ်မေသက်တို့စကားကြောင့် ဒေါ်သင်
သင်းနွဲ့ မျက်ခုံးတွန့်ကာ စဉ်းစားသွားလေသည်။

"အဲဒီရောက်ရင် မသက်တို့ ချမ်းမြေ့အိမ်ကိုဝင်ဖို့ သေသေ
ချာချာကို သားကိုပြောထားတာပါ၊ ဇကန္တ ဒီကောင်လေး သူ့ဦးလေး
ကိုကျော်ဆီကိုမသွားဘဲ သူ့အပေါင်းသင်းတွေရှိတဲ့ ပြင်ဦးလွင်ဘက်
များ တက်သွားသလား၊ အခု ခေတ်လူငယ်တွေက ဒီလိုပဲ၊ မသက်ရေ
စည်းလေးစုံတဲ့အခွင့်အရေးကိုယူပြီး မိဘတွေကို လှည့်ချင်သလိုလှည့်
နေတော့တာ၊ ပြောမပြောချင်တော့ဘူး"

"ဟုတ်ပါ့ မသင်းရေ၊ အိမ်ကသမီးဆိုလည်း အခု စာမေး
ပွဲပြီးလို့ အိမ်ပြန်ရောက်လာတော့ မနည်းကိုအုပ်ထားရတာ၊ ပညာ
မာနလေးတွေနဲ့ မိဘကိုတောင် သူတို့က ဆရာပြန်လုပ်ချင်လာကြပြ
လေ...ဟင်း...ဟင်း..."

"သမီးလေး မိုးမြင့်သဇင်က လိမ္မာမှာပါမသက်ရယ်၊ ဟို





တလောက မသက်တို့ပို့လိုက်တဲ့ ဓါတ်ပုံလေးထဲမှာများ ချောလိုက်
တာလည်း မှန်နေတာပဲ၊ တကယ့်ချစ်စရာလေး၊ အပွေးမြင့်အပင်သိ
တဲ့၊ အိမ်ကကောင်ကိုတောင် မြောက်သွားမှာစိုးလို့ သမီးလေးဓါတ်ပုံ
တို ပေးမပြထားသေးဘူး၊ လူချင်းတွေ့ပြီးမှ အံ့သြသွားအောင် သေချာ
မှာလွှတ်လိုက်ပါမှ ဒီကောင်က မသက်တို့သမီးလေးလို မိန်းကလေး
မျိုးနဲ့မှ ငြိမ်ကုတ်သွားမှာမသက်ရဲ့၊ သမီးလေးပုံစံက ထက်ထက်မြက်
မြက်ပုံလေး၊ အိမ်ကကောင်ကတော့ လွှတ်သာထားရင် အပေါင်း
အသင်းတွေနဲ့ ဒီလိုပဲ ဟိုသွားဒီလာ ဟေးလားဝါးလားနဲ့ ပျက်စီးမှာ
အသေအချာပဲ၊ သူ့အဖေကလည်း တခြားနေရာတွေမှာသာ နှမြော
တာ၊ သူ့သားအတွက်ဆိုရင်တော့ ပက်ခနဲပဲ၊ အခုလည်း သူ့ဦးလေး
တိုကျော်ဆီသွားမယ်ဆိုတာနဲ့ မသက်တို့နဲ့လည်း ရင်းနှီးအောင်လွှတ်
လိုက်တာ၊ သူ့အဖေဆီက ဘယ်လောက်တောင်းသွားတယ်မှတ်လဲ၊
(၁၀)သိန်းရှင့်၊ အခုတော့ ဒင်းက ဒီပိုက်ဆံတွေနဲ့ အပေါင်းအသင်း
တွေဆီမှာ ဘယ်လောက်သုံးဖြုန်းနေပြီလဲမသိဘူး၊ လာပါလေ့စေဦး"

သားအပေါ် ကြိမ်းဝါးနေသော ဒေါ်သင်းသင်းနွဲ့ပုံစံကိုကြည့်
ကာ ဦးကျော်ဇေယျတို့လင်မယား ရယ်ကြရပြန်သည်။ ဒီလိုနဲ့ ညနေ
ခင်း ဦးအုန်းကျော်တစ်ယောက် ပြန်ရောက်လာပြန်တော့လည်း လူစုံ



www.burmeseclassic.com

www.burmeseclassic.com



တက်စုံနှင့် သားရေးသမီးရေး စီးပွားရေးလုပ်ငန်းကိုင်ငန်းများအကြောင်း ပြောကြဆိုကြ စားကြသောက်ကြနှင့် ညဉ့်နက်သည်အထိ စကားဝိုင်းက မသိမ်းနိုင်။ ဒါတောင် ဦးဘုန်းကျော်တို့လင်မယားက နောက်တစ်နေ့ပါ ဆက်နေကြဖို့ အတင်းထားနေကြသေး၏။

ဒေါ်မေသက်မှာ ဆိုင်တစ်ဘက် သမီးကိုစိတ်မချနိုင်တာ တစ်ဘက်နဲ့မို့ မနည်းပင် တောင်းတောင်းပန်ပန်ပြု၍ နောက်တစ်နေ့ နံနက်စောစောပြန်မှဖြစ်မယ့်အကြောင်း သူတို့ လက်ခံလာအောင် ပြောရတော့သည်။ မန္တလေးနှင့် သူတို့မြို့ကလေးက သူမတို့လိုကိုယ်ပိုင်ကားနှင့်ဆို (၃)နာရီခန့်မျှသာကြာသောခရီးမို့သာရယ်။



## ... အခန်း (၁၂) ...

ငရဲကြီး(၈)ထပ်အနက် အမြင့်ဆုံးငရဲခန်းသည် ဦးကျော်၏ တိုက်ခန်းကလေးပဲဖြစ်မည်ဟု ထင်ပါသည်။ အပူမရှာချင်၍ တစ်ယောက်တည်း လူပျိုကြီးလုပ်နေပါမှ မန္တလေးမှရောက်လာသည့် တူတော်မောင်နေထက်ဇော်နှင့် သူ့ငယ်ချင်းလူငယ်နှစ်ယောက်ကြောင့် နေ့ရှိသရွေ့ မျက်စိနောက် နားပူ ကောင်းကောင်းမှစားလို့မရ၊ နားအေးပါးအေးမှ အိပ်လို့မရ ဖြစ်နေရလေသည်။

အခုလည်း တိုက်ခန်းကလေးအတွင်း စပီကာဘောက်စ်များကို အသားကုန်ဖွင့်၍ ဆူညံနေကြသည်။ သူတို့ဖွင့်နေကြသည့် သီချင်းများကလည်း ကြည့်ဦး၊ သူ့နားနှင့် လုံးဝခံစား၍မရသော ဖန်အိုးဖုံး



www.burmeseclassic.com

www.burmeseclassic.com



ထုသံ၊ ကုလားဘုရားကျောင်းက ဗလီတက်သံ၊ တံခါးပေါက်ကြား အမြီးညှပ်၍အော်လိုက်သော ကြောင်တစ်ကောင်၏အသံ ရင်ဘတ်တစ်ခုလုံးအား (၁၀)ပေါင်တူနှင့်တူသလို တအုန်းအုန်း တဂုံးဂုံးအသံများနှင့် စကားပြောနေတာလား သီချင်းဆိုနေတာလား မကွဲပြားသော သီချင်း ဆန်းဆန်းပြားပြားများ သူ ဘယ်လိုမှ နားမခံသာတော့။

"ဟိတ်ကောင်တွေ တော်ကြပါတော့ကွာ၊ မင်းတို့သီချင်းတွေ ငါနားထောင်ရတာ ရင်ဘတ်တစ်ခုလုံး တအုန်းအုန်းနဲ့ နှလုံးရောဂါ ဖြစ်ချင်ဖြစ် မဖြစ်ချင်နားပင်ပြီး ဒုက္ခရောက်မှာ အသေအချာပဲ"

"ဟာ…ဦးကျော်ကလည်းဗျာ အောက်လိုက်တာ၊ ဒါ ရတ် ဂီတ…ဗျ"

နေထက်ဇော်၏သူငယ်ချင်းတစ်ယောက်ဖြစ်သူ မင်းခန့်ဆိုသော အသားမဲမဲ၊ ပါးဝါမျက်မှန်ပြူးပြူးကြောင်ကြောင်နှင့် ကောင်လေးက ဝင်ပြောသည်။

"မင်းတို့ဟာမင်းတို့ ယက်ချင်ယက် မယက်ချင်နေ၊ ငါ့နားကသည်းမခံနိုင်တော့ဘူးကွ၊ မဟုတ်ရင် ငါ အဲဒီ **DVD** စက်ကြီးကို ကိုင်ပေါက်ပစ်ရလိမ့်မယ်"

ဦးကျော် တကယ်လုပ်မည့်ဟန်ဖြင့်ပြောလိုက်မှ ကောင်လေး





-ကောင် မျက်လုံးလေးတွေပြူးသွားကြသည်။

နေထက်ဇော်က အမ်ပလီဖိုင်ယာမှ အသံဘော့လူးကို လျှော့ -လိုက်သည်။

"ဦးကျော်ကလည်းဗျာ သီချင်းကောင်းနေမှ အရမ်းအာရုံ -ှာက်တာပဲ"

"အေး…မင်းတို့ သီချင်းသံတွေကြားရမှ တကယ်ကို အာရုံနှောက်တာ၊ အာရုံနှောက်ရုံတင်မကဘူး၊ တစ်ခါတည်း ပျက်ပြီး -တောင်ရူးသွားနိုင်တယ်ကွ၊ ဘယ့်နှယ့်ကွာ၊ သီချင်းတဲ့၊ ငါလည်း -င်းတို့လို လူငယ်တွေနဲ့ အနေမစိမ်းလှပါဘူးကွာ၊ ဂီတဆိုတာလည်း အတိုက်လျှောက် နားလည်ပေးနိုင်ပါတယ်၊ အသံကုန်ညှစ်ပြီး အော် -တဲ့ ဟဲဗီးရော့ခ်တွေအထိတောင် လက်ခံနိုင်ပါသေးတယ်၊ သူတို့မှာ -သံစဉ်ရှိတယ်၊ အချ အတင်၊ အဆွဲ အငင် အသံအနိမ့်အမြင့် ဆိုနည်း -ဆိုဟန် ပညာသားပါသေးတယ်၊ အခု မင်းတို့ဟာတွေက 'အီးယက် -ဆိုဟာဖြစ်တယ်၊ ဒီဟာဖြစ်တယ်' နဲ့ ဘာတွေလဲကွာ၊ ရှိ့ ရှိ့ဆိုတဲ့ -ခူးခေါ်သံကပါလိုက်သေး"

ရတ်လေသံအတိုင်း ခပ်မြန်မြန် ဘောက်ဆတ်ဆတ်လုပ်ကာ -ပြောလိုက်သော ဦးကျော်၏ဟန်ကြောင့် နေထက်ဇော်တို့(၃)ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသွားကြသည်။ ပြီးမှ နေထက်ဇော်က …

"အဲဒါ အရေးမကြီးဘူး၊ ဦးကျော်လုပ်ပြတာနဲ့ ကျွန်တော့် ခံစားချက်လေးတွေတောင် ဘယ်ရောက်ကုန်မှန်းမသိဘူး"

"ဟုတ်တယ် ဦးကျော်ရ၊ ဒီကောင် အပြတ်ဖီးလ်ဖြစ်နေတာ"

ဆံပင်တိုးတိုးထောင်ထောင်နှင့် ဝဝတုတ်တုတ် မျက်လုံးမှေးမှေးကောင်လေး စည်သူစိုးကပါ ဝင်ပြောပြန်သည်။

ဦးကျော် သူတို့(၃)ယောက်ကို စိတ်ပျက်စွာကြည့်၍…

"ဘာလဲကွ၊ ဟိုဘူတာမှာတွေ့ခဲ့တယ်ဆိုတဲ့ ကောင်မလေးကို ကြိုက်တဲ့ဖီးလ်လား၊ ဒါ မင်းတို့ တစ်ပါတ်လုံးလုံး နားငြီးလောက်အောင်ပြောနေကြတာပဲ၊ ကြိုက်ရင်လိုက်ပြောပေါ့ကွ၊ ဘာခံစားနေစရာလိုလို့လဲ၊ အဲ သူက ပြန်မကြိုက်ဘူးဆိုရင်တော့ ခံစားပေါ့ကွ၊ အဲဒီလို ခံစားတာကျတော့လည်း မင်းတို့ သီချင်းတွေက မနိပ်ပြန်ဘူး၊ ငါတို့ခေတ်က အလွမ်းအဆွေးသီချင်းလေးတွေဆို…"

"တော်ပါတော့ ဦးကျော်ရာ၊ ဦးကျော်ဟာ ဒီသီချင်းအကြောင်းပဲ ပြန်ရောက်သွားတာပဲ၊ ကိုယ့်တူလေးကို ဘယ်လိုအကြံဉာဏ်ပေးလို့ ဘယ်လိုလမ်းညွှန်လို့ကျတော့မရှိဘူး၊ ဒါကြောင့်မို့





ဦးကျော် လူပျိုကြီးဖြစ်နေတာ သိရဲ့လား"

"အံမယ်…လာလာချည်သေးရဲ့၊ ငါ့ဟာငါ လူပျိုကြီးဖြစ်တာနဲ့ မင်းကိစ္စနဲ့ ဘာဆိုင်လို့တုံး၊ မင်းပြောတော့ အဲဒီကောင်မလေးက "ချမ်းမြေ့အိမ်" က ဦးကျော်ဇေယျ ဒေါ်မြသက်တို့သမီးဆိုကွ၊ ပြီးတော့ မင်းအမေကလည်း ငါ့ဆီရောက်ရင် သူတို့ဆီကိုဝင်လည်ဖို့ မိသားစုလို ရင်းရင်းနှီးနှီးဆက်ဆံဖို့ မှာလိုက်တယ်ဆို၊ သူတို့နဲ့ မင်းအမေတို့က လုပ်ငန်းဘက်တွေပဲ၊ သွားပေါ့ကွ၊ ကောင်မလေးနဲ့ ရင်းနှီးအောင်ကြိုးစားပေါ့ကွ၊ ဒါများ ငါက ဘာအကြံဉာဏ်ပေးစရာလိုလို့လဲ၊ ဘာတွေရော ခံစားနေစရာလိုလို့လဲ"

"အဲဒါပဲ၊ ဦးကျော်ကသိတာကိုးဗျ၊ အခြား ကောင်မလေးတွေမျိုးဆိုရင်တော့ ဖိုးဇော်တို့ပြေးတာကြာပြီပေါ့၊ အခု သူက ဘယ်သူနဲ့မှမတူတဲ့ ကောင်မလေးမျိုးဗျ"

"ဘာလဲ…အဲ့ဒီကောင်မလေးက ချိုးလေးတစ်ချောင်း ထွက်နေလို့လား"

ဦးကျော်၏ ခပ်ရွဲ့ရွဲ့စကားကြောင့် နေထက်ဇော် မျက်နှာရှုံ့မဲ့ပြီး ကျွတ်တစ်ချက်သပ်သည်။

"ကျွတ်…အဲ့ဒါခက်တာပေါ့၊ ဦးကျော်အတွေးအခေါ်တွေ သိပ်အောက်လွန်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဖာ…မင်းကများ ငါ့ကို…"

"အဟုတ်ပြောတာ၊ ကျွန်တော်ဆိုလိုတဲ့ ဘယ်သူနဲ့မှမတူတဲ့ ကောင်မလေးမျိုးဆိုတာ အဆင်ဆန်းလေးကိုပြောတာ၊ အဆင်ဆန်းလေးဆိုတာကိုရော သိလား၊ အခုခေတ် ဒီဇိုင်းတွေထဲက ကြည့်လိုက်မြင်လိုက်ရုံနဲ့ ထင်းခနဲ ဝင်းခနဲ ပေါ်လွင်လွန်းနေတဲ့ ဘယ်လိုမိန်းကလေးမျိုးနဲ့မှမတူတဲ့ ဟန်မျိုး စတိုင်လ်မျိုးကိုပြောတာ၊ နာမည်လေးကလည်း မြင့်သလားမပြောနဲ့ 'မိုးမြင့်သဇင်' တဲ့၊ တကယ့်ကို နာမည်နဲ့လိုက်တဲ့ ကောင်မလေးဗျ၊ အဲ့ဒီမှာ အထူးခြားဆုံးက သူ့ရဲ့မျက်လုံးလေးတွေပဲ၊ မျက်တောင်ကော့ကော့ကြီးတွေနဲ့ အရမ်းကိုရွှမ်းစိုပြီး လှပလွန်းတဲ့မျက်ဝန်းတွေပဲ၊ ပြီးတော့ နှာတံလုံးလုံးချွန်ချွန်လေးရယ်၊ ဘာမှ ကာလာတွေအရောင်တွေမဆိုးဘဲနဲ့ သဘာဝအတိုင်း ရဲစိုနေတဲ့ သူ့နှုတ်ခမ်းဖူးဖူးလေးတွေရယ်၊ နောက်ပြီး…"

"တော်ပါတော့ ဖိုးဖော်ရာ၊ အရမ်းကိုလှတဲ့မိန်းကလေးတစ်ယောက်ဆို လုံလောက်ပါပြီကွာ"

"အဟဲ…အဲ…အဲ့ဒီလိုမိန်းကလေးမျိုးလေးဗျ ဦးကျော်ရ၊ ဒါပေမဲ့ သူလေးထူးခြားချက်က လှရုံတင်မကဘူး၊ အရမ်းကို ထက်ထက်မြက်မြက်ရှိတဲ့ဟန်ပန်မျိုးလေး၊ ဒီလိုမိန်းကလေးမျိုးကို မိဘတွေချင်း ရင်းနှီးလို့ဆိုတဲ့ဒီဇိုင်းမျိုးနဲ့ ကျွန်တော် မဝင်ချင်ဘူး၊ သူ့အလိုလို





ရင်းနှီးလာတာမျိုးကိုပဲ ကျွန်တော်လိုချင်တယ်၊ အခု ပထမဆုံးမမျှော်လင့်ဘဲ သူ့ကို ကျွန်တော် အကူအညီပေးခဲ့ရတယ်၊ လူချင်းစကားပြောခွင့်ရပြီး နာမည်လေးကို သိခွင့်ရခဲ့တယ်၊ နောက်ထပ် ဒီလိုပုံစံမျိုးလေးတစ်ခုနဲ့ ထပ်ကြုံတွေ့၊ ရင်းနှီး၊ သူက အိမ်ကိုအလည်ခေါ်၊ ကျွန်တော်လိုချင်တာ ဒီလိုဒီဇိုင်းမျိုး။

ဦးကျော် တူဖြစ်သူ နေထက်ဖော်ကို စိတ်ပျက်စွာကြည့်သည်။ မင်းခန့်နဲ့စည်သူစိုးနှစ်ကောင်ကတော့ နေထက်ဖော်စကားကို ထောက်ခံသည့်မျက်လုံးလေးတွေနဲ့ …

အခုခေတ် လူငယ်တွေများ တကယ့်ကိုစိတ်ကူးယဉ်ပြီး တော်တော် အရစ်ရှည်တဲ့ကောင်တွေပဲဟု ဦးကျော် တွေးလိုက်မိသည်။ ဒါနဲ့ နောက်ဆုံး အမြင်ကပ်ကပ်နှင့် …

"အေး…ဒါဆိုလည်း မင်းစိတ်ကူးယာဉ်ဇာတ်လမ်းလေးအတိုင်းဖြစ်အောင် ဆက်ကြိုးစား၊ ဆက်ခံစားလိုက်ဦးပေါ့ကွာ၊ ဒါပေမဲ့ တစ်ခုတော့ပြောထားမယ်၊ အခုလိုပဲ အီးယက် ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုတဲ့သီချင်းတွေနဲ့ ဆက်ခံစားနေမယ်ဆိုရင်တော့ ငါပြောပြီးတဲ့အတိုင်း ဟော့ဒီ DVD စက်ကြီးကို ကိုင်အပေါက်ပဲ"

"ဟာဗျာ ဦးကျော်ကလည်း" ဆိုသော အသံက နေထက်ဖော်တို့(၃)ဦးပါးစပ်က ပြိုင်တူလိုလိုပင် ထွက်ပေါ်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၁၃) ...

တင်းပြည့်မွန်းကျပ်နေသော ဝေဒနာများဖြင့် အိပ်မပျော်နိုင်လောက်အောင် ခံစားနေရသည်။

အခုလောက်ဆိုရင် သဇင် သူ့အပေါ်ကို စိတ်များနာသွားပြီလားဟူသော အတွေးကလည်း အသည်းနှလုံးကို လှံများဖြင့် တမြည့်မြည့်ချင်းထိုးနေသလို ခံစားနေရလေ၏။

ခွင့်လွှတ်ပါ ကလေးရယ်၊ မင်းကိုယ့်ကို နာကျည်းမှ မုန်းသွားမှ ဖြစ်မှာမို့ပါကွယ်။

တကယ်တော့ ကိုယ်ဟာ မင်းနဲ့ထိုက်တန်တဲ့ လူစားမျိုးမှ မဟုတ်ဘဲကလေးရယ်။





ရင်သည် တမြည့်မြည့်ကျွမ်းလောင်နေသော ဖွဲမီးသဖွယ် တငွေ့ငွေ့လောင်မြိုက်လာ၏။ အိပ်မပျော်တော့သည့်အဆုံး အိပ်ယာထက်မှ တဖြည်းဖြည်း သူထသည်။ ခေါင်းအုံးအောက်မှ ဒိုင်ယာရီစာအုပ်ကလေးကို ဆွဲနှုတ်ယူလိုက်၏။ ထို့နောက်မှ ခြင်ထောင်ကို အသာမ၍ ခေါင်းရင်းတိုင်မှ တစ်ခုတည်းသောမီးခလုတ်လေးကို သူ စမ်း၍ဖွင့်လိုက်သည်။ (၈၀)အားမီးလုံးလေးက သူ့အခန်းလေးအတွင်း လင်းဖြာသွားတော့သည်။ အဲဒီနောက်မှာတော့ ဒိုင်ယာရီစာအုပ်လေးကို သူ တစ်ရွက်ချင်းလှန်ရင်း ရင်ထဲရှိသမျှ ခံစားချက်တို့ကို စာလုံးလေးများအဖြစ် သူ ရေးချလိုက်တော့သည်။

အတွေးနှင့်ခံစားချက်တို့ပေါ်တွင် စီးမျောလျက် သူ့လက်များက အလိုလို ကဗျာလေးတစ်ပုဒ်ကိုလည်း ရေးမိသွားသည်။ ကဗျာလေးကို သူ တစ်ခေါက်ချင်းပြန်ဖတ်ရင်း တစ်လှိုက်လှိုက်ခံစားလာရသည်။ သိပ်ကိုထိမိပြီး ခံစားချက်အားလုံးကို ကဗျာလေးထဲတွင် စုစည်းမိသွားသလို ပြီးပြည့်စုံသွားလေသည်။

ကဗျာလေး၏အပေါ်ဘက်တွင် သူ ခေါင်းစဉ်တစ်ခုကို ရေးထိုးလိုက်၏။

**“ကံနည်းသူ”**



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ ကိုယ်ဟာ တကယ့်ကိုကံနည်းသူတစ်ယောက်ပေပဲလေ၊ ပြီးတော့ မိုးမြင့်သဇင်ဆိုတဲ့မင်းလေးဟာလည်း တကယ်ပဲ ကိုယ့်လိုလူမျိုးတစ်ယောက်နဲ့ မထိုက်တန်တဲ့ တော်ဝင်သဇင်ပန်းလေး တစ်ခက်ပဲ၊ နောက် သဇင်ပန်းဆိုတာက တော်ရုံတန်ရုံလူတွေ လက်လှမ်းလို့မမီလောက်အောင် ဟိုး…အမြင့်ကြီးမှာ ပင်အဆင့်ဆင့် အထပ်ထပ် ကာရံပြီးမှ ပွင့်တဲ့ပန်း။

ပန်းတို့ရဲ့သခင် တော်ဝင်မျိုးနွယ် ရွှေသဇင်ပန်း။ ဒီလိုပန်းလေးမျိုးကို ကိုယ်လိုလူက လက်လှမ်းချင်နေသတဲ့လား။ ထက်ခေါင် ကဗျာလေးကို တစ်ခေါက်ပြန်ဖတ်ကြည့်ရင်း နာကျင်သော အပြုံး တစ်ခုကို ပြုံးလိုက်မိသည်။

အဲဒီအခိုက်မှာပဲ …

"ကိုထက်…ကိုထက်"

ပိတ်ထားသောအခန်းတံခါးအပြင်ဘက်မှ ပန်းလေး၏ တိုးတိုး လျလျခေါ်သံလေးကို သူ အံ့အားသင့်ဖွယ် ကြားလိုက်ရလေတော့ သည်။ ရုတ်တရက် အရာအားလုံးကို တဒင်္ဂမေ့လျှက် သူ အခန်း တံခါးကို ဆွဲဖွင့်လိုက်တော့ အဟုတ်ကိုပဲ ချစ်သူက သူ့အခန်းဝတွင် ရှိ့ရှိ့ကလေးရပ်လို့။





"ဝင်ခဲ့ပါရစေ ကိုထက်"

ဝင်ခဲ့ပါရစေတဲ့လား ကလေးရယ်။ သူ အလိုလို ခေါင်း ညိတ်မိသွားဖြစ်သွားရသည်။ သဇင်က အခန်းထဲသို့ အသာအယာ ပင်လှမ်းဝင်လာပြီး တံခါးကို ညင်သာစွာပြန်စေ့လိုက်သည်။

အခုချိန်ထိ သူ သဇင့်ကို အိပ်မက်ယောင်နေသော လူတစ် ယောက်ပမာ ငေးကြည့်နေဆဲ။

သဇင်က သူ့နံဘေးရှိ ကုတင်ပေါ်တွင်ဝင်ထိုင်သည်။ အခုမှ သူ သတိဝင်လာပြီး ဒိုင်ယာရီစာအုပ်လေးကို ကဗျာကယာပိတ်လိုက် ကာ ကုတင်တစ်ဘက်စွန်းကို ရွှေ့ထိုင်လိုက်ရင်း …

"ဘာဖြစ်လို့ ဒီအခန်းထဲထိလာရတာလဲ သဇင်ရယ်၊ မေမေ ကြီးတို့သိကုန်ရင် အကုန်ဒုက္ခရောက်ကုန်ပါ့မယ်"

"ဖေဖေရောမေမေရော မန္တလေးသွားကြတာ ပြန်မလာကြ သေးဘူး ကိုထက်၊ အဲဒါတွေကိုထားပါ၊ ကိုထက်ကို သဇင် မေး ပါရစေ"

ထက်ခေါင် သဇင့်မျက်နှာကို ငေးကြည့်နေမိသည်။ နီရဲ မို့အစ်နေသော မျက်ခွံလေးများနှင့်။ ကလေး ငိုထားပါလား။ ရင်ထဲ တွင် ကျင်ခနဲခံစားလိုက်ရသည်။ ထိုအခိုက် သဇင့်ဆီက ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တုန်ရင်နေသောအသံလေးဖြင့် ...

"သ...သဇင့်မှာ ဘာအပြစ်တွေများရှိနေလို့လဲ ကိုထက်ရယ်"

ဘာအပြစ်တွေများရှိလို့လဲ...တဲ့။ သူ ဘယ်လိုပြောရတော့မလဲ။ အပြစ်ကင်းစင်ပြီး ရင်နဲ့အမျှချစ်ရသော ဒီချစ်သူလေးမှာ ဘာအပြစ်တွေရှိနေလို့လဲ။ ထက်ခေါင် ရုတ်တရက် လွတ်ထွက်သွားတော့မတတ် ဖြစ်သွားရသောစိတ်ကို အမြန်ဆုံး ထိန်းချုပ်ထားလိုက်ရတော့သည်။

"ဘာ...ဘာဖြစ်လို့လဲ သဇင်"

"ဘာဖြစ်လို့လဲ...ဟုတ်လား...ဘာဖြစ်လို့လဲဆိုတာကို ကိုထက် တကယ်မသိတာလား၊ ဒါမှမဟုတ် သိရက်သားနဲ့ သဇင့်ကို တမင်နှိပ်စက်နေတာလား...ဟင်...ပြောစမ်းပါဦးကိုထက်ရယ်"

သဇင် အင့်ခနဲတစ်ချက်ရှိုက်ငိုသည်။ ကိုယ့်ကို အရည်တွေပျော်ကျကုန်အောင်လုပ်နေတာလား ကလေးရယ်၊ ဒါပေမဲ့ ကိုယ် အရည်ပျော်သွားလို့မဖြစ်ဘူး။ ကိုယ့်စိတ်တွေ ပျော်ကျသွားလို့မဖြစ်ဘူး။

"သဇင်"





သူ့ တုန်ရင်နေသောအသံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းရင်း ခေါ်လိုက်သည်။ သဇင် သူ့မျက်နှာကို မျက်ရည်များပြည့်နေသည့် မျက်ဝန်းများဖြင့် ငိုရင်းမော့ကြည့်သည်။

"ကိုယ်တောင်းပန်ပါတယ် သဇင်၊ ကိုယ့်အနေနဲ့ သဇင့်အပေါ်မှာ တကယ့်သွေးသားရင်း ညီမလေးတစ်ယောက်လို ကိုယ် သံယောဇဉ်ရှိခဲ့တယ်၊ ဒါကလည်း ငယ်ငယ်ကတည်းက မိဘ ညီကို မောင်နှမ မတွေ့ခဲ့ရတဲ့အတွက်လည်း သဇင့်အပေါ်မှာ တွယ်တာမိခဲ့ရတာပါ၊ အခုတော့ မေမေကြီးက သဇင့်အပေါ်မှာထားခဲ့တဲ့ ကိုယ့် သဘောထားကို အထင်လွဲလာခဲ့တယ်၊ အဲ့ဒီအတွက် ကိုယ် သဇင်နဲ့ ခပ်ကင်းကင်းနေဖို့ ဆုံးဖြတ်ခဲ့တာ၊ အဲ့ဒီအတွက် သဇင် ဝမ်းနည်းမနေပါနဲ့၊ သဇင်ဆိုတဲ့ညီမလေးကို ကိုယ့်တစ်သက် ဘယ်တော့မှ မမေ့ပါဘူးကွယ်"

သူ့စကားဆုံးတော့ သဇင် သူ့မျက်နှာကို အံ့ဩမယုံကြည်နိုင်တဲ့ ပုံစံလေးနဲ့ကြည့်သည်။ ပွင့်ဟသွားသောပါးစပ်ကလေးနဲ့ ချက်ဝန်းထဲမှာ ဝမ်းနည်းနေတဲ့အရိပ်၊ အံ့ဩသွားတဲ့အရိပ်၊ မယုံမကြည်နိုင်လွန်းနေတဲ့အရိပ်တွေ။ ခွင့်လွှတ်ပါတော့ကလေးရယ်။

သဇင် ပါးစပ်ကို လက်ဝါးလေးနဲ့ပိတ်ပြီး ပုခုံးလေးများ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လာသည်အထိ ရှိုက်ငိုသည်။

“အင့်...ကို...ကိုထက်...ညာတယ်”

ရှိုက်သံနဲ့ရောထွေးနေသည့် တစ်ခွန်းတည်းသောစကားကို ဆိုပြီး သဇင် သူ့အပါးက ပြေးထွက်သွားတော့သည်။ ဝုန်းခနဲ တံခါး ရှက်ရိုက်သံက သူ့နှလုံးသားအစုံလုံး အောက်ကိုပြုတ်ကျသွားသလို ခံစားလိုက်ရလေတော့၏။

ရှက်ခြင်း၊ နာကျင်ခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် မိုးမြင့်သဇင် သူ့အခန်းထဲက ပြေးထွက်ခဲ့တော့ သူမ နှလုံးသားထဲက “ကိုထက် ညာတယ်၊ ယောကျ်ားမပီသဘူး” ဆိုတဲ့အသံတွေက ပဲ့တင်ထပ်နေလေသည်။ အပေါ်ထပ်လှေကားအတိုင်း သူမ အခန်းရှိရာသို့ တဒုန်းဒုန်း ပြေးတက်ခဲ့လိုက်သည်။ ဒီအချိန် သူမ ဘာကိုမှသတိမထားနိုင်တော့။ ဝင်လာခဲ့သည့်တိုက်တံခါးပေါက်ကလည်း ပွင့်လျက်သား။

တိတ်ဆိတ်နေတဲ့အချိန် တဒုန်းဒုန်း ကျယ်လောင်စွာထွက်ပေါ်လာသောအသံများကြောင့် အောက်ထပ်အခန်းထဲတွင်အိပ်နေကြသည့် ဒေါ်ကြီးလုံးနှင့် ပုတုတို့ လန့်နိုးလာကြရသည်။

“ဟဲ့...ဘာ...အသံတွေလဲ ပုတု”

အိပ်မှုန်စုံဝါးနဲ့ ပုတုကလည်း ကြောင်တောင်တောင်။





ဒေါ်ကြီးလုံး အခန်းအပြင်သို့ ကဗျာကယာထွက်ကြည့်သည်။ ပွင့်နေသောတံခါးကိုမြင်လိုက်တော့ တစ်ကိုယ်လုံး တုန်တက်သွားတော့သည်။

“ဘုရား...ဘုရား သခိုးများဝင်ခိုးသွားပြီလား” ဟူသောအတွေးနဲ့ ...

“ဟဲ့...ပုတု...ပုတု...လထစမ်း...ဒီကို...မြန်မြန်၊ အံ့ခလေး ကိုယ်ကျိုးတော့နည်းပြီနဲ့တူတယ်”

ဒေါ်ကြီးလုံးရဲ့ အတိတ်တလန့်အော်ဟစ်သံကို အောက်ထပ်က ခပ်သဲ့သဲ့ကြားလိုက်မှ မိုးမြင့်သဇင် ငိုရှိုက်နေရာမှ သတိဝင်လာလျက် အခန်းထဲမှပြန်ထွက် လှေကားထိပ်မှနေ၍ ...

“ဒေါ်ကြီးလုံး ဘာမှမဖြစ်ဘူး၊ သမီးဝင်လာတာ”

မိုးမြင့်သဇင်အသံကြားလိုက်မှ ဒေါ်ကြီးလုံး ရင်ဘတ်ကို လက်နှစ်ဘက်ဖြင့်ဖိသည်။

“အံမယ်လေး တော်ပါသေးရဲ့၊ ကျုပ်ကတော့ အိမ်ထဲများ သူခိုးဝင်သွားပြီလားလို့၊ ညည်းလေးက ဒီအချိန်ကြီးကျမှ အပြင်ထွက်ပြီး ဘာသွားလုပ်ရတာတုံး”

အပေါ်ထပ်ရှိ မိုးမြင့်သဇင်ထံမှ ဘာမှထပ်ဖြေသံမကြားရ



www.burmeseclassic.com

www.burmeseclassic.com



တော့။

"ခက်တော့တာပါပဲ...ဒီကလေးနှယ်"

ဒေါ်ကြီးလုံး ညည်းညူရင်း တိုက်တံခါးကို အသေအချာပြန်ပိတ်လိုက်ရပါတော့သည်။

* * *

## ... အခန်း (၁၄) ...

ခြံထဲကို ဦးကျော်ဇေယျတို့ ဝင်ရောက်လာသည်နှင့် ဒေါ်ကြီးလုံးနှင့်ပုတုတို့ တိုက်ပေါက်ဝမှ အပြေးထွက်ကြိုကြသည်။

"မင်းတို့နှယ်...ညက ပြန်မလာနိုင်ကြဘူးဆိုရင်လည်း ဖုန်းလေးဘာလေးဆက်လိုက်ရောပေါ့"

"မသင်းတို့အဆွဲကောင်းတာနဲ့ သူတို့အိမ် ဝင်နေကြရတာ ဒေါ်လုံးရေ၊ ဖုန်းဆက်ဖို့ကိုလည်း လုံးဝအမှတ်မရဘူး"

လင်မယားနှစ်ယောက် ကားတံခါးဖွင့်ပြီးဆင်းလာကြတော့ အထုပ်အပိုးများကို ဒေါ်ကြီးလုံးနဲ့ပုတုတို့ ဝိုင်းရှုံဆွဲယူလိုက်ကြသည်။ ဒေါ်သင်းသင်းနွဲ့တို့ ထည့်ပေးလိုက်ကြသော သစ်သီးစုံနဲ့ မလိုင်ထိုး



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဘူးများ ပန်းသီးလုလုကြီးများက မနည်းမနော။

“မဝယ်ပေးပါနဲ့ဆိုလည်း မရဘူး၊ ဈေးချိုအထိအောင် လိုက်လာကြပြီး ဝယ်ထည့်ပေးလိုက်ကြတာလေ၊ ကျွန်မတို့ဟာကျွန်မ တို့ဆိုရင် မနက်(၄)နာရီလောက်ထလာပြီး ဒီကို (၇)နာရီကျော် လောက်အရောက်ပေါ့၊ ဒါနဲ့ သမီးကောမမြင်ပါလား ဒေါ်လုံး၊ ဘယ်သွားနေလဲ”

“ရှိပါတော်၊ မနက်ကတည်းက ခေါင်းကိုက်လို့ဆိုပြီး သူ့ အခန်းထဲက ဆင်းကိုမလာသေးဘူး၊ မနက်စာ ကော်ဖီပူပူလေးနဲ့ မုန့်ကိုတောင် ပုတုကို တက်ပို့ခိုင်းရတယ်”

ဒေါ်ကြီးလုံးစကားကြောင့် ဦးကျော်ဇေယျရော ဒေါ်မေသက် ပါ သမီးအတွက် စိတ်ပူသွားကြသည်။

“ဆေးလေးဘာလေးရော တိုက်ထားသလား ဒေါ်လုံး၊ ကိုယ် တွေဘာတွေရောပူသလား”

“ခေါင်းကိုက်တယ်ဆိုပြီး သူ့အခန်းထဲကကို ထွက်မလာ တော့ ဘယ်လိုလုပ်သိရမတုံး မောင်ကျော်ဇေယျရယ်”

အိမ်ထဲရောက်သည်နှင့် လင်မယားနှစ်ယောက်စလုံး အမော ပင်မဖြေအားတော့ အပေါ်ထပ်ရှိ သမီးအခန်းသို့ တန်းတက်သွားကြ





သည်။

သမီး၏ အခန်းတံခါးကပိတ်ထားလျက်…

‘သမီး’ “သမီးလေး…သဇင်”

အောက်ထပ်မှ ကားသံကြားလိုက်ရကတည်းက မေမေတို့ပြန် ရောက်လာပြီဆိုတာ သိတဲ့အတွက် မိုးမြင့်သဇင် တစ်ညလုံးငိုထားသော မျက်နှာကို ပြင်ပြင်ဆင်ဆင်ပြုလုပ်ထားပြီးဖြစ်ပါသည်။ ဒါပေမယ့်လို့ ရဲပြီးမို့အစ်နေသော မျက်ခွံလေးများကိုတော့ သူမဘယ်လိုမှ ဖုံးဖိနိုင်စွမ်း မရှိပါလေ။ ကိစ္စတော့မရှိ ခေါင်းကိုက်လို့ ငိုထားသည်ဟုပြောလိုက်ယုံ ပေါ့လေ။

ကိုထက်ရယ်…ရှင်တကယ်ပဲ ရက်စက်လွန်းတယ်ရှင်။

မိုးမြင့်သဇင် အခန်းတံခါးကို ညင်သာစွာဖွင့်လိုက်ပြီး စိုးရိမ် တကြီးမျက်နှာလေးတွေနဲ့ ဖေဖေ မေမေတို့ကိုမြင်တွေ့လိုက်ရတော့ ဝမ်းနည်းစိတ်လှိုမ့်တက်လာပြီး မေမေ့ရင်ခွင်ထဲတိုးဝင်ကာ ငိုပစ်လိုက် ပြန်လေတော့သည်။

“သမီး…သမီးလေးဘာဖြစ်တာလဲ။ ခေါင်းတွေကိုက်လို့ ဆို”

သူမ ပါးစပ်ကပြောနိုင်စွမ်းမရှိတော့ ခေါင်းလေးကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပြရင်း အားပါးတရငိုနေမိလေပြီ။

ဖေဖေကလည်း ခြေမိကိုင်မိလက်မကိုက်မိဖြစ်လျှက် သူမ၏ နဖူးလေးကို ယုယစွာလှမ်းကြည့်သည်။

"အရမ်းကိုက်နေသေးလား သမီးလေး။ ကိုယ်တော့မပူပါလား"

"ဒါကြောင့်မို့ ကျွန်မသမီးကိုစိတ်မချတာ တော်သေးတာပေါ့ ဒီနေ့သာဆက်နေမိရင် ဘယ်လိုလုပ်ကြမလဲ"

သူမအတွက် စိုးရိမ်တကြီး ပျာယာခတ်နေကြသော မိဘနှစ်ပါးကိုကြည့်ကာ ပို၍ဝမ်းနည်းလာရပြန်ပါသည်။

ခြော် မိဘတွေဆိုတာ (၅၂၈)အေးမြတဲ့ မေတ္တာပါပဲလေ။

သူမ 'ကိုထက်'အပေါ်ထားမိခဲ့သော (၁၅၀၀)မေတ္တာ 'အချစ်'ဆိုတာက မချစ်ရသေးခင်ကကို ပူလောင်လွန်းလှပါလားကွယ်။ မိဘနှစ်ယောက်စလုံးကတော့ သူမ၏အဖြစ်ကို မသိရှာကြ။ ဒါပေမယ့် ဖြစ်ချင်တော့ တစ်ညလုံးမအိပ်ဘဲ ငိုနေခဲ့သောကြောင့် အိပ်ရေးပျက်သော ဒဏ်နဲ့ပေါင်းကာ သူမတကယ်ပဲ ခေါင်းတွေကိုက်လာခဲ့ရသည်။

မေမေ တိုက်တဲ့ဆေးကိုသောက်ပြီးမှ သူမ နှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့တော့၏။





ထမင်းလာပို့သောပုတုထံမှ မိုးမြင့်သဇင် နေမကောင်းဖြစ်တဲ့ အကြောင်းကြားလိုက်ရတော့ ထက်ခေါင် ရင်ထဲတွင် စိတ်မကောင်းတာလေး တော်တော်ခံစားသွားရပြီဟုလည်း သူတွေးလိုက်မိသည်။

"အခုရော သူ သက်သာသွားပြီလား ပုတု"

"အဲဒါတော့ ပုတုလည်းမသိဘူး။ အန်ကယ်ကြီးနဲ့ မမေကြီးတို့ကတော့ ပြောနေကြတာပဲ အကိုလေးရဲ့"

ပုတုပြန်သွားတော့ သူ စားပွဲပေါ်တင်ထားခဲ့သော ထမင်းဟင်းများကို ငေးစိုက်ကြည့်ကာ ငေါင်ငေါင်ကြီးကျန်နေမိခဲ့သည်။ ထမင်းလည်း စားချင်စိတ်မရှိတော့ သူ့လုပ်ရက်များ မှားသွားပြီလားဟူသောအတွေးကလည်း ရင်ထဲတွင်ပြည့်ကျပ်နေလေသည်။ ထိုစဉ်ဝင် အခန်းဝမှခြေသံတစ်ခုကြောင့် သူ ထိတ်ကနဲဖြစ်သွားကာ မော့ကြည့်လိုက်သည်။ ခြေသံရှင်က ဦးညိုကြီး…

"ဪ…လာလေဦးညိုကြီး"လို့ သူခေါ်လိုက်တော့ ဦးညိုကြီးက သူ့ကုတင်လေးပေါ်တွင် ဝင်ထိုင်သည်။ ထက်ခေါင် ပက်လက်ကုလားထိုင်မှ ထပေးရင်း…

"ဒီမှာလာထိုင်လေ ဦးညိုကြီး"

"ရပါတယ်ကွာ ထိုင်စမ်းပါ၊ မင်းကို အရေးတကြီး ပြော



www.burmeseclassic.com

www.burmeseclassic.com



စရာရှိလို့လာခဲ့တာ"

"ဘာများလဲ ဦးညိုကြီး"

ဦးညိုကြီးက ပြောသင့်မပြောသင့်ချိန်ဆနေပြီးမှ ထက်ခေါင်မျက်နှာကို သေချာစွာကြည့်၍ ...

"မင်းကိုတော့ ငါယုံပြီးသားပါ ထက်ခေါင်ရယ်၊ ဒါပေမယ့် မင်း..."

ဦးညိုကြီးက အပြောခက်နေဟန်မျိုး စကားကိုရှေ့မဆက်ဘဲ ရှိနေပြန်သည်။

"ပြောပါ ဦးညိုကြီး၊ ကျွန်တော့်ကို ဘာပြောစရာရှိလို့လဲ ပွင့်ပွင့်လင်းလင်းပဲပြောပါ"

ဦးညိုကြီးက သက်ပြင်းတစ်ချက်ကို ချသည်။ ပြီးမှ ...

"ဒီလိုကွာ၊ ဟိုကောင် ခြံစောင့်ဖိုးထွေးက ငါ့ကိုလာပြောတယ်၊ မနေ့ညက မင်းအခန်းထဲကို မိုးမြင့်သဇင် ရောက်လာခဲ့တယ်ဆို"

"ဗျာ..."

"ပြီးတော့... ဒီကောင်ပြောသေးတယ်၊ မိုးမြင့်သဇင်မင်း အခန်းထဲမှာ အကြာကြီးပဲတဲ့၊ ပြီးမှ အခန်းထဲက ငိုပြီးပြေးထွက်





သွားတယ်တဲ့၊ ငါ ရင်တွေပူလိုက်တာ ထက်ခေါင်ရာ၊ အခုမနက်ခင်း ငါတို့ မန္တလေးကပြန်ရောက်တော့လည်း ဒေါ်လုံးကြီးက ကောင်မလေး ခေါင်းကိုက်လို့ဆိုပြီး တစ်မနက်လုံးအခန်းထဲက မထွက်ဘူးတဲ့၊ ဆရာနဲ့ ဒေါ်မေသက်တို့နှစ်ယောက်စလုံးပြောနေကြတယ်၊ မတော် ဆရာဝန်တွေ ဘာတွေခေါ်ပြီး"

"ဟာ...မ...မဟုတ်ဘူး ဦးညိုကြီး"

သူ ခေါင်းတစ်ခုလုံး ဆင်နှင်းခံလိုက်ရသလို ပြာယာခတ်သွားရတော့သည်။

"အဲဒါ...လုံးဝမဟုတ်ဘူး ဦးညိုကြီး...ဟို"

သူ ဦးညိုကြီးကို ဘယ်လိုရှင်းပြရမှန်းပင်မသိတော့။

ဦးညိုကြီးကလည်း သူ့မျက်နှာကို အကဲခတ်သလိုမျိုး ကြည့်နေပြန်သည်။

"ဖိုးထွေးကလည်း သူမမြင်ဘဲနဲ့တော့ မပြောရဲလောက်ဘူး ထက်ခေါင်၊ အချိန်တောင် သူက အတိအကျပြောတာ၊ ငါ သူ့ကို ဒီကိစ္စ ဘယ်သူ့မှလျှောက်မပြောဖို့ မှာခဲ့ရတယ်"

သူ အဖြစ်မှန်ကိုမရှင်းပြသရွေ့ ထပ်ရှုပ်နေတော့မည့်အဖြစ် ကြောင်း သဘောပေါက်လိုက်တော့သည်။ မထူးတော့ပြီမို့ ထက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ဦးညိုကြီးကို အစအဆုံးအဖြစ်မှန်ကို ပြောပြလိုက်ရလေတော့သည်။

"အဲဒါပါပဲ ဦးညိုကြီးရယ်၊ ကျွန်တော် သူ့ကို ဒီလိုမှမလုပ်ရင် ပြဿနာတွေအကုန်တက်လိမ့်မယ်၊ ဘဘကိုပေးထားခဲ့တဲ့ ကတိနဲ့ မေမေကြီးတို့ ကျေးဇူးတွေကိုလည်း ကျွန်တော် မကာမ်းချင်ဘူး၊ ပြီးတော့ သူ...သူ့ရဲ့ဘဝဟာ ကျွန်တော်လိုကောင်မျိုးနဲ့လည်း ဖြစ်မှမဖြစ်နိုင်ပဲဗျာ"

အခုမှ ဦးညိုကြီးက သူမျက်နှာကို စာနာဂရုဏာဖြစ်နေသည့် မျက်ဝန်းရီရီများဖြင့် ကြည့်လေတော့သည်။

"အေးကွာ..ဒီလိုဆိုတော့လည်း မင်းဆုံးဖြတ်ချက်ကမှန်ပါတယ်၊ မတူညီတဲ့ဘဝနှစ်ခုကိုပေါင်းစပ်ရင် မင်းတို့ငါတို့လို နိမ့်ပါးတဲ့ဘဝဟာ ပျက်စီးသွားကြမှာပဲ၊ ဒီတော့ ဝေဒနာမရင့်မှီ အရင်ဆုံးသတ်ထားလိုက်တာ အကောင်းဆုံးပါပဲကွာ၊ ဒါပေမယ့် မနွေညက အဖြစ်အပျက်ကို ဒေါ်မေသက်တို့သိသွားခဲ့ရင်တော့ မလွယ်ဘူး၊ မိုးမီးလောင်မှာအမှန်ပဲ၊ ငါလည်း ဖိုးထွေးကိုတော့ ဘယ်သူမှမပြောဖို့ မှာထားခဲ့တာပဲ၊ အခုထပ်ပြီး ပြောထားရဦးမယ်၊ အင်း မင်းတို့အဖြစ်ကလည်းကွာ"

ဦးညိုကြီးက သူတို့အဖြစ်ကို မသက်မသာညည်းညူသည်။





သူ့ဘဝက အမြဲတမ်း "ကံနည်းသူ" တစ်ယောက်ဖြစ်နေမှာပဲလေ။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၁၅) ...

မေမေ့စကားကိုကြားစက မိုးမြင့်သဇင် ယုံပင်မယုံချင်ပေ။ မေမေ့ကို အံ့သြသောမျက်လုံးလေးများဝိုင်းကာ ကြည့်နေမိသည်။

"မေမေ...တကယ်ပြောနေတာလားဟင်"

"တကယ်ပြောနေတာပေါ့...သမီး၊ မေမေတို့အားလုံး စီစဉ်ပြီးကြပြီ၊ ကိုဘုန်းကျော်တို့မသင်းတို့ဆိုတာ မေမေတို့နဲ့ လုပ်ငန်းဘက် တစ်ယောက်နဲ့တစ်ယောက် ပြောစရာမလိုလောက်အောင် ရင်းနှီးကြတာ"

"ဘာပဲဖြစ်ဖြစ် သမီးအနေနဲ့ သူ့ကိုမှမချစ်နိုင်တာပဲ မေမေရယ်"





"အချစ်တစ်ခုတည်းနဲ့တင် ဘဝကို တည်ဆောက်လို့မှ မဖြစ်တာ သမီး"

"အချစ်မပါတဲ့ဘဝကရော ဘယ်လောက်ခိုင်မာမှာမို့လဲ မေမေရယ်၊ ပြီးတော့ အဲဒီ 'နေထက်ဇော်' ဆိုတဲ့လူက ဘယ်လိုလူစားမျိုးလဲဆိုတာတောင် သမီးအနေနဲ့ သိတာမဟုတ်သေးဘူး"

"သမီး...သဇင် မေမေတို့လက်နဲ့ရေးထားတဲ့ကိစ္စကို ခြေနှံမျက်ချင်စမ်းနဲ့၊ 'နေထက်ဇော်'ဟာ အခုနောက်ဆုံးနှစ်ဖြေပြီးထားတဲ့ အင်ဂျင်နီယာကျောင်းသားတစ်ယောက်၊ ပညာရော ရုပ်ရော စီးပွားရေးရော ဘာမှပြောစရာမရှိဘူး၊ အခုဟာကလည်း ညည်းတို့ကို ချက်ချင်းကြီး လက်ထပ်ပေးမယ်ပြောတာမဟုတ်ဘူး၊ နှစ်ယောက်စလုံး ဘွဲ့ရပြီးကြမှ၊ ဒီကြားထဲ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးဖြစ်သွားပြီး သဘောမျှဖြစ်သွားအောင် စေ့စပ်ထားရုံပဲ"

"စေ့စပ်ထားတယ်ဆိုတာလည်း တစ်ဝက်လက်ထပ်ပြီးတာနဲ့ ဘာထူးလို့လဲ၊ သမီး ခုချိန်မှာ ဘယ်သူ့ကိုမှ လက်မထပ်ချင်သေးဘူး၊ လွတ်လွတ်လပ်လပ်ဘဝနဲ့က ဖေဖေ မေမေတို့ကကို ပြန်ပြီး ပြုစုကျွေးချင်သေးတယ်"

"အမလေး...နေပါစေ မိသဇင်ရယ်၊ ငါတို့ကိုလည်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးစရာမလိုပါဘူး၊ ညည်းဘဝကိုသာ ဆင်စီးပြီးမြင်းရံတာ ငါတို့က မြင်ချင်တာပါ၊ ဘာပဲပြောပြော မေမေ့စိတ်ဓါတ်ကို သမီးသိတယ် နော်၊ သမီးလေးတစ်ယောက်တည်းမို့ အစစအရာရာကိုသာ အလို လိုက်နိုင်မယ်၊ ဘဝနဲ့ပတ်သက်လာတဲ့ အရေးတွေမှာတော့ လုံးဝ အလိုမလိုက်နိုင်ဘူး၊ ဒါပဲ၊ မနက်ဖြန် မောင်နေထက်ဇော် အိမ်ကို ရောက်လာလိမ့်မယ်၊ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေအောင် ဆက်ဆံပါ"

မေမေ တစ်ချက်လှမ်းအမိန့်ချမှတ်ပြီး အခန်းထဲက ထွက်သွား သွားတော့သည်။

"မိဘတွေဆိုတာ သားသမီးတွေကို အရုပ်ကလေးလို များ မှတ်ထင်နေရော့သလား မေမေရယ်"

ဝေဒနာတစ်ခုမှ အရင်းမသေသေး၊ နောက်ထပ်ဝေဒနာတစ် ခုကို ဘာဖြစ်လို့များ ရက်ရက်စက်စက် ပေးချင်ရပြန်တာလဲ ကံကြမ္မာ ရယ်။

မျက်ဝန်းအိမ်ထဲမှ မျက်ရည်များဝေ့တက်လာပြန်သည်။ ဘယ်အချိန်ထိအောင်များ ဒီမျက်ရည်တွေက ကျနေရဦးမှာလဲ။ သူ့ အတွေးထဲ၌ ကိုထက်၏မျက်နှာကို ဖျတ်ခနဲမြင်ယောင်မိပြန်သည်။





တကယ်ဆို မိုးမြင့်သဇင်ဆိုတဲ့ မိန်းကလေးဟာ 'အချစ်' အတွက်ဆို အရာရာကို စွန့်လွှတ်ရဲတဲ့မိန်းကလေးတစ်ယောက်ရယ် ပါ။ တကယ်တမ်း အခုချိန် ရှင်သာ သတ္တိရှိရှိနဲ့ ယောကျ်ားပီသ ခဲ့ရင် ကိုယ့်ကိုယ်ကိုယ်မလိမ်ညာဘဲ အမှန်တိုင်းဝန်ခံပြီး ကျွန်မကို ချစ်သူတစ်ယောက်ဖြစ်ကြောင်း အခိုင်အမာရင်ဖွင့်ခဲ့ရင် …

သမီးမှာ ချစ်သူရှိနေပြီမေမေ ဆိုတဲ့စကားကို ကျွန်မ ရဲရဲ ဝံ့ဝံ့နဲ့ ပြောမိမှာပါ ကိုထက်ခေါင်။

သူတို့က ဘယ်သူလဲလို့မေးခဲ့ရင်လည်း ရှင်ဖြစ်တဲ့အကြောင်း သတ္တိရှိရှိနဲ့ပဲ ဝန်ခံမိမှာ။ မိုးမီးလောင်းလို့မက စကြာဝဠာကြီး တစ်ခု လုံး လောင်သွားပါစေ။ ကျွန်မ လုံးဝဂရုမစိုက်ဘူး၊ ကျွန်မန်ဘေးမှာ အမြဲတမ်းရှင်ရှိနေမယ့် 'ဘဝ' တစ်ခုရဖို့အတွက် အရာရာနဲ့လဲပြီး ကျွန်မ သူရဲပါတယ်၊ ယူဝံ့ပါတယ်။

စည်းစိမ်းချမ်းသာတွေ…လား

ငွေကြေး ဂုဏ်ဓနတွေ…လား

သူတို့က သမီးမိုက်ဆိုတဲ့ဘွဲ့ထူးနဲ့ အမွေပြတ်စွန့်လွှတ်ပစ် ကြမလား။

အဲဒီလိုကို မိုးမြင့်သဇင်ဆိုတဲ့ မိန်းကလေးက ရှင့်ခြေရင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ဆင်းပြီး ရှင့်ဆီကရလာမယ့် 'အချစ်'တစ်ခုအတွက် အရာအားလုံးကို ပေးဆပ်ဝံ့တဲ့မိန်းကလေး။

ကျွန်မလို မိန်းကလေးတစ်ယောက်ကတောင်မှ 'အချစ်'အတွက် ဒီလိုသတ္တိတွေ စွန့်လွှတ်ရဲတာတွေ ရှိနေပြီးမှ ...

ယောကျ်ားကြီးတစ်ယောက်ဖြစ်တဲ့ ရှင်က သတ္တိကြောင်ပြီး ရင်ထဲမှာ တကယ်ရှိနေတဲ့'အချစ်'အတွက် အမှန်အတိုင်း ရင်မဆိုင်ဝံ့တာ ရင်မဆိုင်ရဲတာ ဘယ်လောက်များ အသည်းနာစရာကောင်းလိုက်ပါသလဲ။

ဒီလိုလူမျိုးတစ်ယောက်အတွက်နဲ့ရော သူမမျက်ရည်တွေ ဆက်ပြီး ကျသင့်ပါသလား။

ဟုတ်တယ်။ အချစ်အတွက်ကျခဲ့ရတဲ့ ကျွန်မရဲ့မျက်ရည်တွေဟာ အချစ်နဲ့ထိုက်တန်သူတစ်ယောက်အတွက်ပဲ ကျသင့်တာပေါ့။

ရှင်ဟာ ယောကျ်ားဖြစ်ပြီး သတ္တိမရှိတဲ့လူ…

အမှန်တရားအတွက် ဘဝကိုရင်မဆိုင်ရဲတဲ့လူ…

ကျွန်မထားခဲ့တဲ့ အတွယ်တာတွေ သံယောဇဉ်တွေ အချစ်တွေနဲ့ လုံးဝမထိုက်တန်တဲ့လူ။

ရှင့်လိုလူမျိုးအတွက် ကျွန်မ ဘယ်တော့မှ မျက်ရည်မကျ





ဆရတော့ဘူး။ ထက်ခေါင်ဆိုတဲ့လူတစ်ယောက်အတွက်နဲ့ မိုးမြင့်သဇင် ဘယ်တော့မှ မျက်ရည်မကျတော့ဘူး။

မိုးမြင့်သဇင်မျက်ဝန်းထဲမှ လိမ့်ကျလုဆဲဆဲ မျက်ရည်များကို မျက်တောင်တို့ဖြင့် ပုတ်ခတ်ကာ သိမ်းဆည်းပစ်လိုက်သည်။ အဲဒီနောက်မှာတော့ သူမနေရာမှ ထရပ်ကာ မှန်တင်ခုံရှိရာသို့ လျှောက်သွားလိုက်တော့သည်။

မှန်ထဲမှ သူမ၏အရိပ်ကို သူမ မမှိတ်မသုန်ကြည့်သည်။ ကြည့်စမ်းပါဦး။ ဘာမဟုတ်တဲ့ လူတစ်ယောက်အတွက်နဲ့က ကျဆုံးနေတဲ့ငါ။

မိုးမြင့်သဇင် ဖယိုဖရဲနှင့်ဝဲကျနေသော ဆံနွယ်ပျော့ကြီးများကို ဝဲခနဲသပ်တင်ပစ်လိုက်သည်။ ကြည့်စမ်းပါဦး။

ဒီလောက်ရှင်းသန့်ပြီး လှပလွန်းနေတဲ့မျက်နှာလေး။ ဒီမျက်နှာလေးဟာ အချစ်အတွက် ငိုကြွေးနေရသတဲ့လား။ သူ့ကို မချစ်ပါဘူးဆိုတဲ့လူတစ်ယောက်အတွက် ဒီကောင်မလေးဟာ ခံစားနေရသတဲ့လား။ ဟင်း…ဟင်း…ဟင်း…ဟင်း…ဘယ်လောက်များ ရယ်စရာကောင်းလိုက်ပါသလဲနော်။

မိုးမြင့်သဇင် မှန်ထဲမှ သူမအရိပ်ကိုကြည့်ပြီး ဟားတိုက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောပစ်လိုက်တော့သည်။

ဘုရားရေ…အဲဒါတောင် မျက်ဝန်းထဲကမျက်ရည်တွေက အလိုလိုလိမ့်ဆင်းကျလာကြပါလားကွယ်။

ဒါပေမဲ့ ဒီမျက်ရည်တွေဟာ အချစ်အတွက်ကျတဲ့ မျက်ရည်တွေတော့ မဟုတ်နိုင်တော့ပါဘူးနော်။

❀ ❀ ❀

## … အခန်း (၁၆) …

ဒီနေ့မှ မျက်စိနောက်စရာကောင်းလောက်အောင် ပြင်ဆင်နေတဲ့ တူဖြစ်သူ နေထက်ဇော်ကို ဦးကျော် မျက်စောင်းထိုးကာ ကြည့်လိုက်မိသည်။ ဟိုနှစ်ကောင်ကလည်း နေထက်ဇော်ဘေးမှ ဟိုမျက်နှာတပ်သွားပါလား။ ဒီမျက်မှန်တပ်သွားပါလား။ ဟိုဘောင်းဘီနဲ့ မလိုက်ဘူး၊ ဟိုဘောင်းဘီဝတ် အစရှိသဖြင့် ပြောဆိုဆူညံနေကြသည်မှာ တကယ့်ကို အမြင်ကတ်ချင်စရာ။

"ဟိတ်ကောင်တွေ မင်းတို့ဟာ မပြီးကြသေးဘူးလား၊ ငါ သိပ်ပြီးစိတ်မရှည်ချင်တော့ဘူးနော်၊ ဘယ့်နှယ်ကွာ…ယောကျ်ားလေးတွေဖြစ်ပြီး အပြင်တစ်ခါထွက်ဖို့အရေး မိန်းမတွေကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဦးကျော်ကလည်း အခုဟာ ရိုးရိုးအပြင်ထွက်ဖို့ မှမဟုတ်တာဗျ၊ ကျွန်တော့်ဘဝအတွက် အရမ်းကိုအရေးကြီးတဲ့ အကန့်တစ်ခုကိုသွားရမှာ၊ ဒီလောက်တော့ရှိမှာပေါ့"

"ဟုတ်ပ…ဦးကျော်ကလည်း လူပျိုကြီးဆိုတဲ့အတိုင်း နည်းနည်းပါးပါးမှကို ကိုယ်ချင်းစာစိတ်မရှိဘူး"

"တစ်ခါတစ်လေလည်း အေးအေးနေစမ်းပါဦး ဦးကျော်ရာ တကယ်ပဲ"

တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြတော့ ဦးကျော်ငြိမ်သွားသည်။ အသက်(၄၀)ကျော်အရွယ် ပျော်ပျော်နေတတ်သော လူပျိုကြီး ဦးကျော်ကို သူတို့တွေ လူငယ်ပေါင်းပေါင်းကြသည်။ ဦးကျော်ကလည်း တစ်ခါတစ်လေ ဝွတီးဝွကျလုပ်တတ်တာကလွဲလို့ လူငယ်တွေနဲ့သာ အတွဲများသူတစ်ယောက်ဖြစ်၍ သူတို့အပေါ်တွင် အထာကျသည်။

တကယ်တော့ ဦးကျော်ဆိုတာ နေထက်ဇော် ဖေဖေ ဦးဘုန်းကျော်၏ညီဝမ်းကွဲတော်သည့် နေထက်ဇော် ဦးလေးတစ်ယောက်ပါပေ။ ယခုအချိန်ထိ လူပျိုကြီးဖြစ်နေဆဲရှိသော ဦးကျော်က အရင်တုန်းကတော့ သဘော်သားတစ်ယောက်ပါ။ အခုမှ သင်္ဘောမလိုက်တော့





ဘဲ ရှာထားခဲ့သောပိုက်ဆံများနှင့် တစ်ထပ်တိုက်ကလေးတစ်လုံး ဆောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဖွင့်ကာ အေးအေးချမ်းချမ်း နေထိုင်လျှက်ရှိသူ တစ်ယောက်ဖြစ်သည့် သူ့ လက်ဖက်ရည်ဆိုင်က ကားဂိတ်အနီးရှိ အကွက်အကွင်းကျသော နေရာတစ်ခုတွင် ဖွင့်ထားခြင်းဖြစ်ပြီ။ အိမ်နှင့်ဆို အနည်းငယ်အလှမ်းကွာဝေး၏။ သို့အတွက် လက်ဖက်ရည်ဆိုင်နှင့် အိမ်ကို ကူးနိုင်ဖို့ရာ စူပါကတ်ဆိုင်ကယ်လေး တစ်စင်းတော့ဖြင့် ဝယ်ထားရသည်ဖြစ်ရာ အခုလို သူ့လက်ဖက်ရည်ဆိုင်သို့ သွားခါနီး တူတော်မောင်အား ချမ်းမြေ့အိမ်သို့ လိုက်ပို့ပေးရသည်ဖြစ်၍ စိတ်မရှည်ဖြစ်နေခြင်းဖြစ်သည်။

ဦးကျော်အနေနှင့်ကလည်း နေထက်ဇော်ကို လိုက်မပို့၍ မဖြစ်။ တစ်နေ့ကတင် သူ့အိမ်ရှိရာသို့ ချမ်းမြေ့အိမ်မှ ဒေါ်မြသက် ကိုယ်တိုင် ကားဖြင့်ရောက်လာလျှက် နေထက်ဇော်အား ချမ်းမြေ့ အိမ်သို့ အလည်လာရောက်ရန် ဖိတ်ခေါ်သွားခဲ့သည်။ မန္တလေးမှ နေထက်ဇော်မိဘများက မှာလိုက်သည့်စကားများကိုလည်း ပြောကြားသွားလေ၏။ ပြီးတော့ ပြန်ခါနီးဒေါ်မြသက်က…

"ကိုကျော်…မနက်ဖြန်မနက်လောက် မောင်နေထက်ဇော်ကို အိမ်အရောက်ပို့ပေးနော်" ဟု မှာသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက်အနေနဲ့ လိုက်မပို့၍မကောင်းတော့။ နေထက်ဇော်ဆိုတဲ့ကောင်ကတော့ သူပြောပြောနေသော ဒေါ်မေသက်တို့သမီး မိုးမြင့်သဇင်ဆိုတဲ့ကောင်မလေးနဲ့ တွေ့ရတော့မည်မို့ အူမြူးနေ၏။ ပြောတော့ လူကြီးချင်းရင်းနှီးလို့ ဝင်ရတဲ့အဝင်မျိုး မဝင်ချင်ဘူးလေးဘာလေးနဲ့။ အခုတော့ သူမဟုတ်တော့တဲ့အတိုင်း။

အခုခေတ်ကောင်တွေများ စကားကို ကြီးကြီးကျယ်ကျယ်နဲ့ အလွယ်ပြော။ နောက်ပြီး ဘာမှလည်းဟုတ်တာလည်းမဟုတ်။ ကြည့်ဦး...ဒါ...မကြာခင် အင်ဂျင်နီယာဘွဲ့ယူတော့မယ့် အရာရှိလောင်းတစ်ယောက်တဲ့။ အခုခေတ်ထိ လူငယ်အထာ လူငယ်ဒီဇိုင်းတွေ မပျောက်သေး။ ရှေ့လျှောက်အရာရှိဖြစ်ပြီး လုပ်ငန်းတွေဝင်ရင် ဘယ်လိုတွေများဖြစ်ကုန်ကြမယ်မသိ။ သူတို့အစား ရင်မောလိုက်ပါဘိ။

ဦးကျော် နေထက်ဇော်တို့သုံးယောက်ကိုကြည့်ရင်း တွေးနေဆဲ ...

"ရပြီ...ဦးကျော်၊ သွားကြစို့၊ ကြည့်ပါဦး၊ မိုက်တယ်မဟုတ်လား"

အောက်က စတစ်ကာအင်္ကျီအဖြူ အပေါ်က အော်တာအင်္ကျီအနက်ခါးတိုနံ့နံ့နဲ့။ အတိုမဟုတ် အရှည်မဟုတ် ခပ်ပွပွ။ ရိုန်းဘို





ဂျင်းသားဘောင်းဘီတစ်ထည်နဲ့။ ပြီးတော့ ခုံးခုံးပါးပါး မျက်မှန်တစ်လက်ကိုတပ်ထားသည့် တူတော်မောင် နေထက်ဇော်ကို ဦးကျော်ကြည့်သည်။

ဆေးဆိုးထားတဲ့ဆံပင်ရှည်ရှည် နီညိုရောင် ကွပ်တိကွက်ကျားက အလယ်ခွဲထားသဖြင့် 'ကကြီး'ပုံဝဲကျကာ ပါးလယ်၌ စွယ်ချွန်များကျနေသည်။ ဆံပင်ဒေါက်စွယ်ချွန်ချွန် လယ်ကုတ်က ခွေကျနေတဲ့ဆံနွယ်စွယ်ချွန်ချွန်လေးတွေနဲ့ နေထက်ဇော်ပုံစံက အခုခေတ် ကောင်မလေးတွေအကြိုက် ကိုရီးယားမင်းသားတစ်ယောက်ပုံစံမျိုးဖြင့် မိုက်နေပါသည်။ သို့သော် ဦးကျော်၏စိတ်ထဲတွင်မူ တူတော်မောင်၏ဒီဇိုင်းကို ကြည့်၍ ...

"အခုခေတ်...မင်းတို့ဒီဇိုင်း မင်းတို့ပုံစံတွေနဲ့ မင်းတို့ခံစားချက် မင်းတို့သီချင်းတွေအားလုံး အရမ်းကိုမိုက်တယ်၊ နောက်ထပ်ဒီထက်သာ ထပ်မိုက်လိုက်ရင် ခွေးထက်တောင်မိုက်သေး" ဟု မှတ်ချက်ပေးနေမိတော့၏။

ဒါကိုပဲ နေထက်ဇော်က ...

"ဘယ့်နှယ်လဲ...ဦးကျော်၊ အရမ်းမိုက်တယ်မို့လား" လို့ ထပ်မေးနေတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး…မိုက်တယ်… မိုက်တယ်…မင်းတို့ထက် မိုက်တဲ့ထောင်ထဲကလူတွေတောင် မင်းတို့လောက်မမိုက်ဘူး၊ လာသွားမယ်၊ အချိန်မရှိတော့ဘူး" လို့ ဆိုလိုက်တော့ နေထက်ဇော်ပါးစပ်က ထုံးစံအတိုင်း …

"ဟာ…ဦးကျော်ကလည်းဗျာ" ဆိုတဲ့စကား ခုန်ထွက်သွားရပါတော့သည်။

"ချမ်းမြေ့အိမ်" ဦးကျော်တို့တစ်ဝရီး ရောက်သွားကြတော့ ဒေါ်မေသက်က ဝမ်းသာအဲလျှယ် ဆီးကြိုပါသည်။

"လာကြ…လာကြ…မောင်နေထက်ဇော်တို့၊ အန်တီက ဒီနေ့ ဆိုင်တောင်မသွားတော့ဘဲ မင်းတို့ကိုစောင့်နေတာ၊ ဒီနေ့တော့ ဒီမှာ မနက်စာပါ အဆင်သင့်ချက်ပြုတ်ပြီးသား၊ ထမင်းစားသောက်ပြီး ညနေမှ အေးအေးဆေးဆေးပြန်ရမယ်နော်"

"ဟာ…အားနာစရာကြီးအန်တီရယ်"

"ဟင်းဟင်း…သားနဲ့အန်တီတို့က အားနာရမယ့်လူတွေမှ မဟုတ်တာ။ ကိုကျော်ရော ဒီနေ့တစ်ရက်တော့ ဒီမှာပဲ အေးအေးဆေးဆေးနေလို့ဖြစ်တယ် မဟုတ်လား"

"အဲ…ဟို…ကျွန်တော်လည်း…"





"ကဲ…ကျွန်တော်လည်းလုပ်မနေနဲ့၊ ရှင့်လက်ဖက်ရည်ဆိုင်ကို တစ်ရက်မသွားရလို့ ဘာမှဖြစ်မသွားပါဘူး၊ မောင်နေထက်ဇော် တစ်ယောက်တည်းဆို အားနာပြီး မနေတတ်မထိုင်တတ် ဖြစ်နေဦးမယ်၊ ဟုတ်တယ်မဟုတ်လား…သား"

နေထက်ဇော်လည်း မတတ်နိုင်တော့။ ပြုံးပြီးသာနေလိုက်ရလေတော့သည်။ ဒေါ်မေသက်က သွက်သွက်လက်လက်ပြောလည်းပြော။ သူ့သမီးကိုလည်း လှမ်းခေါ်သည်။

"သမီးရေ…ဟောဒီမှာ မောင်နေထက်ဇော်တို့ ရောက်လာကြပြီဟေ့၊ ဆင်းခဲ့ပါဦး"

နေထက်ဇော်တို့တစ်ဝရီး မျက်လုံးများက အပေါ်ထပ်လှေကားဆီသို့ ရောက်သွားကြသည်။ မကြာပါ…မိုးမြင့်သဇင်ဆိုတဲ့ကောင်မလေး လှေကားအတိုင်း အိနြွေရရလေးဆင်းလာပါ၏။

ကိုယ်ဟန်လေးပျော့နွဲ့ကြော့စင်းလျှက် အသားဖြူဥဥ၊ နုဖန်းဖန်း ဝါပြေပြေလေးနဲ့ တကယ်ကိုလှတဲ့ကောင်းမလေး။

ဆံပင်ရှည် ဆံနွယ်ပျော့နက်နက်ကြီးများကလည်း ကျက်သရေရှိရှိနဲ့ လှလွန်းပေစွ။

အနီးရောက်လာပြန်တော့လည်း တည်ငြိမ်သည့်သဏ္ဍာန်လေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မျက်ခုံးနက်နက် မျက်တောင်ရှည်ကြီးများနှင့် ဝန်းစက်ရွှန်းလဲ့နေသော မျက်ဝန်းလှလှကြီးများကို ပိုင်ဆိုင်ထားသည့် မိန်းမချောလေးဖြစ်ကြောင်း တွေ့ရပြန်သည်။

ဒါပေမဲ့ သူမ၏မျက်ဝန်းလေးများမှာ ရွှန်းလဲ့ကြည်စင်သလောက် ဒီမျက်ဝန်းလေးတွေထဲမှာပဲ ခေါင်းမာတတ်သော အရိုပ်ကလေးများနဲ့ သိမ်မွေ့နက်နဲသောခံစားချက် အရိပ်ကလေးများရှိနေကြောင်းကို ဦးကျော်တွေ့မြင်လိုက်ရသည်။ ပြီးတော့ နှာတံလုံးလုံးတင်းတင်း နှုတ်ခမ်းရဲရဲလေးနှင့် သည်မိန်းကလေးသည် နေထက်ဇော်ပြောသကဲ့သို့ သာမန်မိန်းကလေးမျိုးမဟုတ်ဘဲ ဆုံးဖြတ်ပြီးလျှင် ရဲရဲဝံ့ဝံ့လုပ်ကိုင်တတ်သော ထက်ထက်မြက်မြက် မိန်းကလေးတစ်ယောက်ဖြစ်မှန်းကိုလည်း ဦးကျော် သိလိုက်ရ၏။

"ထိုင်···သမီး···ဒါ မေမေပြောပြောနေတဲ့ အန်တီသင်းသင်းနဲ့တို့သား မောင်နေထက်ဇော်လေ၊ ဒါက မောင်နေထက်ဇော် ဦးလေး ဦးကျော်တဲ့၊ ကားဂိတ်နားက "စိန်ပန်းမြိုင်" လက်ဖက်ရည်ဆိုင်ဟာ သူ့ဆိုင်ပေါ့···သမီးရဲ့"

မိုးမြင့်သဇင်က နေထက်ဇော်နှင့်ဦးကျော်တို့ကို ချိုလွင်စွာ ပြုံးပြလာသည်။





"ဟုတ်ကဲ့···အခုလိုသိရတာ သဇင် ဝမ်းသာပါတယ်၊ ဒီက နေထက်ဇော်နဲ့အတူ ဘူတာမှာတစ်ခါဆုံဖူးပါတယ်"

"ဟယ်···ဟုတ်လား၊ ဒါများသမီးရယ် မေမေတို့ကိုတောင် မပြောဘူး···ကြည့်စမ်း"

"ပြောရအောင် မေမေတို့ပြောမှ သူမှန်းသိရတာကိုး မေမေရဲ့"

"သြော်···အေးအေး···ဟဲ့ ဒါနဲ့ မေ့နေလိုက်တာ၊ မောင်နေထက်ဇော်တို့အတွက် ကော်ဖီနဲ့မုန့်တွေလုပ်ပါဦး သမီးရဲ့"

ဒီလိုနဲ့ ကော်ဖီနဲ့မုန့်တွေစားသောက်ကြရင် ဒေါ်မေသက်က နေထက်ဇော်တို့မိဘများနှင့် ဘယ်လောက်အထိရင်းနှီးကြပုံများကို ရွှမ်းရွှမ်းဝေအောင် ပြောပြနေပြန်သည်။ ပြီးမှ ဦးကျော်နှင့် အသိမိတ်ဆွေများအကြောင်း ပြောကြဆိုကြ မေးကြမြန်းကြနဲ့ နေထက်ဇော်နှင့် မိုးမြင့်သဇင်တို့နှစ်ဦးကတော့ နှုတ်ဆိတ်လို့။

ဒီတော့မှ ဒေါ်မေသက်က ···

"ဟဲ့···သားနဲ့သမီး စကားလေးဘာလေး ပြောကြဦးလေ၊ ပျင်းရင်လည်း ခြံထဲဆင်းပြီး လျှောက်ချင်လျှောက်ကြ။ သမီးရေ···



www.burmeseclassic.com

www.burmeseclassic.com



မောင်နေထက်ဇော်ကို ခြံထဲလိုက်ပြပေးလိုက်ပါလားကွယ်" လို့ ဆိုလိုက်တော့ မိုးမြင့်သဇင် စိတ်ညစ်သွားရလေသည်။

ပြီးမှ…သူမ တစ်စုံတစ်ခုကို ဖျတ်ခနဲတွေးလိုက်မိပြီး…

"လာ…နေထက်ဇော် တို့ ခြံထဲဆင်းပြီး စကားပြောရအောင်"

"ကောင်းသားပဲ…သွားလေ"

နှစ်ယောက်သား ခြံထဲသို့ဆင်းလာခဲ့ကြသည်။ ဘာရယ် မဟုတ်။ အလိုလိုအကျင့်ပါနေသော မျက်ဝန်းတို့က ကားဂိုဒေါင်ဘက်ဆီသို့ လှမ်းကြည့်မိလိုက်ပြန်၏။ ကိုထက်ကို ကားအနီးတွင် တကုတ်ကုတ်ဖြင့် အလုပ်လုပ်နေသည်ကို လှမ်းမြင်လိုက်ရသည်။ ဘာတွေလုပ်နေမှန်းတော့မသိ။

သူမ ကားဂိုဒေါင်နှင့် အနီးဆုံးပန်းပင်လမ်းကြားကို ရွေး၍ နေထက်ဇော်ကို ခေါ်လာလိုက်သည်။

"မိုးမြင့်သဇင်တို့ခြံက အကျယ်ကြီးပဲနော်၊ ပန်းပင်တွေစိုက်ထားတာလည်း အများကြီး၊ တကယ့်ပန်းခြံကြီးတစ်ခုထဲ ရောက်နေသလားတောင် အောက်မေ့ရတယ်"

"အင်း"





"ဒါနဲ့…တို့ အခုလိုရောက်လာတော့ မိုးမြင့်သဇင် မအံ့သြဘူးလား"

"ရောက်လာတာကိုတော့ မအံ့သြပါဘူး၊ မေမေပြောပြတုန်းကတော့ အံ့သြမိတယ်"

နေထက်ဇော်က ရယ်သည်။

"ဟင်းဟင်း…တို့ကတော့ အခုလို မိုးမြင့်သဇင်နဲ့ ကံဆုံရတာကို အရမ်းဝမ်းသာမိတယ်၊ တို့ဘဝမှာ မိုးမြင့်သဇင်လို အရမ်းလှတဲ့မိန်းကလေးမျိုးနဲ့ ကံဆုံရလိမ့်မယ်လို့ တစ်ခါမှမတွေးခဲ့မိဖူးဘူးလေ၊ တို့က အပေါင်းအသင်းခရေစီလေ၊ အပေါင်းအသင်းကလွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့ဘူး၊ အခုမှ…ဟင်းဟင်း"

နေထက်ဇော် ဘာတွေပြောနေသည်ကို သူမ စိတ်မဝင်စား။ သူမရဲ့အာရုံက လမ်းသာလျှောက်နေသည်။ ကားဂိုဒေါင်ဘက်သို့သာ အာရုံရောက်နေ၏။ ဟော…သူတို့ကားဂိုဒေါင်အနီး တဖြည်းဖြည်းနီးလာတော့ ကိုထက် ခပ်သဲ့သဲ့စကားသံကြောင့် သူတို့နှစ်ဦးရှိရာဘက်သို့ တချက်လှည့်ကြည့်တာကို လှမ်းတွေ့လိုက်ရသည်။ အဲဒီတော့မှ သူမ နေထက်ဇော်ဘက်ကို ဖျတ်ခနဲလှည့်လိုက်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဒါနဲ့ နေထက်ဇော် နောက်ဆုံးနှစ်ဖြေထားတာ နော်၊ ဘာမေဂျာလဲ"

"အင်း"

အဆက်အစပ်မရှိဘဲ ရုတ်တရက်မေးလာသော မိုးမြင့်သဇင် စကားကြောင့် နေထက်ဇော်ကြောင်သွားသည်။

"ဟို...တို့က...ဂျီတီအိုင်တက်နေတာလေ"

"ဩော်...မေ့သွားလို့...ဆောရီး...မေမေပြောပြီးသားပဲ"

ပြောပြီး မိုးမြင့်သဇင် ကိုထက်ရှိရာဆီသို့ မသိမသာကြည့်လိုက်မိပြန်သည်။ ကိုထက် သူတို့နှစ်ယောက်ကို အံ့ဩတဲ့ပုံစံမျိုးနဲ့ ကြည့်နေတာမြင်လိုက်ရပြန်တော့ သူမစိတ်ထဲတွင် အရမ်းကျေနပ်သွားမိသည်။ ပြီးတော့ ကိုထက် ကားနံဘေးကထသွားပြီး ဂမူးရှူးတိုး အမူအယာနဲ့ သူ့အခန်းလေးထဲကိုဝင်သွားတာ တွေ့လိုက်ပြန်တော့ ပျော်သွားသလိုပင် ခံစားမိလိုက်ပြန်သည်။

အဲဒီနောက်တော့ မိုးမြင့်သဇင် သွက်လက်ရွှင်မြူးစွာနဲ့ နေထက်ဇော်ကို စကားတွေရွှမ်းရွှမ်းဝေအောင် ပြောနေမိတော့၏။

သူတို့နှစ်ဦး ပိတောက်ပင်ကြီးအောက်ရှိ ခုံတန်းလေးပေါ်တွင်လည်း ထိုင်မိကြ၏။ မိုးမြင့်သဇင် သရမ်းကို ပျော်နေမိလေသည်။





ကိုထက်ဆိုတဲ့လူတစ်ယောက် သူ့အခန်းလေးထဲကနေပြီး သူတို့နှစ်ဦးရှိရာ ပိတောက်ပင်ကြီးအောက်ကို လှမ်းကြည့်နေလိမ့်မယ်ဆိုတာ သူမနှလုံးသားက အလိုလိုသိနေမှာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## ... အခန်း (၁၇) ...

လာမယ့်လာတော့လည်း နေထက်ဇော် ချမ်းမြေ့အိမ်ကို လာသည်မှာ ချောင်းပေါက်တော့မတတ်ပါပေ။ တစ်ခါကလေ သူ့သူငယ်ချင်းနှစ်ယောက်ဖြစ်သူ မင်းခန့်နှင့် စည်သူစိုးနှစ်ယောက်တို့ပါ ပါပါလာတတ်၏။ ခင်မင်ဖွယ်ကောင်းလှသော သူတို့နှစ်ယောက်နဲ့လည်း မိုးမြင့်သဇင် ရင်းနှီးသင့်သလောက် ရင်းနှီးလာရပါလေပြီ။ မိုးမြင့်သဇင်၏မေမေ ဒေါ်မေသက်ကတော့ နေထက်ဇော်တို့ရောက်လာတိုင်း သားချင်းမိုးမွှန်ပြီး ပျော်ရွှင်ကျေနပ်လို့မဆုံး။ သူတို့ကလည်း ရောက်လာကြပြီဆိုတာနဲ့ ခေတ်လူငယ်တွေပီပီ ပွင့်ပွင့်လင်းလင်း ခြေရဲလက်ရဲ စားကြသောက်ကြ ပြောကြဆိုကြ တဝါးဝါးတဟားဟား





တစ်ခါတစ်လေ ဂစ်တာတွေပါယူလာတတ်ကြပြီး ပိတောက်ပင်ကြီးအောက်မှာ တီးကြဆိုကြနဲ့ ဖြစ်ချင်တိုင်းကိုဖြစ်လို့။

မိုးမြင့်သဇင်ကိုယ်တိုင်ကလည်း သူတို့နှင့် ပြောဆိုရယ်မောပြီး ပျော်ရွှင်နေပြန်တော့ ...

မပျော်မရွှင်ဖြစ်နေရသူက ထက်ခေါင်။

ဦးကျော်ဆိုတဲ့လူကြီးအိမ်ကို မေမေကြီးလိုက်ပို့နိုင်းပြီး ဆံပင်နီကြောင်ကြောင်ကောင်လေးကို အိမ်အလည်လာခဲ့ဖို့ သွားပြောတဲ့နေ့ကတည်းက အဲဒီကောင်လေးဟာ မိုးမြင့်သဇင်နဲ့ သဘောတူထားတဲ့ မန္တလေးကကောင်လေးဆိုတာ သူသိခဲ့ရသည်။ တကယ်တမ်းသူ့ပန်းကလေးကို လုယူမည့်လူတစ်ယောက်ကို မြင်တွေ့ရပြန်တော့ ရင်ထဲတွင် မခံချင်စိတ်နဲ့ ရင်နာလာရပြန်ပါသည်။

သူ့ဒိုင်ယာရီစာအုပ်လေးထဲက ...

"မဆင်ပြန်တော့ သူရယ်လို့ ရင့်မှာမာန်တင်းပြန်တော့ ရွှေသဇင်ရယ်လှလွန်းတာလို့၊ ရင်မှာတော့ ခပ်နာနာ"

ဆိုသော ကဗျာအပိုဒ်လေးကို အမှတ်ရလိုက်မိပြန်သည်။

ဟုတ်တယ်လေ...မတတ်သာလို့ ရင်နာနာနဲ့စွန့်ခဲ့ရတဲ့ပန်းကလေးတစ်ပွင့်ကို မြေကြီးပေါ်မှာ သူ့အတိုင်းရှိနေတာထက် သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ကောက်ယူပန်ဆန်သွားတဲ့အဖြစ်မျိုးဟာ ပိုပြီးမခံချင်စရာ ရင်နာစရာ ကောင်းလွန်းလှပါ၏။

ပြီးတော့လည်းကြည့်ပါဦး။ မိုးမြင့်သဇင်နဲ့ လက်ထပ်ပေးမယ်ဆိုတဲ့လူက တည်တည်ကြည်ကြည် အဆင့်မြင့်မြင့်နှင့် လေးစားစရာလူတစ်ယောက်မျိုးဆိုလျှင်လည်း ခံနိုင်သေးပါ၏။

အခုတော့ မျက်စိနောက်စရာဒီဇိုင်းတွေနဲ့ မိဘချမ်းသာသမှု ခပ်ပေါ့ပေါ့ နေထိုင်ရှင်သန်နေသည့် လူငယ်တစ်ယောက်။ ဒီလိုလူငယ်တွေကမှ ခေတ်မှီပညာတတ် လူငယ်တွေတဲ့လား။ မကြာတင်မီအရာရှိတစ်ယောက်အဖြစ်နဲ့ နိုင်ငံ့တာဝန်တွေကို တစ်ဘက်တစ်လမ်းကနေ ဦးဆောင်ဦးရွက်ပြုကြမည့် အနာဂါတ်ရဲ့ကြယ်ပွင့်တွေတဲ့လား။

ထက်ခေါင် သူတို့အစားကို စဉ်းပင်မစဉ်းစားရဲတော့။ 'ခေတ်ရေစီးကြောင်း' ဆိုတဲ့ စကားတစ်ခွန်းနဲ့ စိတ်ဓါတ်၊ အရည်အချင်း အဆင့်အတန်းတွေ တဖြည်းဖြည်း လျော့နည်းကျဆင်းလာသည့် သူတို့လို လူငယ်တွေရဲ့ အနာဂါတ်ခြေလှမ်းတွေကို သူရင်မောစွာ မြင်ယောင်ကြည့်မိလိုက်ပြန်ပါသည်။

တကယ်တော့ သူလည်း ခေတ်လူငယ်တစ်ယောက်ပါလေ။ ဒါပေမဲ့ စိတ်ဓါတ်ချင်း ခံယူချက်ချင်းကတော့ဖြင့် သူတို့နဲ့တူမည်





မဟုတ်ပါလေ။

ဩော်…သူ့လိုခေတ်လူငယ်တွေလည်း ရှိဦးမှာပေါ့လေဆိုတဲ့အတွေးနဲ့ပဲ နောက်ဆုံး ဖြေသိမ့်လိုက်ရတော့သည်။

ဒါပေမဲ့ အခုဖြစ်နေတဲ့ နေထက်ဇော်တို့အုပ်စုနဲ့ မိုးမြင့်သဇင်ကိုတော့ သူ့စိတ်ထဲမှာ လုံးဝမတွေ့။ ဒီလိုနဲ့ သူ မိုးမြင့်သဇင်နှင့် နှစ်ယောက်ချင်းတွေ့နိုင်မည့်အချိန်ကို ချောင်းနေမိတော့သည်။ သူ့ရင်ထဲမှာ တင်းကြပ်ပြီး မကျေမနပ်ဖြစ်နေတဲ့စကားတွေ ပြောစရာအပြည့်ရှိနေမှပဲလေ။

တစ်မနက်တော့ သူ ပန်းပင်တွေကိုရေဖျန်းနေစဉ် ဘုရားတင်ဖို့ နှင်းဆီပန်းခူးဆင်းလာသည့် မိုးမြင့်သဇင်နဲ့ ဆုံမိတော့သည်။

မိုးမြင့်သဇင်က သူ့ကို တစ်ချက်ကြည့်ပြီး ရှောင်ထွက်သွားမြင်သည်။

"သဇင်…ခဏနေဦး"

သူလှမ်းတားလိုက်တော့လည်း ခြေလှမ်းလေးတုန့်ပြီး ခပ်အအမျက်နှာလေးနှင့် ပြန်ကြည့်နေသည်။ သူ ရေပိုက်ကိုချထားခဲ့လိုက်ပြီး မိုးမြင့်သဇင်အနီးကို လျှောက်သွားလိုက်သည်။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အသံလေးက မာကြောကြောအေးစက်စက်နဲ့ လုံးဝကို မကြည်တဲ့အသံလေး။

"ကိုယ်…မင်းကို စကားနည်းနည်းပြောချင်တယ် သဇင်"

"ရှင်နဲ့ကျွန်မ ဘာပြောစရာစကားရှိသေးလို့လဲ"

"မင်း အဲ့ဒီလိုကြီးမခေါ်စမ်းပါနဲ့။ ကိုယ်ပြောမှာ မင်းအတွက်ပါ"

"တော်ပါတော့…ကိုထက်ခေါင်၊ ရှင့်လို့ယောကျ်ားမပီသဘဲ အရာရာကို အမှန်အတိုင်းဝန်မခံရဲတဲ့ ကိုယ်ဘက်တစ်ဘက်တည်းကိုပဲမြင်တတ်တဲ့ လူတစ်ယောက်နဲ့ ကျွန်မ ဘာမှပြောစရာစကားမရှိတော့ပါဘူး၊ ဆောရီးပါပဲ"

မိုးမြင့်သဇင် သူ့ကို ထိုးနှက်ချက်တွေနဲ့ ပယ်ပယ်နယ်နယ်ပြောပြီး ခြေလှမ်းရွှေ့ဖို့ပြင်သည်။ သူ ခံပြင်းသွားရသလို စေတနာနှင့်ယှဉ်ရာမှ ဖြစ်ပေါ်လာသည့်ဒေါသလည်း ထွက်သွားရသည်။ ထက်ခေါင် ရုတ်တရက် မိုးမြင့်သဇင်ရှေ့မှ ပိတ်ရပ်ပြီးသားဖြစ်သွားသည်။

"ဒီမှာသဇင်…မင်းအနေနဲ့ ငါ့အပေါ်မှာ မင်းမြင်ချင်သလိုမြင်လို့ရတယ်၊ ဒါပေမဲ့ မင်းအပေါ်မှာ ငါ တသက်လုံးထားခဲ့တဲ့ 'စေတနာ'ကိုတော့ မစော်ကားပါနဲ့"

"စေတနာ…ဟုတ်လား"

မိုးမြင့်သဇင် သူ့ကို ခပ်ရွဲ့ရွဲ့လေး ပြန်ကြည့်သည်။

"ဟင်းဟင်း…ဘာစေတနာလဲ၊ ကျွန်မရင်ထဲက ခံစားချက်တွေကို ရှင်သိနေသားနဲ့ ရက်ရက်စက်စက်မျက်ကွယ်ပြုခဲ့တာဟာ စေတနာလား၊ နေပူထဲကနေ မျှော်လင့်တကြီးနဲ့ အရိပ်အောက်ကို ပြေးဝင်ခိုတွယ်လာခဲ့မိတဲ့ လူတစ်ယောက်ကို ရင့်ရင့်သီးသီးနဲ့ ကန်ထုတ်ပစ်ခဲ့တာဟာ စေတနာလား၊ တော်ပါတော့ ကိုထက်ခေါင်ရယ်… ကျွန်မ တစ်သက်လုံးထိန်းသိမ်းလာခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့သိက္ခာတွေကို ဒီ့ထက်ပိုပြီး မချချင်ပါတော့နဲ့…အင့်…"

မိုးမြင့်သဇင် ပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာလေသည်။ ပြီးတော့ တသိမ့်သိမ့်ရှိုက်ငိုရင်းမှ …

"အင့်…ကျွန်မကို နောက်ထပ် ထပ်ပြီးဒုက္ခမပေးပါတော့နဲ့ ကိုထက်ခေါင်ရယ်၊ ကျွန်မ အားလုံးကိုလည်း ဆုံးဖြတ်ပြီးသွားပြီ၊ ရှင် မေမေတို့ကို ကျေးဇူးမကန်းချင်ဘူးမဟုတ်လား၊ သူတို့ဆန္ဒတွေကိုလည်း မလွန်ဆန်ဝံ့ဘူးမဟုတ်လား၊ ဒီလိုပဲ ကျွန်မလည်း မေမေတို့ဆန္ဒအတိုင်း သဘောတူနေထိုင်ဖို့ ဆုံးဖြတ်ပြီးသွားပြီ၊ ရှင်ကျေနပ်







www.burmeseclassic.com

www.burmeseclassic.com



ပါတော့"

နောက်ထပ် တားချိန်မရလိုက်ခင်ပင် မိုးမြင့်သဇင် သူ့အနီးမှ ပြေးထွက်သွားတော့သည်။

သူလည်း ဒီတစ်ခါတော့ နေရာတွင်ပင် ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ မလှုပ်မယှက်ဖြင့် ငေးငိုင်ကာ ကျန်ရစ်နေခဲ့ရလေတော့ပြီ။

သြော်…ကလေးရယ်…ကိုယ် ကျေနပ်ရမယ်တဲ့လား…ကိုယ် ကျေနပ်နေရမယ်တဲ့လား…

သူ့ စိတ်ရှိလက်ရှိအော်ဟစ်ကာ ကမ္ဘာအပြင်ဘက်ထိ ပြေးထွက်သွားချင်တော့သည်။



## … အခန်း (၁၈) …

ခေတ်လူငယ် သွက်သွက်လက်လက်ရှိလှသော နေထက်ဇော်ကတော့ ချမ်းမြေ့အိမ်ရှိ ထမင်းချက်ဒေါ်ကြီးလုံးမှအစ ခြံစောင့်ဖိုးထွေးအဆုံး ရှိရှိသမျှလူအားလုံးနှင့် ရင်းနှီးဖော်ရွေစွာရှိနေလေပြီ။

ဒါကိုပဲ ဦးညိုကြီးကပင် …

"ကောင်လေးက မဆိုးပါဘူးကွ၊ ပိုက်ဆံရှိပေမယ့် မာနကြီးတတ်ဘူး၊ သူ့ပင်ကိုယ်စိတ်ရင်းလေးကလည်း ကောင်းရှာပါတယ်"

လို့ ချီးကျူးလာတော့ ထက်ခေါင် ဘာမှမပြော။ ဟုတ်တော့လည်းဟုတ်သည်။ နေထက်ဇော်က သူ့ကိုလည်း ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလာပြီး တခါတလေ သူ့အခန်းလေးဆီကိုပင် ရောက်ရောက်လာတတ်သည် မဟုတ်ပါလား။ စကားပြောလည်း အင်မတန်သွက်သည့်ကောင်။ သူ့ကိုပင် …

"ကိုထက်ဒီဇိုင်းကမိုက်တယ်ဗျာ၊ ရုပ်ကော ဘော်ဒီကော စပိုင်မင်းသားနဲ့ ချွတ်စွပ်ပဲ၊ ကိုထက်မျက်လုံးတွေက သူ့ထက်တောင်သာသေးတယ်၊ တကယ်ပြောတာ" ဆိုတဲ့စကားမျိုးလေးတွေနဲ့ ပေါင်းလာတတ်တော့ သူပင် နေထက်ဇော်ကို မခင်ဘဲမနေနိုင်ဖြစ်ခဲ့သေးသည်။

ဒီနေ့တော့ မန္တလေးက နေထက်ဇော်ရဲ့မိဘတွေ ရောက်လာကြမည်ဆို၍ ချမ်းမြေ့အိမ် တစ်အိမ်လုံး ပျာယာခတ်နေကြသည်။ ညနေပိုင်းရောက်တော့ သိန်းထောင်ကျော်တန် လင့်ခရိုစာကားကြီးတစ်စင်းနှင့် နေထက်ဇော်၏မိဘများဖြစ်သူ ဦးဘုန်းကျော်နှင့် ဒေါ်သင်းသင်းနွဲ့တို့ ရောက်လာကြသည်။ အိမ်ရှင်ဖြစ်သူ ဦးကျော်ဇေယျနှင့် ဒေါ်မေသက်တို့ကလည်း ဝမ်းသာဖော်ရွေလွန်းစွာ ဆီးကြိုကြသည်။ ဝမ်းပမ်းတသာ ရယ်မောပြောဆိုသံ နှုတ်ဆက်မေးမြန်းသံ၊ ရယ်သံများဖြင့် ချမ်းမြေ့အိမ်တွင် မြိုင်လျှက်ရှိပါတည်း။

အဲဒီအချိန် ထက်ခေါင် အခန်းလေးထဲတွင်ရှိသော ဦးညိုကြီး





က တိုက်ကြီးဘက်သို့မျှော်ကြည့်ရင်း …

"ဦးဘုန်းကျော်တို့က တော်တော်ချမ်းသာတယ်ကွ၊ မန္တလေးကျောက်မျက်လောကမှာတော့ သူကဒိတ်ပဲ၊ အေးပေါ့ကွာ၊ ဒီလို ပိုက်ဆံရှိတဲ့လူအချင်းချင်းဆိုတော့ နေနဲ့လ ရွှေနဲ့မြပေါ့ကွာ၊ မင်း မိုးမြင့်သဇင်အတွက် ဝမ်းသာပေးလိုက်ပါကွာ၊ အခုရော မင်းခံစားနေရသလား ထက်ခေါင်" လို့မေးလာတော့ …

"မေးမှမေးတတ်ပလေ…ဦးညိုကြီးရယ်၊ ကိုယ်ချစ်သူတစ်ယောက်လုံးကို တစ်ပါးသူရင်ခွင်ထဲရောက်တော့မယ်အရေး ဘယ်သူမခံစားရဘဲရှိနေမလဲ၊ ရင်ဖွင့်ပြီးပြလို့ရရင် ပြလိုက်ချင်တယ်၊ ဒါပေမဲ့ ကျွန်တော် မေမေကြီးတို့စိတ်ချမ်းသာနေကြတာ မြင်ရတော့ ဝမ်းသာပါတယ်ဗျာ"

ဟု ကြေကြေကွဲကွဲပြောလိုက်သော ထက်ခေါင်၏အသံက စို့နင့်နေ၏။ ဦးညိုကြီးကလည်း မျက်ရည်ဝဲနေသောထက်ခေါင်ကို ကြည့်ကာ သက်ပြင်းတစ်ခုကို ချသည်။

"အင်း…မင်းအနေနဲ့ကလည်း ဟုတ်တော့လည်းဟုတ်ပါတယ်ကွာ၊ နှလုံးသားအလိုကိုလိုက်ပြန်ရင်လည်း တစ်သက်တာကျေးဇူးကန်းရာကျ၊ အခုလို ကျေးဇူးသိတတ်ပြန်တာကျတော့လည်း အင်း



www.burmeseclassic.com

www.burmeseclassic.com



မေသွယ်ဝါလားကွာ" ဟု ငြီးသည်။ ပြီးမှ တစ်ခုကိုစဉ်းစားမိဟန်ဖြင့် …

"ဒါနဲ့…တကဲယ်တမ်းလက်ထပ်ရတော့မှာကျတော့ မိုးမြင့်သခင် နေထက်ဇော်ကို လက်ခံပါ့မလားဆိုတာ ငါတွေးမိတယ်၊ သူ့တကယ်သံယောဇဉ်ရှိတာ ချစ်တာက 'မင်း'ပဲလေ"

"သူ…ကျွန်တော့်ကို တကယ်စိတ်နာသွားပါပြီ ဦးညိုကြီးရာ၊ နေထက်ဇော်ကို သူ လက်ထပ်တော့မှာပါ"

ဦးညိုကြီး ထက်ခေါင်မျက်နှာကိုကြည့်ကာ စဉ်းစားနေလေသည်။ ဒီကောင်လေး တကယ်ပင် ကျေးဇူးတရားအတွက် ချစ်သူကို စတေးတော့မှာပါလားဆိုသောအသိက ဦးညိုကြီးရင်ကို နာကျင်သွားစေသည်။ တကယ်တော့ နာကျင်တာမှအပ သူလည်း ဒီကစ္စ ဘယ်လိုမှမကူညီနိုင်။ နောက်ဆုံးတော့လည်း လူကြီးပီပီ အားလုံးကို သဗ္ဗေသတ္တာ ကမ္မသကာလို့ပဲ မှတ်ယူလိုက်ရတာပါပဲလေ။

မကြာပါ…ချမ်းမြေ့အိမ်၌ပင် နေထက်ဇော်နဲ့ မိုးမြင့်သခင်တို့အား စေ့စပ်ပွဲပြုလုပ်ပေးကြရန် လူကြီးများ တိုင်ပင်ကြသည်။ ဒီလိုနဲ့ နေ့ကောင်းရပ်သာရွေးကြ ပြောဆိုတိုင်ပင်ကြနဲ့ သင်္ကြန်ပြီး နှစ်ဆန်း(၁)ရက်နေ့ကို ရွေးလိုက်ကြတော့သည်။ သင်္ကြန်ရက်ကလည်း





ဘာမှမလိုတော့။

"ကဲ…သင်္ကြန်အတွင်း သားတို့သမီးတို့လည်း ပျော်ပျော်ပါးပါး အတူတူရေစကားရအောင် မန္တလေးကိုလိုက်ခဲ့ကြ၊ မန္တလေးသင်္ကြန်က သိပ်စည်တာ"

"ဟုတ်တယ်…သခင်၊ သခင်တို့ မန္တလေးသင်္ကြန်ကို မရောက်ဖူးသေးဘူးမဟုတ်လား"

နေထက်ဇော်တို့ သားအမိနှစ်ယောက်က သူမအား မန္တလေးသင်္ကြန်သို့ လိုက်ခဲ့ရန်ခေါ်သည်။ ဒီအချိန်ရောက်မှတော့ သူမအတွက် ဘယ်လိုပျော်ရွှင်မှုမျိုးမှ မလိုအပ်တော့ပါ။ ပြီးတော့ ဒီနှစ်မှ အိမ်ပြန်ရောက်ခဲ့ရတဲ့ သူမအတွက် မိမိတို့မြို့ကလေး၌သာလျှင် မတွေ့မမြင်ရသည်မှာ ကြာခဲ့ပြီဖြစ်သော ငယ်စဉ်ကပျော်ရွှင်စွာဆော့ခဲ့ကြတာလည်းဖြစ်သော သင်္ကြန်မြင်ကွင်း။ သင်္ကြန်သရုပ်ကလေးများကိုသာလျှင် ခံစားချင်ပါသည်။ ဒီလိုနဲ့ သူမငြင်းလိုက်မိတော့သည်။

"ကိုဇော်တို့ပဲ ပြန်ချင်ပြန်ကြပါ၊ သခင်တော့ မလိုက်ချင်ဘူး၊ သင်္ကြန်ရက်ကလေးတွေကို သခင်တို့ မြို့လေးမှာပဲ ကုန်လွန်သွားချင်တယ်"

နေထက်ဇော် သူ့အမေမျက်နှာကို တစ်ချက်ပြန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သားလည်း သခင်နဲ့အတူ ဒီမြို့လေးမှာပဲ သင်္ကြန်ထွက်တော့မယ်"

ဒေါ်သင်းသင်းနွဲ့ရော ဦးဘုန်းကျော်ပါ သားဖြစ်သူကို ပြုံးကာကြည့်ရှုလိုက်ကြသည်။ ဦးဘုန်းကျော်က ကဲ…ဘယ့်နှယ်တုံးဟူသော အကြည့်နဲ့ အားလုံးကိုဝေ့ကြည့်လိုက်တော့ ဒေါ်သင်းသင်းနွဲ့က…

"ဒါ…အစပဲရှိသေးတယ် ကိုဘုန်းရေ၊ နောက်ဆို ဖအေနဲ့မအေတောင် လှည့်ကြည့်တော့မှာမဟုတ်ဘူး၊ သားတစ်ယောက်များ အတော်မွေးရကျိုးနပ်ပ" လို့ဆိုလိုက်တော့ မိသားစုအားလုံးပင် ဝိုင်းရယ်လိုက်ကြရလေတော့သည်။



## … အခန်း (၁၉) …

ပိတောက်နံ့သင်းသော အတာဂိန်မာန်နွေဦးကား ဂီတငှက်ငယ်ဥညသံတို့ဖြင့် လွမ်းမောဖွယ်အတိပါပေ။ ပိတောက်ပန်းများ ပင်လုံးကျွတ်မျှဝေဆာလျှက်ရှိသော ပိတောက်ပင်ကြီးအောက်၌မူ ထက်ခေါင်တစ်ယောက်တည်း။

ဒီနေ့ သင်္ကြန်အတက်နေ့ဖြစ်သော်လည်း အကြိုနေ့မှစ၍ ယနေ့အထိ သူ အပြင်သို့လုံးဝမထွက်ဘဲ အိမ်ခန်းလေးထဲတွင်သာ အုတ်နေမိခဲ့သည်။ နေထက်ဇော်တို့(၃)ကောင်ကတော့ သူ့ဦးလေး ဦးကျော်လာခေါ်သော ဂျစ်ကားတစ်စီးနှင့် အိမ်ကပ်သည်ပင်မရှိတော့။ အကျနေ့ကဆို မိုးမြင့်သဇင်ပင်ပါသွားသေးသည်။ ဒီနေ့တော့ သင်္ကြန်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနေ့ဖြစ်သည့်အပြင် မနက်ဖြန်ညနေပိုင်းလည်း စေ့စပ်ပွဲပြု လုပ်ကြမည်ဖြစ်၍ မိုးမြင့်သဇင် သူတို့နဲ့မလိုက်တော့ဘဲ မေမေကြီးတို့နှင့်အတူ ဘုန်းကြီးကျောင်းသို့ပါသွားလေသည်။ ဒေါ်ကြီးလုံးနဲ့ပုတုပါ ပါသွားကြသည်ဖြစ်၍ အိမ်မှာ ဘယ်သူမှမရှိကြတော့။ သကြံန်တွင်းမို့ ဦးညိုကြီးနဲ့ဖိုးထွေးတို့နှစ်ယောက်ကလည်း ဦးညိုကြီးတဲတန်းလျားလေးအတွင်း ကြက်တစ်ကောင်ချက်ကာ ပုလင်းတစ်လုံးထောင်ပြီး ဟုတ်နေကြသည်။ သူ့ကိုတောင် ဖွတ်အတင်းဆွဲနေကြသေးသဖြင့် မနည်းကြီး ပိတောက်ပင်ကြီးအောက် ထွက်လာခဲ့ရခြင်းဖြစ်၏။

ဩော်…မနက်ဖြန်ညနေဆို ချစ်သူ၏စေ့စပ်ပွဲ လုပ်တော့မှာပါလားဆိုသော အသိက သူ့ကို ဘယ်လိုလုပ်ပြီး ပျော်ရွှင်နိုင်ပါတော့မည်နည်း။

ပိုဆိုးသည်က ဒီပိတောက်ပင်ကြီးအောက်ကို ရောက်လာပြန်တော့ ငယ်စဉ်ကလေးအရွယ်ကပုံရိပ်တွေကို တမြည့်မြည့်မြင်ယောင်စေပြီး ဝေဒနာမီးကို လေပင့်လာသလို ဖြစ်နေရပြန်သည်။

သူ ချစ်သူအတွက် မရမ်းချိုသီးဝယ်ပေးဖို့သွားရင်း ပြုတ်ကျ လက်ကျိုးခဲ့ရသော ပိတောက်ပင်ကြီးနောက်ဖက်က အုတ်တံတိုင်း





ကြီးကို ကြည့်မိပြန်တော့ ယောင်ရမ်းပြီး ကျိုးသွားခဲ့သောဘယ်ဘက်လက်ကလေးကို ကိုင်မိလိုက်ပြန်သည်။ တင်းထားသည့်ကြားက မျက်ရည်တို့ကလည်း ဝဲတက်လာရပါလေပြီ။

“ဒီဘဝအတွက်တော့ ဒီမျှနဲ့သာ အဆုံးသတ်ရတော့မယ် ထင်ပါရဲ့ ကလေးရယ်”

သူ အတွေးတို့ဖြင့်နစ်မြောကာ ကြေကွဲလွမ်းတသသ ခံစားနေရဆဲမှာပင်။

“ရှူး…”

“ဟေး…အူး”

“ဟိုး…စတော့ပ်…စတော့ပ်…”

ဆူညံသောကားသံနှင့်အတူ ခြံရှေ့သို့ နေထက်ဖော်တို့ဂျစ်ကားလေး ထိုးရပ်သံ လျှာလေးအာလေးနဲ့ အပျော်လွန်အော်ဟစ်သံများကို ကြားလိုက်ရတော့သည်။

ခဏကြာတော့ ဖိုးထွေးကိုလည်း ခြံတံခါးဆီသို့ ပြေးသွားတာမြင်လိုက်ရပြီး ဂျစ်ကားလေးက ခြံထဲသို့ မောင်းဝင်လာသည်။

“ဟော…ရှာပုံတော်မင်းသားကြီး…မဏ္ဍပ်တကာရောက်ပြီ…ဘယ်ရပ်သူဇာတိမှန်းလည်း…မသိတော့မခက်တော့ပြီ…”



www.burmeseclassic.com

www.burmeseclassic.com



"ဟေး"

"ရပြီ…ဦးကျော်…ရပြီ"

အပျော်လွန်ပြီး မှန်လာကြသော နေထက်ဇော်တို့(၃)ယောက် ကားပေါ်မှခုန်ဆင်းလာကြသည်။ တစ်ကိုယ်လုံး ရေတွေစိုရွှဲလျက် သကြီန်စတိုင်လ် ဆံပင်ထိုးထိုးထောင်ထောင် ပန်းကေးကာလာချက် မှန်ရောင်စုံနှင့် စည်သူစိုးက …

"ဟာ…အိမ်မှာ ဘယ်သူမှမရှိကြတော့ဘူးဟ၊ သော့ကြီး ခတ်လို့" လို့ တိုက်ပေါက်ဝကိုကြည့်ရင်း ပြောလိုက်တော့…

"ဟုတ်တယ်…မေမေကြီးတို့အားလုံး ဘုန်းကြီးကျောင်း သွားကြတယ်၊ မမလေးပါပါသွားတယ်ဗျ" လို့ ဖိုးထွေးကပြော လိုက်သည်။

"အိုး…ဂွဒ်…ဒါသိပ်ကောင်းတယ်၊ တို့တွေ လွတ်လွတ် လပ်လပ် ထပ်ဖြိုကြမယ်"

မင်းခန့်က လက်ထဲမှသံဗူးကိုမြှောက်ပြပြီး အော်သည်။

"ဟေ့ကောင်တွေ…ငါတစ်ယောက်လုံးပါပြီး ငါ့ကို ရှေ့ နာပျက်အောင် မလုပ်ကြနဲ့နော်"

ကားပေါ်မှ မျက်မှန်နက်ကြီးကားတားတားနဲ့ ဦးကျော်က





ပြောတော့ …

"ဟား…ရတယ်…နီးပလော်ပလန်…ဘာမှကွိုင်မရှိဘူး ဦးကျော်၊ ကဲ…ဦးဖိုးထွေး ခင်ဗျားတို့ဂေဟာလေးကိုသွားကြမယ်၊ ဟေ့ကောင်တွေ ကားနောက်ကဟာတွေချခဲ့ကြကွာ"

"အိုကေ…ဂွတ်ဒ်တယ်…နေထက်ဇော်"

ဦးကျော် ဆက်မပြောနိုင်မီပင် မင်းခန့်နှင့်စည်သူစိုးတို့က သူ့ကိုပါ ဝိုင်းဆွဲချကာ ကားနောက်တွင်ပါလာခဲ့ကြသည့် ဘီယာ ဓာတစ်ကပ်နှင့် အာလူးကြော်၊ ငါးမုန့်ကြော်ထုပ်များကို ယူလိုက် ကြတော့သည်။

အဲဒီနောက်မှာတော့ … နေထက်ဇော်တို့အုပ်စုနှင့်အတူ ဦး ကျော်ပါ ကားယားကားယားနှင့် ဦးညိုကြီးတို့တဲတန်းလျားဘက်ဆီ သို့ ပါသွားတော့၏။

အဲဒီအချိန် ဆက်ခေါ်ကတော့ သူ့အားတွေ့လျှင် သူပါ အဆစ်ပါနေတော့မည်ကိုသိသည်နှင့် သူ့အခန်းရှိရာဘက်သို့ တိတ် တိတ်ကလေးပြန်လာခဲ့ပြီး အထဲကို လှစ်ခနဲဝင် တံခါးကို ဂလန့်ချ ထားလိုက်ရလေတော့သည်။

ဩော်…အောင်မြင်သူတွေအတွက် ပျော်ရွှင်နေပြီး ရှုံးနိမ့်သူ



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်တော့ ကြေကွဲလွမ်းတသသဖြစ်ရတာတောင်မှ မလွတ်လပ်

ပါလား…နော်"

❦ ❦ ❦

## … အခန်း (၂၀) …

ဒီနေ့ နှစ်ဆန်းတစ်ရက်နေ့မနက်အစောကြီးတွင်ပင် မန္တလေးမှ

ုန်းကျော်နှင့် ဒေါ်သင်းသင်းနွဲ့တို့ သူတို့ကားကြီးဖြင့် ရောက်လာ

သည်။ သူတို့လည်းရောက်ရောက်ချင်းပင် နှစ်စဉ် နှစ်ဆန်းတစ်

နေ့တိုင်းပြုလုပ်မြဲဖြစ်သော ဘုန်းကြီးဆွမ်းကပ်ခြင်းများနဲ့ ညနေ

 ဧစပ်ပွဲအတွက် ပြင်စရာရှိသည်များကို ဆက်တိုက်ပင် တိုင်ပင်

တိုင်ကြရသည်။

သင်္ကြန်ရက်များမတိုင်မီကတည်းက ဖိတ်စာများဝေထားပြီး

ခံပွဲအတွက်လိုအပ်သော စားပွဲကုလားထိုင်အစရှိသော ပစ္စည်းများ

ည်း အသင့်ပြုလုပ်စီစဉ်ထားပြီးဖြစ်၍ ဘာမှတော့ အခက်အခဲ

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ညှော်ခံပွဲအတွက် နေထက်ဇော်နှင့် မိုးမြင့်သဇင်တို့ဝတ်ဆင်ရ
အကောင်းဆုံးအဝတ်အစား အပြင်အဆင်အသုံးဆောင်များကိုလည်း
ဒေါ်သင်းသင်းနွဲ့တို့က မန္တလေးက အသင့်ယူဆောင်လာကြသည်။

သူတို့အားလုံး နံနက်စာစားသောက်ပြီးကြတော့ ညှော်ခန်း
အတွင်းထိုင်ရင်း ညနေညှော်ခံပွဲအတွက် စီစဉ်စရာရှိသည်များကို ပြော
ဆိုတိုင်ပင်စီစဉ်နေကြသည်။

"မသက်ရေ…ရေခဲမုန့်နဲ့မုန့်အော်ဒါကို သေသေချာချာ
မှာထားတယ်နော်"

"စိတ်ချပါ မသင်းရယ်၊ ဒီကနေ့ နှစ်နာရီခွဲလောက် ဖုန်း
လှမ်းဆက်လိုက်ရုံပဲ၊ စားသောက်ဆိုင်က ဘူဖေးအတွက်သာ ခေ
နေရင် ကြိုဆက်ထားရမယ်၊ မီးသမားနဲ့ အလှဆင်သမားတွေကတော့
ခဏနေပဲရောက်လာကြလိမ့်မယ်လေ၊ သူတို့ရောက်လာမှ အလှ
သမားတွေနဲ့ ဝိုင်းတွေ တစ်ခါတည်းဆင်ကြတာပေါ့၊ ပန်းအိုးတွေ
အတွက်တော့ အိမ်မှာရှိတဲ့ပန်းအိုးတွေနဲ့ပဲ လုံလောက်ပါတယ်"

"အဲဒါ…အရေးမကြီးဘူး၊ မင့်သားလည်း အခုထက်
ရောက်မလာသေးပါလားကွ၊ မနေ့က နောက်ဆုံးရက်တစ်နေ့လုံးထ
မထနိုင်ဖြစ်နေတယ်နဲ့တူတယ်"



ဦးဘုန်းကျော်က ဝင်ပြောလိုက်မှ သူတို့အားလုံး အဓိက
အချက်ကို အမှတ်ရလိုက်ကြတော့သည်။ ဦးကျော်ဇေယျကလည်း
လက်မှနာရီကိုကြည့်လိုက်ပြီး …

"ဟုတ်ပါ့…(၉)နာရီတောင်ထိုးပြီးပြီ၊ ကိုညိုကြီးကိုလွှတ်
ပြီး ကိုကျော့အိမ်ကို အခေါ်ခိုင်းလိုက်မှထင်တယ်" လို့ ပြောလိုက်
ခဲ့မှာပဲ …

"ခေါ်ခိုင်းစရာမလိုတော့ပါဘူး အန်ကယ်၊ ကျွန်တော်ရောက်
လာပါပြီ" ဆိုတဲ့အသံနဲ့အတူ နေထက်ဇော် သူတို့ရှိရာ ညှော်ခန်း
အတွင်းသို့ ဝင်ရောက်လာလေတော့သည်။ ပြီးတော့ နေထက်ဇော်က
ထိုင်တောင်မထိုင်တော့။ ချက်ချင်းပဲ …

"ကျွန်တော်ဘက်ကနေ ဒီစေ့စပ်ပွဲကို လုံးဝပျက်သိမ်းလိုက်
ပါတယ်၊ ညှော်ခံပွဲအတွက်စီစဉ်ထားတာတွေအားလုံးလည်း ဆက်ပြီး
လုပ်ဖို့မလိုတော့ပါဘူး"

ဒေါသနဲ့ နီမြန်းနေတဲ့မျက်နှာနဲ့ နေထက်ဇော်စကားကြောင့်
သူတို့အားလုံး အံ့အားတသင့်ဖြစ်သွားကြရလေတော့သည်။ ပြီးမှ
ဒေါ်သင်းသင်းနွဲ့က ဦးကျော်ဇေယျနဲ့ ဒေါ်မသက်တို့၏မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



အားနာစွာကြည့်ရှု၍ ...

"ဩော်...ဟုတ်သား...ဘယ်လိုပြောလိုက်တာလဲ" ဆိုတော့ နေထက်ဇော်က ...

"သားပြောတာကို သေသေချာချာနားထောင်ပါဦး မေမေ၊ ကျွန်တော် ပညာတတ် ခေတ်လူငယ်တစ်ယောက်ပါမေမေ၊ ကျွန်တော့်လိုလူမျိုးကို အချုပ်ဖောက်ပြီး သူတို့သမီးနဲ့ နွားမရှို့ပိတ်ပြီး လေးစားခံရလောက်အောင် ကျွန်တော်မနုံ မအသေးပါဘူး"

"ဟာ...ဟော့ကောင်...မင်း..."

"ကျွန်တော်ပြောတာကို နားထောင်ပါဦးအန်ကယ်၊ ဒီကိစ္စမှာ အန်ကယ်တို့လည်း ဘာမှမသိတော့ ကျွန်တော်ပြောတာ ရှိုင်းရင်ရှိုင်းသွားပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုရင် အန်ကယ်တို့က ကိုယ့်သမီးကိုယ် အရမ်းယုံထားကြတာကိုး၊ တကယ်တော့ မိုးမြင့်သဇင်က အပျိုစစ်စစ်တစ်ယောက်မဟုတ်တော့ဘူး"

"ဟင်...မင်း...မင်း..."

ဦးကျော်ဇေယျရော ဒေါ်မေသက်ပါ နေရာမှဝုန်းခနဲထရပ်လိုက်ကြသည်။ ဒါကိုပဲ နေထက်ဇော်က မရပ်သေးဘဲ ...





"ဟုတ်တယ်...အန်ကယ်တို့သမီးဟာ အန်ကယ်တို့ ကျွန်တော်တို့ မန္တလေးကအိမ်ကိုလာနေတဲ့ညမှာ ကိုထက်ခေါင်ရဲ့အခန်းထဲကို ရောက်သွားခဲ့တယ်၊ ပြီးတော့ နာရီအတော်ကြာအောင် အခန်းထဲမှာနေပြီး အခန်းထဲကငိုပြီး ပြေးထွက်သွားခဲ့တယ်၊ စဉ်းစားကြည့်ပါအန်ကယ်၊ ယောကျ်ားလေးတစ်ယောက်ရဲ့အခန်းထဲကို သူ ဘာဖြစ်လို့သွားခဲ့ရသလဲဆိုတာနဲ့ နာရီအတော်ကြာအောင်နေပြီး ဘာဖြစ်လို့ ငိုပြီးပြေးထွက်ခဲ့ရသလဲဆိုတာ တွေးကြည့်ရုံနဲ့ အဖြေက ရှင်းတယ်"

ဦးကျော်ဇေယျနှင့် ဒေါ်မေသက်တို့နှစ်ဦးစလုံး ဆိုဖာကုလားထိုင်ကြီးများပေါ်သို့ အရုပ်ကြိုးပြတ် ဝုန်းခနဲ ပြန်ပြုတ်ကျသွားကြရပါတော့သည်။ ချက်ချင်းလည်း နှစ်ဦးစလုံးပင် သူတို့ မန္တလေးမှ ပြန်ရောက်ခဲ့စဉ် တွေ့ကြုံခဲ့ရသော သမီးဖြစ်သူ၏အခြေအနေကို ပြန်အမှတ်ရလိုက်ကြသည်မဟုတ်ပါလား။

"တောက်...မိုက်လိုက်တဲ့သမီး၊ ရှက်စရာကောင်းလိုက်တာကွာ"

မျက်နှာကြီးမဲကာ ကြိတ်မနိုင်ခဲ့မရ အံကြိတ်ကာပြောလိုက်သော ဦးကျော်ဇေယျ၏အသံကြီးနဲ့အတူ ဒေါ်မေသက်၏ ရှက်လွှန်း



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ငိုရှိုက်လိုက်သော အီးခနဲအသံကြီးအဆုံး ချမ်းမြေ့အိမ်အတွင်း အကြီးမားဆုံးမှန်တိုင်းကြီးတစ်ခုက မထင်မှတ်ဘဲ ရုတ်တရက် မွှေနှောက်တိုက်ခတ်သွားပါလေပြီတည်း။

... အခန်း (၂၁) ...

အသက်ထွက်လုမတတ် ရှက်လွန်းသောဝေဒနာနဲ့ သည်းထန်စွာငိုရှိုက်နေရုံမှအပ မိုးမြင့်သဇင် ပြန်ပြောရှင်းပြရန်ပင် အင်အားမရှိပါလေတော့။

"ဟင်း…လုပ်ရပ်လိုက်တာမိသဇင်ရယ်၊ ငါတို့မျက်နှာတွေကို ဘယ်သွားထားရတော့မှာလဲဟင်…အမိုက်မရဲ့…အီး…ရှက်လိုက်တာနော်"

ဖေဖေကလည်း ရှက်လွန်းသဖြင့် အခန်းထဲမှထွက်ကိုမလာတော့။

www.burmeseclassic.com

www.burmeseclassic.com



"မ...မဟုတ်ဘူး...မေမေ...အီး...ဟီးဟီး"

"ဘာမဟုတ်ရမှာလဲဟင်...အမိုက်မ...အဲဒီနေ့မနက်က ငါမပြောလိုက်ချင်ဘူး၊ ဟိုအကောင်ကလည်း လုပ်ရက်လိုက်တာ...ဒင်းတော့လား"

ဒေါ်မေသဇင် ငိုရင်းမှ ဒေါသတကြီး ထက်ခေါင်ကိုကြိမ်းဝါးလိုက်ပါတော့၏။ ထိုအချိန်မှာပဲ ...

"မိုးမြင့်သဇင်မှာ ဘာမှအပြစ်မရှိပါဘူး မေမေကြီး၊ ဒါတွေအားလုံး ကျွန်တော့်အပြစ်တွေပါ"

"ဟင်"

သားအမိနှစ်ယောက်စလုံး ရုတ်တရက် တိုက်ထဲသို့ဝင်ရောက်လာသောထက်ခေါင်ကို အံ့အားတသင့်လှည့်ကြည့်မိလိုက်သည်။ ထက်ခေါင်မျက်နှာကိုမြင်လိုက်ရတော့ ဒေါ်မေသက်ဒေါသတို့က အထွတ်အထိပ်သို့ တက်သွားရလေတော့ပြီ။

"လူယုတ်မာ...စကောလောက်မှစောက်မနက်တဲ့အကောင်၊ ကဲဟယ်"

"ဖျန်း...ဖျန်း...ဖျန်း...ဖျန်း"

ပါးကို ဘယ်ပြန်ညာပြန်ရိုက်နေသည်တိုင် ထက်ခေါင်





ရှောင်တိမ်းခြင်း၊ ကာခြင်းမရှိဘဲ တွေတွေကြီးရပ်ကာခံနေပါ၏။ ဒေါ်မေသက် မော၍ အရိုက်ရပ်လိုက်တော့ ထက်ခေါင် ပါးနှစ်ဘက်စလုံး နီရဲဖူးယောင်နေကာ နှုတ်ခမ်းဒေါင့်စွန်းမှ သွေးများစီးကျနေလေပြီတည်း။ သို့သော် အံ့ဩဖွယ်ကောင်းသည်က ထက်ခေါင် အပြုံးမပျက်။

"ရိုက်ပါ မေမေကြီး၊ အားရအောင် ထပ်ပြီးရိုက်လိုက်စမ်းပါဦး၊ ကျေးဇူးကမ်းချင်တဲ့အကောင် ကျေးဇူးကမ်းဖို့စိတ်ကူးမိတဲ့အကောင်ကို နောက်ထပ် ထပ်ရိုက်လိုက်စမ်းပါဦး မေမေကြီးရယ်"

"နင်...နင်..."

ဒေါ်မေသက် မောနေသည်ကတစ်ကြောင်း၊ သူမ၏လက်များနာသွားသည်ကတစ်ကြောင်း ထပ်မရိုက်နိုင်တော့ဘဲ ထက်ခေါင်ကိုသာ မီးဝင်းဝင်းတောက်နေသော မျက်လုံးကြီးများဖြင့် ကြည့်ရှုနေလေသည်။ အဲဒီတော့မှ ထက်ခေါင်က ...

"ကျွန်တော် မေမေကြီးတို့ကျေးဇူးကိုကမ်းဖို့ စိတ်ကူးမိခဲ့ဖူးပါတယ်၊ ကျေးဇူးကမ်းဖို့လည်း ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ မေမေကြီးရယ်...ကျွန်တော် အခုချိန်ထိ မေမေကြီးတို့အပေါ်မှာ တစက်ကလေးမှ ကျေးဇူးမကမ်းခဲ့ရသေးဘူး၊ အခုထိ ကျွန်တော် မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့အပေါ်မှာ ကျေးဇူးသိတတ်ဆဲ သစ္စာရှိဆဲပါ၊ ဒါပေမဲ့ ကျွန်တော့်အသည်းနှလုံးတွေတော့ အကုန်လုံး ကြေမွပျက်စီးပြီး ရစရာမရှိအောင် စုတ်ပြတ်ကုန်ကြပြီ၊ လူကသာအသက်ရှင်နေပေမယ့် ကျွန်တော့်အသည်းနှလုံးတွေကတော့ ဒဏ်ရာသွေးစိမ်းရှင်ရှင်နဲ့ သေဆုံးကုန်ကြပါပြီဗျာ၊ ကျွန်…ကျွန်တော်လေ မမကြီးတို့သမီး မိုးမြင့်သဇင်ကို ဟိုးငယ်ငယ်လေးတည်းက ထားခဲ့တဲ့သံယောဇဉ်၊ တွယ်တာမှုတွေနဲ့ အသည်းပေါက်ထွက်မတတ်ကို ချစ်ခဲ့မိတယ်၊ ကျွန်တော့်ဘဝ ကျွန်တော့်အသက် ကျွန်တော့်အသွေးအသားတွေနဲ့ထပ်တူ မြတ်နိုးခဲ့ရတယ်၊ ကျွန်တော့်ဘဝမှာ အချစ်ဆုံးလူ အတွယ်တာဆုံးလူ အမြတ်နိုးဆုံးလူဟာ သူတစ်ယောက်တည်းပဲရှိပါတယ် မမကြီးရယ်၊ ဒါပေမဲ့ မမကြီးတို့ကျေးဇူးတရားတွေအတွက် ဘဘ မသေမီ တောင်းထားတဲ့ကတိအတွက် သူ့ကိုချစ်နေလျက်နဲ့ မချစ်ဟန်ဆောင်ခဲ့ရတယ်၊ အသည်းတွေအကွဲခံပြီး သူမုန်းတီးအောင် နာကျည်းသွားအောင် လုပ်ခဲ့ရတယ်၊ အဲ…အဲဒီညကလည်း…”

ထက်ခေါင် ဒေါ်မေသက်ကို သူမတို့မန္တလေးသို့သွားခဲ့ကြသော ညက သူ့အခန်းထဲသို့ မိုးမြင့်သဇင်ရောက်လာခဲ့ပုံကို ကြေကွဲစွာ ပြန်ပြောပြလိုက်သည်။





“သူ…ကျွန်တော့်အခန်းထဲကနေ ငိုပြီးပြေးထွက်သွားခဲ့တယ်ဆိုတာ အဲဒါပါပဲမမကြီး၊ ကျွန်တော်တို့ ဘာမှဖြစ်ခဲ့ကြတာမဟုတ်ပါဘူး၊ ဒါကို အဲ့ဒီညက ခြံစောင့်ကိုဖိုးထွေးက မြင်သွားခဲ့တယ်၊ မနေ့က သင်္ကြန်နောက်ဆုံးရက် မမကြီးတို့ ဘုန်းကြီးကျောင်းသွားနေကြတုန်း ရောက်လာခဲ့ကြတဲ့ နေထက်ဇော်တို့အဖွဲ့နဲ့ သူတို့သောက်ကြစားကြရင် ဒီအကြောင်းကို ကိုဖိုးထွေးဟာ မူးမူးနဲ့ နေထက်ဇော်ကို ပြောမိသွားခဲ့တယ်၊ ပြဿနာဟာ အဲဒါပါပဲမမကြီး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော့် မမကြီးတို့ချမ်းမြေ့အိမ်နဲ့ မိုးမြင့်သဇင်ရဲ့ အနာဂါတ်ရှေ့ရေးမှ ဆူးညှောင့်ခလုတ်တစ်ခု ဖြစ်နေခဲ့ရပြီ၊ ကျွန်တော့်အနေနဲ့ ဒီချမ်းမြေ့အိမ်မှာ ဆက်ပြီးမနေသင့်တော့ပါဘူး၊ ဒီကနေ ကျွန်တော် ထွက်သွားပါတော့မယ်”

ပြောရင်း ထက်ခေါင် ဒေါ်မေသက်၏ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ ပြီးမှ အင်္ကျီရင်ဘတ်ကြားတွင် ထည့်ယူလာခဲ့သော သေတ္တာသေးသေးလေးတစ်လုံးကို ယူလိုက်သည်။ ဒီသေတ္တာလေးက ဘဘမသေမီပေးသွားခဲ့ပြီး သူ့ဆီက ကတိတွေတောင်းသွားခဲ့တဲ့ သေတ္တာလေးရယ်ပါ၊ သူ တုန်ရီနေသော လက်အစုံဖြင့် သေတ္တာလေးကို လက်နှစ်ဘက်ဖြင့်ကမ်းပြီး ဒေါ်မေသက်ဆီ ကမ်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာဘမသေခင် ကျွန်တော့်ကို ကတိတွေတောင်းသွားခဲ့ပါတယ် မေမေကြီး၊ ကျွန်တော့်ကို ဘယ်တော့မှ ချမ်းမြေ့အိမ်ကနေ ထွက်မသွားရဘူးတဲ့၊ နောင်တစ်ချိန် ဘဝအခက်အခဲတစ်ခုနဲ့ မဖြစ်မနေထွက်သွားရတော့မယ်ဆိုမှ ဒီသေတ္တာလေးကို မေမေကြီးတို့ဆီ အပ်ပြီး ထွက်ခွာသွားရမယ်တဲ့၊ ဒီကြားထဲမှာ ဒီသေတ္တာလေးကို ဖွင့်မကြည့်ဖို့နဲ့ ဘယ်သူ့ကိုမှလည်းမပြဘဲ လုံလုံခြုံခြုံသိမ်းထားဖို့ ကျွန်တော့်ဆီက ကတိတောင်းသွားခဲ့ပါတယ် မေမေကြီး၊ ကျွန်တော် ဘာဘကိုပေးခဲ့တဲ့ကတိကိုလည်း တည်ခဲ့ပါတယ်၊ အခု ကျွန်တော် ဒီသေတ္တာလေးကို အပ်သွားခွင့်ပြုပါ၊ ပြီးတော့ ဒီချမ်းမြေ့အိမ်ကလည်း ထွက်သွားခွင့်ပြုပါတော့ မေမေကြီးရယ်"

ထက်ခေါင် သေတ္တာလေးကို ဒေါ်မေသက်၏လက်ထဲသို့ အပ်ပြီး ရိုသေစွာဖြင့် ဦးချကန်တော့လိုက်လေတော့သည်။ ထိုအချိန် ဒေါ်မေသက်တစ်ယောက်မှာတော့ လက်ထဲမှသေတ္တာလေးကို တုန်ရီနေသောလက်အစုံနှင့်ကိုင်ထားကာ ပြူးကြောင်ဝိုင်းစက်သောမျက်လုံးများနှင့် ကြည့်နေပါတော့၏။

သူမ၏အာရုံများကလည်း သေတ္တာလေးမှအပ ဘာမှရှိမနေ





တော့။ ထို့နောက်မှ ဒေါ်မေသက် သူမတစ်သက်တာ ကိုယ်နှင့်မကွာ ဆွဲလာခဲ့သော ဆွဲကြိုးကြီးမှ သော့သေးသေးလေးတစ်ချောင်းကို ဖြုတ်ယူလိုက်ကာ သေတ္တာလေးရှိ သော့ပေါက်သေးသေးလေးအတွင်း ထည့်ကာ လှည့်၍ဖွင့်လိုက်ပါလေတော့၏။ ထိုအခါ သေတ္တာလေးအတွင်းမှာရှိနေသော အရာလေးကတော့ နှစ်ပေါင်းများစွာကြာညောင်းခဲ့ပြီဖြစ်၍ ဝါကြန့်ကြန့်အရောင်ဖြစ်နေသော စာခေါက်လေးတစ်ခေါက်နဲ့ အသဲပုံလော်ကတ်သီးပါ ကလေးဆွဲ ဆွဲကြိုးလေးတစ်ကုံးရယ်ပါ။

ဒေါ်မေသက် သေတ္တာလေးကိုတလှည့် ဦးချကန်တော့ပြီး ထွက်ခွာဟန်ပြင်နေပြီဖြစ်သော ထက်ခေါင်ကိုကြည့်ကာ ရင်တစ်ခုလုံး တသိမ့်သိမ့်ခါမျှ လှုပ်ရှားလာရပါလေပြီ။

"မင်း...မင်း...ဘယ်မှမသွားသေးနဲ့ဦး"

ထက်ခေါင် ဒေါ်မေသက်ကို အံ့သြစွာကြည့်ပြီး ခြေလှမ်းများ တုန့်သွားရလေတော့သည်။

ဒေါ်မေသက် ထက်ခေါင်ကိုပြောပြီး သေတ္တာလေးထဲက စာရွက်ခေါက်ကလေးကိုယူ တုန်ရင်နေသောလက်အစုံနဲ့ တဖြည်းဖြည်းချင်း ဖြန့်ကြည့်လိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



မေသက်...

ဒီစာကို နင့်လက်ထဲ တစ်နေ့နေ့ မလွဲမသွေရောက်လာလိမ့်မယ်လို့ ငါယုံကြည်ပြီးသားပါ၊ ဒီဆွဲကြိုးလေးနဲ့ ဒီသော့တွဲလေးကို နင်မြင်ရရင် သဘောပေါက်သင့်သလောက်တော့ ပေါက်လောက်ရောပေ့ါ၊ အခု နင့်ရှေ့မှာရောက်နေတဲ့ ထက်ခေါင်ဆိုတဲ့ကောင်လေးဟာ နင့်ရဲ့သားပဲ၊ ပြီးတော့ နင်တို့သိခဲ့တဲ့ ကိုထွန်းဆိုတဲ့ငါဟာ ထက်ခေါင်ရဲ့အဖေ တစ်ချိန်က နင့်ယောကျ်ားမြင့်မောင်ရဲ့ အစ်ကိုအရင်းခေါက်ခေါက်ပဲ၊ နင်နဲ့မြင့်မောင်တို့ရတဲ့အချိန် ထက်ခေါင်လေး လသားအရွယ်နဲ့ ကွဲသွားခဲ့ကြတဲ့အချိန်ထိ ငါဟာ ထောင်ထဲမှာရောက်နေခဲ့လို့ နင်တို့ ငါ့ကိုမသိခဲ့ကြဘူး၊ ပြီးတော့ ငါနဲ့မြင့်မောင်က ညီအစ်ကိုဆိုပေမယ့် အသက်က (၁၀)နှစ်နီးပါးလောက်ကွာခဲ့မှကိုး၊ တကယ်တော့ နင်တို့ လူကြီးချင်း ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကလေးမှာ ဘာအပြစ်မှမရှိခဲ့ရှာဘူး၊ ဒါကြောင့် နင့်သားအရင့် ငါ့သွေးသားဖြစ်တဲ့ ထက်ခေါင်လေးကို နင့်ဆီကို မရောက်ရောက်တဲ့နည်းနဲ့ ငါခေါ်လာခဲ့ရတာပဲ၊ အခု ဒီစာကို နင်ဖတ်နေတဲ့အချိန်မှာ





နင်သိပ်ပြီးစိတ်နာနေတဲ့ 'မြင့်မောင်'လည်း အရက်ဒဏ်နဲ့ အခုလောက်ဆို မရှိတော့လောက်ပါဘူး၊ သူ့လိုပဲ ငါလည်း လောကကြီးထဲမှာ မရှိတော့ဘူး၊ ဒါပေမဲ့ မိခင်တစ်ယောက် ပီသတဲ့စိတ်မျိုး နင့်ဆီမှာရှိနေသေးမယ်ဆိုရင် ငါ တမလွန်ကနေ ကျေနပ်နေမှာပါ×××

မောင်ထွန်း

ဒေါ်မေသက် လက်ထဲမှစာရွက်ကလေးပင် လွတ်ကျသွားရပါလေပြီ။ သူမ အမှားကြီးမှားခဲ့လေပြီကော။

ဒါကြောင့်မို့ ဒီကောင်လေးဟာ သူ...သူနဲ့ သိပ်တူနေတာကိုး။ ဆံပင်မည်းမည်းအုပ်အုပ်ထူထူလေးတွေနဲ့ မျက်ခုံးမည်းမည်းကြီးတွေရယ်။

နှာတံပေါ်ပေါ်နှုတ်ခမ်းရဲရဲနဲ့ အသားဖြူဖြူ အရပ်မြင့်မြင့်တွေရယ် အို ဒါ ဒါတွေဟာ...

သူမ ကိုးလလွယ် ဆယ်လဖွားခဲ့ရတဲ့ သူမရင်သွေး သားလေး သူမနှစ်ပေါင်းများစွာ အောက်မေ့သတိရခဲ့ရတဲ့ သားလေး။

အရက်သမားတစ်ယောက်ရဲ့ လက်ထဲမှာ သက်ဆိုးမရှည်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလို့ သူမမှတ်ထင်ထားခဲ့တဲ့ သားလေး။

အို မေမေ့ရင်တွေ ကျိုးရပါပြီကော သားလေးရယ်။ မေမေ့ရင် မေမေ့အသည်းနှလုံးတွေ ပေါက်ထွက်ကုန်ရပါပြီကွယ်။

ဒီ ဒီသားလေးကိုပဲ သူမဟာ နှစ်ပေါင်းများစွာ နီးနီးကပ်ကပ်နေနေရပါလျက် ဘာမဟုတ်တဲ့အစွဲတစ်ခုနဲ့ အချိန်တိုင်း ရက်ရက်စက်စက် ရင့်ရင့်သီးသီးနဲ့ မုန်းတီးစွာဆက်ဆံနေခဲ့သတဲ့။ သား…သား…မေမေ့သားလေးရယ်…

ဒေါ်မေသက် နူးညွတ်ပျော့ကျကာ ခွေလဲ၍ကျသွားရလေတော့၏။

"မေမေကြီး"

"မေမေ"

ထက်ခေါင်နှင့်မိုးမြင့်သဇင်တို့ ဒေါ်မေသက်ထံ စိုးရိမ်တကြီးဖြင့် ပြေးသွားကြကာ ဖမ်းပွေ့ထားလိုက်မိကြသည်။ ဒေါ်မေသက် မျက်ရည်များကြားမှ ထက်ခေါင်၏မျက်နှာလေးကို အငမ်းမရမော့ကြည့်ကာ ခေါ်လိုက်မိပါတော့ပြီ။

"သား…သား…မေမေ့သားလေး"

နားစည်ကတဆင့် ရင်ထဲ အသည်းနှလုံးထဲကို တစိမ့်စိမ့်





တိုးဝင်သွားသောအသံ။ သူ တစ်သက်လုံး အိပ်မက်ထဲရော ဘဝထဲရော အသွေးအသားတွေထဲကပါ မျှော်လင့်တောင့်တနေခဲ့ဖူးသောအသံ။ ထက်ခေါင် အံ့ဩစွာဖြင့် ဒေါ်မေသက်ကို ဖေးကိုင်ထားရင်းမှ ကြောင်ငေးစွာကြည့်နေမိသည်။ မိုးမြင့်သဇင်မှာလည်း ထိုနည်းနှယ်နှယ်။

"သား…သားလေး မောင်ထက်ခေါင်၊ မင်းဟာ မေမေရဲ့သားအရင်းပါပဲကွယ်၊ မေမေ့ကိုခွင့်လွှတ်ပါသားလေးရယ်၊ မေမေ မင်းကို လသားအရွယ်ကလေးနဲ့ မင်းအဖေအရက်သမားရဲ့လက်ထဲမှာ ထားခဲ့မိတယ်၊ ပြီးမှ မေမေ ကိုကျော်ဖေယုနဲ့ အိမ်ထောင်ကျခဲ့ရတာပါ၊ အဲ့ဒီအချိန် ကိုဖေယုဟာဟာလည်း သူ့အိမ်ထောင်ဆုံးပြီး လသားအရွယ် သမီးလေးနဲ့ ဒုက္ခဖြစ်နေရတဲ့အချိန်လေ၊ မေမေလေ သားလေးကိုသတိရ လွမ်းဆွတ်တဲ့စိတ်နဲ့ ဟော…ဟော့ဒီကသမီးလေးကိုတကယ့်သမီးအရင်းလေးလိုပဲ အသည်းနှလုံးထဲကနေ ပုံပြီးချစ်ခဲ့ရတယ်၊ သူလေးအပေါ် အချစ်လျော့သွားမှာစိုးလို့တောင် မေမေနို့နောက်ထပ်ကလေး ထပ်မယူခဲ့ကြတော့ဘူး"

"ဩော်…မေမေရယ်" ဆိုတဲ့စကားကို ထက်ခေါင်ရော

www.burmeseclassic.com

www.burmeseclassic.com



နိုးမြင့်သဇင်ပါးစပ်ကပါ မတိုင်ပင်ရဘဲ ပြိုင်တူလိုလိုပင် ထွက်ပေါ်သွားကြရပါလေတော့ပြီတည်း။

## ... အခန်း (၂၂) ...

မှန်တိုင်းထန်ပြီးလျှင် လေပြေလာစမြဲဆိုတဲ့အတိုင်း အခုတော့ ချမ်းမြေ့အိမ်တစ်ခုလုံးမှာ အပြုံးများဖြင့် ပြာဝေလျှက်ရှိနေပါလေတော့၏။

ဆိုဖာခုံပေါ်၌ တစ်ယောက်လက်တစ်ယောက်ကိုကိုင်ကာ အပြုံးမျက်နှာကိုယ်စီဖြင့် ယှဉ်တွဲကာထိုင်နေကြသော သားနှင့်သမီးကိုကြည့်၍ ဦးကျော်ဇေယျက ...

"မေသက်ရေ...မှာထားတဲ့ပစ္စည်းတွေ ပြင်ဆင်ထားတဲ့ ညှိခံဝိုင်းတွေကို ပြန်ပို့ဖို့မလိုတော့ဘူးကွ၊ သားနဲ့သမီးကို တစ်ခါတည်း လက်ထပ်ပွဲလုပ်ပေးလိုက်ကြရအောင်" လို့ဆိုလိုက်တော့...

သခဲ့ကောင်းကြ

www.burmeseclassic.com



"အိုး…ကိုကလည်း ဒါ စေ့စပ်ပွဲအဆင့်လောက်လေး လုပ်ထားတဲ့ဟာ၊ သားနဲ့သမီးရဲ့မင်္ဂလာပွဲကို ဒီလောက်နဲ့ဘယ်ဖြစ်မတုံး၊ ခန်းမတစ်ခုခုမှာ အကြီးအကျယ်ဆုံးကို လုပ်ပေးရမယ်၊ ဘယ့်နှယ့်လဲ သမီး…" လို့ ဒေါ်မေသက်က မိုးမြင့်သဇင်ကိုပြုံးကြည့်ကာ မေးလိုက်သလို သားဖြစ်သူမျက်နှာကိုလည်း ကြည့်မဝ ရှုမဝ ကြည့်လိုက်လေ၏။

မိုးမြင့်သဇင်က ရှက်ပြုံးလေးပြုံး၍ …

"မေမေတို့သဘောပဲလေ"

"ဟော…ကြည့်…အခုတော့ မေမေတို့သဘောပဲတဲ့ကိုရေ၊ အရင်တုန်းကတော့ ဘယ်သူ့ကိုမှ လက်မထပ်ချင်သေးဘူး၊ လွတ်လွတ်လပ်လပ်ဘဝနဲ့ ဖေဖေမေမေတို့ကို လုပ်ကျွေးချင်ပါသေးတယ်ဆို…ဟင်…မိသဇင်"

မေမေကစလိုက်တော့ မိုးမြင့်သဇင် အရမ်းကိုရှက်သွားရတော့တာပေါ့။ ဒါနဲ့

"အို…မေမေကလည်း ဘာမှန်းလည်းမသိဘူး" ဆိုပြီး သူတို့ရှေ့က ထပြေးမိပါလေရော။

သူမပြေးခဲ့တာက ခြံထဲကိုလေ။ ပြီးမှ …



သူမနောက်က ပြေးလိုက်လာတဲ့ခြေသံကြားလို့ ရှက်ရှက်နဲ့ နောက်ပြန်လှည့်ကြည့်မိလိုက်တော့ 'ကိုထက်' ရယ်။

"ဟာ…ဟေ့…ကောင်မလေးတစ်ယောက်ရှက်သွားပြီ၊ နေပါဦးကွ"

"ဘာရှက်သွားတာလဲ…ဟွန်း…ကိုထက်နော်"

သူမပုံစံလေးကြောင့် ကိုထက် သဘောကျစွာရယ်သည်။

"ဟာ…ဟား…ကိုယ့်ချစ်သူနဲ့လက်ထပ်ရမှာ ရှက်စရာလားကွာ"

"ဘာချစ်သူလဲ၊ ဘယ်သူကရော ချစ်တယ်ပြောသေးလို့လဲ"

"ကိုယ်ကပြောမှာလေ…ဟောဒီမှာကြည့်ပါဦး သဇင်ရဲ့"

ကိုထက်က အညိုရောင်ဒိုင်ယာရီစာအုပ်ကလေးတစ်အုပ်ကို သူမထံ တိုးပေးလာပါသည်။

သူမ ကိုထက်ကို မျက်စောင်းလေးထိုးပြီး ဒိုင်ယာရီစာအုပ်လေးကို တစ်ရွက်ချင်းလှန်ကြည့်လိုက်တော့ …

"အို…ကြည့်စမ်းပါဦး၊ ရက်စွဲတွေအလိုက် သူ့ကို ချစ်တဲ့အကြောင်း မြတ်နိုးတဲ့အကြောင်းတွေ ရေးထားလိုက်တာများ၊ ဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com



များ ကိုထက်ရယ်”

သူမ စိတ်ရှည်စွာနဲ့ စာရွက်ကလေးတွေကို တစ်ရွက်ချင်းလှန်ဖတ်နေရင်း နောက်ဆုံးစာမျက်နှာနားရောက်လာခဲ့တော့ …

4-3-2007

မေမေကြီးက ပြောတယ်။ ကိုယ့်ဘဝ ကိုယ်သိတဲ့။ ကိုယ့်ဘဝ ကိုယ်သိပါတယ် ကလေးရယ်။ ကိုယ်ဟာ သိပ်ပြီးကံဆိုးတဲ့လူ ကံနည်းတဲ့လူတစ်ယောက်ပဲ။ ကိုယ်ဟာ ကိုယ်နဲ့မထိုက်တန်တဲ့ တော်ဝင်သဇင်ပန်းကလေးတစ်ခက်ကိုမှ လှမ်းချူချင်နေတဲ့လူလေ။ ဟုတ်တယ် ကိုယ်ဟာ ပင်အဆင့်ဆင့်တပ်ကာရံထားတဲ့ တော်ဝင်သဇင်ပန်းကလေးကိုမှ တံချူနဲ့လေးနဲ့တူတဲ့ ကိုယ့်ဘဝ ကိုယ့်အခြေအနေလေးနဲ့ လက်လှမ်းချင်တဲ့ကောင်။ ဒါပေမယ့် ဘယ်လောက်လှမ်းလှမ်း တံချူနဲ့လေးရဲ့အားနဲ့ ဘယ်မှီနိုင်ဘယ်ရနိုင်ပါ့မလဲ ကလေးရယ်။ မျှော်မှန်းရလွန်း မှန်းရလွန်းလို့ ခါးချည့်ရုံတမယ်ပဲရှိတော့တာပေါ့။ တကယ်ပဲ ကိုယ့်ဘဝဟာ ‘ကံနည်းသူ’တစ်ယောက်ရယ်ပါ ကလေးရယ်။ ကိုယ်ဟာ ‘ကံနည်းသူ’တစ်ယောက်ပါ။



‘ကံနည်းသူ’

ပန်းသဇင်ရယ် နန်းရင်ပြင် တော်ဝင်ဆေး<br>
လှမ်းဆွတ်ကာ ချူချင်ပေမယ့်<br>
ယှဉ်သူ ရွှေဘဝင် မလှအောင်ကွယ်<br>
ပင်အဆင့် ထပ်ကာရံ<br>
မဆင်ပြန်တော့ ဘူးရယ်လို့<br>
ရင်မှာမာန်တင်းပြန်တော့<br>
ရွှေသဇင်ရယ် လှလွန်းတာမို့<br>
ရင်မှာတော့ ခပ်နာနာ<br>
တစ်သက်တာလေးမှာလို့<br>
ရတက်ဖြာ အတွေးရယ်က<br>
ကံနည်းသူ (ကိုယ်) ရင်မှာလှိုင်တော့<br>
ယှဉ်မနိုင် စံပြိုင်လို့လှရမယ့်<br>
သဇင်ရယ် ခါးကချည့်နဲ့။

ကဗျာလေးကိုဖတ်ပြီး မိုးမြင့်သဇင်ရင်ထဲတွင် နင့်ခနဲခံစားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဪ ကိုထက်ရယ် တကယ်တော့ မိုးမြင့်သဇင်ဆိုတဲ့ မိန်းကလေးဟာ အသွေးမာန်မာနကြီးတဲ့ တော်ဝင်သဇင်ပန်းကလေးမှ မဟုတ်ရပါဘူး ရှင်ရယ်။ ကိုထက်ရဲ့ တံချူကလေးနဲ့ လှမ်းလက်မဆွတ်ခင်ကတည်းကကို ကိုထက်အပေါ်မှာ ကြွေကျပြီးသားဖြစ်ခဲ့တဲ့ သဇင်ပွင့်လေးတစ်ပွင့်ရယ်ပါ။

ယုံကြည်ခြင်း မြတ်နိုးခြင်း ချစ်ခြင်းကြီးစွာဖြင့် မိုးမြင့်သဇင် တို့ထက်ရင်ခွင်ထဲကို တိုးမှီခိုဝင်မိပါလေပြီတည်း။

မျှဝေခံစားခြင်းများစွာဖြင့်…

ညို

BURMESE CLASSIC

www.burmeseclassic.com